မြဝတီ နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၃၄)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
၂၀၂၅ ခုနှစ်၊ မတ် ၁၈ ရက်၊ အင်္ဂါနေ့

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောကၠ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောကၠ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်စတင်ဖြေဆို

နေပြည်တော် မတ် ၁၇

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့တွင် စတင်ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိကြသည်။

ဦးစွာ စာမေးပွဲ ဖြေဆိုခြင်းမပြုမီ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြသည်။

ထိုသို့တက္ကသိုလ်ဝင်စာမေးပွဲများဖြေဆိုလျက်ရှိရာ တက္ကသိုလ်ဝင်စာမေးပွဲပထမနေ့ မြန်မာစာဘာသာရပ်အား နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ်(၈)မြို့နယ်ရှိ စာစစ်ဌာန ၄၇ ခု၌ စာရင်းရှိကျောင်းသား ၅၇၃၀ ဦး၊ ကျောင်းသူ ၇၁၉၆ ဦး၊ စုစုပေါင်း

စာမျက်နှာ ၅ ကော်လံ ၁ ●



ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်ကို ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုကို တွေ့ရစဉ်။

ထူးခြားသည့်နေ့အပူချိန်များ

၁၇-၃-၂၀၂၅

ချောက်	၄၄	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်	ညောင်ဦး	၄၁	ဒသမ	၈	ဒီဂရီဆဲလ်စီးယက်
မင်းဘူး	၄၂	ဒသမ	၈	ဒီဂရီဆဲလ်စီးယက်	မြင်းမူ	၄၁	ဒသမ	၆	ဒီဂရီဆဲလ်စီးယက်
မကွေး	၄၂	ဒသမ	၅	ဒီဂရီဆဲလ်စီးယက်	အောင်လံ	၄၁	ဒသမ	၄	ဒီဂရီဆဲလ်စီးယက်
ဆင်ဖြူကျွန်း	၄၂	ဒသမ	၅	ဒီဂရီဆဲလ်စီးယက်	မုံရွာ	၄၁	ဒသမ	၂	ဒီဂရီဆဲလ်စီးယက်
မြင်းခြံ	၄၂	ဒသမ	၂	ဒီဂရီဆဲလ်စီးယက်	တပ်ကုန်း	၄၁	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်

ဆောင်းပါး

ဂုဏ်ယူမြတ်နိုးတန်ဖိုးထားအပ်သော မြန်မာ့ရိုးရာသနပ်ခါး — စာ - ၁၃ သို့

ရေချိုရေငန်စပ်ဧရိယာများအတွင်း သီးထပ်စွမ်းအားတိုးတက်စေရေး — စာ - ၂၅ သို့



အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မတ် ၁၈ ရက်)

ပြည်ပပို့ကုန်လျင်မြန်ချောမွေ့စွာ တင်ပို့နိုင်ရေး

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏စီးပွားရေးမောင်းနှင်အားပိုမိုကောင်းမွန်ရေးကို ရှေးရှုဆောင်ရွက်လျက်ရှိရာ တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍတိုးမြှင့်ရေးကိုဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတွင်းမှထွက်ရှိသောကုန်ထုတ်လုပ်ငန်းများမှ အရည်အသွေးမြှင့်ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့ရောင်းချနိုင်ခြင်းအားဖြင့် ပြည်ပဝင်ငွေများပိုမိုဝင်ရောက်လာမည်ဖြစ်သည်။ ပြည်ပသို့ကုန်ပစ္စည်းများတင်ပို့ရာတွင် အဓိကအားဖြင့် မြန်မာ့ဆိပ်ကမ်းသည်အရေးပါသည့်ကဏ္ဍတစ်ရပ်ဖြစ်သည်။

မြန်မာနိုင်ငံ၏ဆိပ်ကမ်းသည် အရှေ့တောင်အာရှတွင် ပို့ကုန်များအဓိကတင်ပို့သည့်ဆိပ်ကမ်းတစ်ခုဖြစ်ဖူးသည်။ ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် ပို့ကုန်များတင်ပို့မှုလျော့နည်းလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံအနေဖြင့် ရင်ဆိုင်နေရသည့်အခက်အခဲများ၊ ကန့်သတ်ချက်များကိုကျော်လွှား၍ ပို့ကုန်များပိုမိုတင်ပို့နိုင်ရေးနည်းလမ်းများကိုရှာဖွေဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မတ်လ ၁၅ ရက်တွင် အလုံမြို့နယ်ရှိ Asia World Port Terminal-AWPT ဆိပ်ကမ်းသို့သွားရောက်၍ ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများနှင့်ကုန်သွယ်မှုဆိုင်ရာအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ တာဝန်ရှိသူများ၏ရှင်းလင်းတင်ပြချက်များအပေါ် လမ်းညွှန်မှာကြားစဉ် **"မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် သင်္ဘောများဆိုက်ကပ်ခွင့်ခွဲဝေပေးရာတွင် ဆိပ်ကမ်းများ၌မှု၍ ဆိုက်ကပ်ခွင့်ပေးရန်လိုကြောင်း၊ ဝင်ရောက်လာသည့်သင်္ဘောအမျိုးအစားများအလိုက်၊ အရွယ်အစားအလိုက် ဆိပ်ကမ်းများတွင် ဆိုက်ကပ်ခွင့်အား စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ မြန်မာ-ကိုရီးယားချစ်ကြည်ရေး (ဒလ)တံတားစီမံကိန်းပြီးစီးသွားပါက ဖြစ်ပေါ်လာနိုင်မည့် သင်္ဘောဝင်/ထွက်ကန့်သတ်မှုများကို ကြိုတင်တွက်ဆပြင်ဆင်ထားရန်လိုကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ပို့ကုန်ကဏ္ဍတိုးမြှင့်နိုင်ရေးအတွက် ထုတ်ကုန်များကိုပိုမိုထုတ်လုပ်ကြရမည်ဖြစ်သည်။ အထူးသဖြင့် ဆန်စပါး၊ ပဲနှင့်ပြောင်းတို့မှာ ပြည်ပဈေးကွက်ရှိထားပြီးဖြစ်သည်။ စက်မှုစိုက်ပျိုးရေးထုတ်ကုန်များကိုလည်းတင်ပို့နိုင်ပြီး ထုတ်လုပ်မှုကို ယခုထက်ပိုမို၍တိုးတက်အောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဈေးကွက်ရှိပြီးဖြစ်သည့်ရော်ဘာနှင့်ကော်ဖီတို့ကဲ့သို့ ထုတ်ကုန်များကိုလည်း အရည်အသွေးပြည့်မီသည့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့သွားနိုင်ရန်လိုအပ်သည်။ ထုတ်လုပ်မှုတိုးမြှင့်ရန် စိုက်ကဏများ တိုးချဲ့ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင်ရှိပြီးဖြစ်သည့် ရေခံမြေခံကောင်းများနှင့်လူသားအရင်းအမြစ်များကိုအသုံးချ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများတိုးတက်ပြောင်းလဲလာမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများက တန်ဖိုးမြှင့်ကုန်ပစ္စည်းအထိထုတ်လုပ်နိုင်ကြရမည်ဖြစ်သည်။ ပို့ကုန်များတိုးမြှင့်ရရှိရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပန်းတိုင်ရည်မှန်းချက်ပြည့်မီပြီး အထွက်နှုန်းကောင်းမွန်မှသာလျှင် ပြည်ပပို့ကုန်များလည်းတိုးတက်လာမည်ဖြစ်သည်။

စီးပွားရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် "ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး"ကို အောင်မြင်အောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဆီထွက်သီးနှံများကို ပိုမိုတိုးတက်အောင်ထုတ်လုပ်နိုင်ခြင်းဖြင့်လည်း ပြည်ပမှစားသုံးဆီတင်သွင်းနေရမှုများကိုလျှော့ချနိုင်မည်ဖြစ်သည်။

ပြောင်းစိုက်ပျိုးမှုနှင့်ပတ်သက်၍ ပြောင်းကုန်ကြမ်းများကို ကုန်ကြမ်းအစားထိုးတန်ဖိုးမြှင့်ပစ္စည်းများအဖြစ်ထုတ်လုပ်တင်ပို့နိုင်ရေး အဆင့်ဆင့်ပြုပြင်ပြောင်းလဲဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်မှသာလျှင် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုကိုလည်းအထောက်အကူပြုစေမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက လုပ်ငန်းရှင်များအနေဖြင့် ပြောင်းစက်ရုံများတည်ဆောက်၍ ပြောင်းမှပြောင်းထုတ်ကုန် ကုန်ချောထုတ်လုပ်မှုများကိုလည်း အဆင့်အလိုက်ပြောင်းလဲဆောင်ရွက်သွားရန် အားပေးလျက်ရှိသည်။

ဆန်တင်ပို့မှုနှင့်ပတ်သက်၍ အရည်အသွေးပြည့်မီသည့်ဆန်များကို ကြိတ်ခွဲထုတ်လုပ်နိုင်ရန်လိုအပ်သည်။ ပြည်ပသို့တန်ဖိုးမြင့်ပြီး အရည်အသွေးပြည့်မီသည့်ဆန်များကိုတင်ပို့ကြရမည်ဖြစ်သည်။ သီးထပ်စိုက်ပျိုးခြင်းများကို အောင်မြင်အောင်ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးထွက်ကုန်များနှစ်ဆတက်လာမည်ဖြစ်ပြီး ကုန်ချောထုတ်ကုန်များသည်လည်းတိုးတက်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံမှထုတ်လုပ်သည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအား ပြည်ပသို့တင်ပို့မှုကို လျင်မြန်ချောမွေ့စွာပြင်ဆင်နိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်က အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ငွေကြေးကဏ္ဍ၌ခိုင်မာတောင့်တင်းသည့်လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံနှင့်ပြည်သူလူထု၏ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးကို တိုက်ရိုက်အထောက်အကူပြုသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံခြင်းကိုဦးစားပေးဆောင်ရွက်ကြမည်ဆိုပါက ပြည်ပသို့ပြည်တွင်းထုတ်ကုန်များ လျင်မြန်ချောမွေ့စွာတင်ပို့နိုင်မည်ဖြစ်ပါကြောင်း။ ။

၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး(၃)ခု ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှအားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏လူမှုဘဝလုံခြုံရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များကူညီဆောင်ရွက်ပေးရေး။

မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

မော်လိုက် မတ် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်တိန်သာကျေးရွာနှင့်ကင်းတပ်ကျေးရွာတို့၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မတ်လ ၁၇ ရက်တွင် ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ မော်လိုက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးပပထွန်းက ကျေးရွာနေပြည်သူများ သန့်ရှင်းသောသဘာဝပတ်ဝန်းကျင်နှင့် ကောင်းမွန်သောလူနေမှုစနစ်များ၊ ရရှိစေရန် ကျေးရွာများ၌ ကျေးရွာစွန့်ပစ်အမှိုက်များ၊ ကန်များ ဆောင်ရွက်ထားပြီး အမှိုက်များစနစ်တကျစွန့်ပစ်ရေး ကျေးရွာပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ရေး၊ သစ်တောသစ်ပင်များ ကာကွယ်ထိန်းသိမ်းရေး စသည့်အကြောင်းအရာများကိုလည်းကောင်း၊ သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်မိုးက သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဂေဟစနစ်များကောင်းမွန်စေရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးအကြောင်းအရာများကိုလည်းကောင်း ဆွေးနွေးဟောပြောသည်။

ထို့နောက် အသိပညာပေးဟောပြောပွဲသို့တက်ရောက်လာကြသူများက မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာဆွေးနွေးဟောပြောသည့်အကြောင်းအရာများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကိုမေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးပြီး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြောင်းသိရသည်။

အောင်ရဲကျော်

သဇင်(FM)အသံလွှင့်အစီအစဉ်

၁၈-၃-၂၀၂၅(အင်္ဂါနေ့)

၁။ ၀၈:၀၀ နလုံးသားဝယ်ဘုရားတည်
၂။ ၁၁:၅၀ လှပကျန်းမာ
၃။ ၁၄:၅၀ Speech On Air
၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း
၅။ ၁၇:၀၀ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ
၆။ ၂၁:၂၀ Memory Box

မြဝတီ ခုနှစ်၉၉
MyawadyDaily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်းမှူး(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း


စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်လမ်းမကြီး၊ ပုဇွန်ဒိုင်ဖြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဖေဖြော်လ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm





၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတင်ဖြေဆို

နေပြည်တော် မတ် ၁၇

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ယနေ့ စတင်ကျင်းပလျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေအတွင်း၌လည်း သက်ဆိုင်ရာ စာစစ်ဌာနများအလိုက် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုကြမည့်ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့ဖြေဆိုကြမည့် စာစစ်ဌာနများသို့ အချိန်မီရောက်ရှိလာကြရာ တာဝန်ကျ ဆရာ၊ ဆရာမများက စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန် စစ်ဆေးခြင်း၊ ဖြေဆိုကြမည့် အခန်းများအတွင်း၌လည်း ကျောင်းသား၊ ကျောင်းသူများ လိုက်နာရမည့် စာမေးပွဲဆိုင်ရာ စည်းကမ်းချက်များ ရှင်းလင်းပြောကြားခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။





"ဒီစာစစ်ဌာနမှာ အထက(၅)၊ အထက(၆)၊ စိုးစံကိုယ်ပိုင်အထက်တန်းကျောင်းနဲ့ အလွတ်ဖြေတို့ ဖြေဆိုကြမှာဖြစ်ပါတယ်။ ဘာသာတွဲအလိုက် ဒီစာစစ်ဌာနမှာ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၃၇၄ ဦး ဖြေဆိုမှာဖြစ်ပါတယ်။ တစ်ခန်းကို ကျောင်းသား၊ ကျောင်းသူဦးရေ၃၀ စီဖြေဆိုမှာဖြစ်ပြီး စာဖြေခန်း စုစုပေါင်း ၁၃ ခန်း ဖြစ်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်ခန်းနဲ့ အရန်အခန်းတွေလည်း ထားရှိပါတယ်။ ဒီကျောင်းမှာ ကတ်ထုတ်ဝေပေးတာကအစ အားလုံးအဆင်ပြေချောမွေ့ပါတယ်" ဟု အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတွင် ကြီးကြပ်ရေးမှူးအဖြစ် ဆောင်ရွက်နေသည့် ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းစမ်းမော်က ပြောကြားသည်။

နေပြည်တော်ကောင်စီနယ်မြေ ဒကွိဏသီရိမြို့နယ်ရှိ စာစစ်ဌာန နှစ်ခု၊ လယ်ဝေးမြို့နယ်ရှိ စာစစ်ဌာန ၁၀ ခု၊ ဇမ္ဗူသီရိမြို့နယ်ရှိ စာစစ်ဌာန ခြောက်ခု၊ ပျဉ်းမနားမြို့နယ်ရှိ စာစစ်ဌာန ငါးခု၊ ပုဗ္ဗသီရိမြို့နယ်ရှိ စာစစ်ဌာန ငါးခု၊ ဇေယျာသီရိမြို့နယ်ရှိ စာစစ်ဌာန ငါးခု၊ ဥတ္တရာသီရိမြို့နယ်ရှိ စာစစ်ဌာန ခြောက်ခု၊ တပ်ကုန်းမြို့နယ်ရှိ စာစစ်ဌာန ရှစ်ခုတို့တွင် ကျောင်းသား ၅၄၈၄ ဦး၊ ကျောင်းသူ ၇၀၆၈ ဦး စုစုပေါင်း ၁၂၅၅၂ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

"ပထမဦးဆုံးဖြေဆိုတဲ့ မြန်မာစာကိုတော့ အဆင်ပြေပြေချောချောမွေ့မွေ့နဲ့ ဖြေဆိုနိုင်ခဲ့ပါတယ်။ ကျက်ထားတာတွေတိုးတဲ့အတွက် အခက်အခဲမရှိပါဘူး။ စာမေးပွဲခန်းဝင်ခါနီး စိတ်လှုပ်ရှားမှုနည်းနည်းရှိပါတယ်။ နောက်ထပ်ဖြေဆိုမယ့် ဘာသာရပ်တွေကိုလည်း အခက်အခဲမရှိဖြေဆိုနိုင်အောင် ဆက်လက်ကြိုးစားသွားမှာ ဖြစ်ပါတယ်" ဟု တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ မောင်ပိုင်ထက်ဦးက ပြောသည်။

ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် မြို့နယ်များအလိုက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို စနစ်တကျ စီမံဆောင်ရွက်ထားကြောင်း သိရှိရသည်။


၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မတ်လ ၁၇ ရက်မှ ၂၂ ရက်အထိ တစ်နေ့ တစ်ဘာသာနှုန်းဖြင့် နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း - မျိုးဆက်သစ်
ဓာတ်ပုံ - ကိုကိုအေး

ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့် သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇောဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများ ခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင် လျော့နည်းမှုဖြစ်ပွားနေသဖြင့်ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်းစသည့်နည်းလမ်းများအား ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀)စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကိုတံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့်ကဇော်ဖတ်၊ ဝါးဇော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရရှိနိုင်သမျှ သိုလှောင်ထားပါရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက် ၆ နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သောအခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန



တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

"မန္တလေးအေဘီအမ်ကျောင်း၌ ပညာသင်ကြားစဉ် ပျဉ်းမနားမြို့မှ ကိုပုအမည်ရှိ ကျောင်းသားတစ်ယောက်သည် ကျွန်ုပ်တို့နှင့်အတူ တစ်တန်းတည်းရှိ၍ ကိုးတန်းကို တစ်ပြိုင်တည်းအောင်သွား၏။ ကိုပုသည် သီပေါဘုရင်လက်ထက်က သစ်ကြိတ်ဝန်၏သားဖြစ်လေရာ ကျွန်ုပ်၏ဖခင်နှင့်သစ်ကြိတ်ဝန်မှာ ဆွေမျိုးတော်သည်ဟု နောင်တွင် မှသိရ၍ ကိုပုနှင့် ကျွန်ုပ်မှာ ကျောင်းထွက်ခါနီးတွင် ညီအစ်ကိုတော်ကြောင်း သိရသည် . . ."

ယမန်နေ့မှအဆက်

ဖူးစာရေးနတ်

သူငယ်ချင်း ကိုဝင့်မော်ကား အလွန်စကားကြောရှည်သော လူတစ်ယောက်ဖြစ်၏။ ကျွန်ုပ်၏ဆန္ဒမှာ ရေဆိပ်၌ မြင်လိုက်ရသည့် အပျိုချောများအနက်မှ တစ်ညအတွင်း သုံးလေးယောက်မျှ မြင်တွေ့၍ မိတ်ဆက်ရန်ဖြစ်လေရာ ကိုဝင့်မော်ကမူ တစ်အိမ်သို့တက်မိလျှင် တော်တော်နှင့် ပြန်မဆင်းတတ်ဘဲ တဝါးဝါးတဟားဟားနှင့် စကားကောင်းချင်တတ်သူဖြစ်လေသည်။ တချို့သော အပျိုချောများနှင့် ၎င်းတို့၏မိဘများသည် ရန်ကုန်မြို့ကြီးမှ ရောက်လာသည့် ခေတ်ပညာတတ် မဂ္ဂဇင်းအယ်ဒီတာ စာရေးဆရာတစ်ယောက်အနေဖြင့် ကျွန်ုပ်အပေါ်၌ အထိုက်အလျောက် စိတ်ဝင်စားခြင်းရှိကြပုံရသော်လည်း ကိုဝင့်မော်နှင့် မူကား နှိုင်းယှဉ်ရန်မဖြစ်နိုင်ပေ။ တစ်အိမ်တလေတွင် မိဘလုပ်သူတို့၏ စိတ်ဝင်စားမှုကို ခံယူရရှိသော်လည်း အပျိုချောများကိုယ်တိုင်၌မူကား ဝန်ထောက်လူချောဘက်သို့ မဲတင်းလျက်ရှိခြင်းကို ကျွန်ုပ်ရိပ်မိသည်။ ကျွန်ုပ်လိုချင်သည်ကား မိဘများမဟုတ်၊ အပျိုချောများဖြစ်လေရာ ထိုအခြင်းအရာကို (၁၅) မိနစ်ခန့်အတွင်း) ကျွန်ုပ်အကဲခတ်မိသည်မှစ၍ ဖင်ပူအောင်မထိုင်ချင်တော့ဘဲ ဝတ်ကျေဝတ်ကုန်နာရီတစ်ဝက်ခန့် ထိုင်ပြီးကြကတည်းက ကျွန်ုပ်မှာ ဖင်တကြွကြွဖြစ်နေခဲ့လေပြီ။ ကျွန်ုပ်က မျက်ရိပ်ပြ၍ဖြစ်စေ၊ စကားအရိပ်အမြွက်ဖြင့်ဖြစ်စေ အချက်ပေးသော်လည်း ကိုဝင့်မော်သည်မသိချင်ပြ၍ ဟားမြဲတိုင်းဟားလျက်ရှိလေသည်။ နောက်ဆုံး၌ ကျွန်ုပ်မှာ တတ်နိုင်ပါဘူးဆိုကာ လက်လျှော့လိုက်ရလေရာ ဤသို့ဖြင့် တစ်အိမ်လျှင် အနည်းဆုံးနှစ်နာရီခန့် ကြာသောအခါမှ ဆင်းလာကြရလေသည်။ ကျွန်ုပ်ကား တစ်ညလျှင် လေးငါးခြောက်အိမ်တက်ချင်ပေရာ ကိုဝင့်မော်လုပ်ပုံနှင့်မူ နှစ်အိမ်လောက်သာ တက်နိုင်ခဲ့ကြသည်။ ဤအကြောင်းကို ကိုဝင့်မော်အားပြောပြရာ သူက "ဘာကြောင့် အရေးကြီးနေရတာလဲဗျ၊ ခင်ဗျား နက်ဖြန်ခါပြန်တော့မှာမို့လား"ဟု ပြန်မေး၍ ဖင်မြဲမြံပြီးတိုင်း မြဲပါလေတော့သည်။ သူလုပ်ပုံနှင့်ဆိုလျှင် အပျိုချောကလည်း ပေါသည်နှင့် ရွာဦးတွင်ရှိကြသော အပျိုချောများအိမ်သို့ လပေါက်လို့မှ ရောက်ပါမည်လောဟု အောက်မေ့မိသည်။ သို့ရာတွင် ကျွန်ုပ်၏ဆန္ဒကို ဖြည့်စွမ်းပေးသကဲ့သို့ရှိသော အခြင်းအရာတစ်ခု ဖြစ်ပေါ်လာရလေပြီ။ ဖူးစာရေးနတ်၏ ဖန်တီးချက်ဟုဆိုရန်မှာလည်း ကျွန်ုပ်၏နဖူးတွင် သူ၏ 'စာ'တွေ အတော်ထပ်၍ နေပေတော့မည်။ သို့သော် ဤအထဲတွင် စံဒေဝီ၏အမည်တစ်ခုပါဟန်မရှိခြင်းအတွက် အံ့သြမိသည်။ ရေးပြီးမှ ဖျက်ပစ်ခြင်းပေလောလည်း မပြောတတ်ချေ။

မတွေ့ဖူးသည့် အစ်မကြီး

နောက်တစ်နေ့၌ ကိုဝင့်မော်သည် ထီးချိုင့်ငွေတိုက်သို့သွားရန် ကိစ္စရှိသည်နှင့် ကျွန်ုပ်အား အတူလိုက်ခဲ့ဖို့ခေါ်၏။ သူ၏အကြံမှာ ကျွန်ုပ်အား ထီးချိုင့်မြို့သို့ ရောက်စေလိုသည့်အပြင် မြို့အုပ်ကတော်မှာလည်း ကျွန်ုပ်၏ အစ်မတော်စပ်ကြောင်း သူသိ၍ မိတ်ဆက်ပေးရန်ဖြစ်လေသည်။ မောင်နှင့်အစ်မဖြစ်လျက် 'မိတ်ဆက်' ဟူသောစကားကို သုံးရခြင်းမှာ အောက်ပါအကြောင်းကြောင့်ဖြစ်၏။ မန္တလေးအေဘီအမ်ကျောင်း၌ ပညာသင်ကြားစဉ် ပျဉ်းမနားမြို့မှ ကိုပုအမည်ရှိ ကျောင်းသားတစ်ယောက်သည် ကျွန်ုပ်တို့နှင့်အတူ တစ်တန်းတည်းရှိ၍ ကိုးတန်းကို တစ်ပြိုင်တည်းအောင်သွား၏။ ကိုပုသည် သီပေါဘုရင်လက်ထက်က သစ်ကြိတ်ဝန်၏သားဖြစ်လေရာ ကျွန်ုပ်၏ဖခင်နှင့် သစ်ကြိတ်ဝန်မှာ ဆွေမျိုးတော်သည်ဟု နောင်တွင်မှသိရ၍ ကိုပုနှင့် ကျွန်ုပ်မှာ ကျောင်းထွက်ခါနီးတွင် ညီအစ်ကိုတော်ကြောင်း သိရသည်။ ကိုဝင့်မော်နှင့် ကိုပုတို့သည် ရန်ကုန်ကောလိပ်ကျောင်းတွင် ဆက်လက်ပညာသင်ကြားကြစဉ် ကျွန်ုပ်အကြောင်းကို ခဏခဏပြောကြသည်ဆို၏။ ကျွန်ုပ် မြတောင်သို့ ရောက်သောအချိန်၌ ကိုပုမှာ ကွယ်လွန်ရှာပြီဖြစ်ရာ ကိုပု၏အစ်မ မြို့အုပ်ကတော် မမလေးနှင့် ကျွန်ုပ်အား မိတ်ဆက်ပေးရန် ကိုဝင့်မော်က ကျွန်ုပ်ကိုခေါ်သွားခြင်းဖြစ်လေသည်။ ကျွန်ုပ်တို့သည် ထီးချိုင့်ဘက် သို့ကူး၍ မြို့အုပ်ကတော် မမလေး၏ အိမ်သို့ရောက်ကြရာတွင် ကိုဝင့်မော်က "အစ်မကြီး သူ့ကိုသိသလား" ဟု ကျွန်ုပ်အား ညွှန်ပြကာ မေးလိုက်သဖြင့် မတွေ့ဖူးသော မောင်နှမနှစ်ယောက် မျက်နှာချင်းဆိုင်ကြည့်လိုက်ကြ၏။ ဤမိန်းမကြီးကား အလွန်စေ့စပ်၍ ဆူတတ်ပူတတ်သည်။ ရှေးအရာရှိကြီးတစ်ဦး၏သမီး ခေတ်အရာရှိတစ်ဦး၏ဇနီးပီပီ စိတ်ကြီးဝင်လိမ့်မည်ဟု ကျွန်ုပ်အကဲခတ်မိသည်။ နှုတ်ခမ်းပါးလျှာပါးရှိသော မိန်းမမျိုးကို ကျွန်ုပ်လန့်တတ်၍ မမလေးကိုမြင်လျှင် မြင်ချင်း ကျွန်ုပ်လန့်မိသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည် မင်းကတော် မမလေးအား အစ်မတစ်ယောက်အနေဖြင့် ခဏခဏတွေ့ချင်လိမ့်မည်မဟုတ်ဟု စိတ်ထဲ၌ဆုံးဖြတ်လိုက်သည်။ မမလေးက ကျွန်ုပ်အကြောင်းကို သူ့မောင် ကိုပုက ခဏခဏပြောဖူးပါသည်ဟုဆိုကာ ချိုသာသောမျက်နှာထားနှင့် နှုတ်ဆက်သော်လည်း ဤမိန်းမကြီးနှင့်ပတ်သက်၍ တွန့်သောစိတ်၊ ရွံသောစိတ်မူကား မပျောက်နိုင်ချေ။ ထိုအချိန်တွင် မြို့အုပ်ကြီးသည် ရုံးတက်လျက်ရှိရာ မမလေးသည် ကျွန်ုပ်တို့အား ကော်ဖီတိုက်ရင်း ကိုဝင့်မော်၏ နေပုံထိုင်ပုံနှင့်ပတ်သက်၍ လက်ချာပေးလေတော့သည်။ ကိုဝင့်မော်သည် လက်အောက်အမှုထမ်းများနှင့် လည်းကောင်း၊ ရွာသူရွာသားများနှင့် လည်းကောင်း အရောတဝင်နေတတ်သည်ဟု မိမိကြားရကြောင်း၊ အရောဝင်လျှင် အရှိသေတန်သည်ဆိုသော မြန်မာစကားရှိသည်ဖြစ်၍ အထက်တန်းအရာရှိတစ်ယောက်ပီပီ ဣန္ဒြေရရ တည်တည်တံ့တံ့ ခန့်ခန့်ညားညား နေတတ်ရမည်ဖြစ်ကြောင်း၊ တစ်အိမ်တက်ဆင်း လည်ပတ်ခြင်းမှာ သာမန်အရပ်သားများ၏ အလုပ်ဖြစ်၍ ဝန်ထောက်တန်းအရာရှိတစ်ယောက်အဖို့ ရာ၌ ဣန္ဒြေမဲ့လှကြောင်း စသည်များဖြင့် ရှည်လျားစွာ လက်ချာပေးလေ၏။ မထီတရီ လုပ်တတ်သောအရာတွင် ကျောင်းသားကတည်းက နာမည်ရလာခဲ့သော ကိုဝင့်မော်သည် မမလေး၏ ဩဝါဒလက်ချာများကို နားတစ်ဖက်မှ သွင်း၍ နားတစ်ဖက်မှ ထုတ်ပစ်လိုက်သည့်နယ် ပြုံးဖြဲကြီးလုပ်ကာ စားစရာများကို တွင်တွင်ကြီးစားပြီး သူနှင့်ကျွန်ုပ်နှစ်ယောက်တည်းရှိသည့်နယ် စားဖွယ်များကို ကျွန်ုပ်ဘက်သို့ တွန်းပို့ကာ ''စားပါဗျ၊ လုပ်ပါဗျ၊ သောက်ပါဗျ''ဟု တိုက်တွန်းလေ၏။ ကိုဝင့်မော်သည် မမလေး၏စကားများကို တစ်ကြိမ်မျှလည်း မကန့်ကွက်၊ တစ်ခွန်းမျှလည်း မှတ်သားနာယူခဲ့သည့် လက္ခဏာမရှိချေ။

သံဝေဂရဖွယ် တစ်ရပ်

ကျွန်ုပ်၏အစ်မ မမလေးမှာ ကျွန်ုပ်၏ မှတ်တမ်းတွင် ကြာရှည်စွာ ပါဝင်မည် မဟုတ်သောကြောင့် သူ့အဖြစ်အပျက်နှင့် ပတ်သက်၍ သံဝေဂရခဲ့မိဖူးသောအခြင်းအရာတစ်ခုကို တင်ပြခြင်းအားဖြင့် သူ့အကြောင်းကို လက်စသိမ်းလိုက်ပါတော့မည်။ မမလေး၏ခင်ပွန်း မြို့အုပ်ကြီး ဦးမြသည် မမလေးထက် အသက်ကြီးပေရာ မမလေး၏စိတ်ကူးမှာ မြို့အုပ်ကြီး ကွယ်လွန်သည့်နောက်တွင် မုဆိုးမအဖြစ်နှင့် အချိန်ကာလကြာရှည်စွာ ထိုင်စားရစ်ရှဉ်းမည်ဖြစ်သောကြောင့် ငွေစုဖို့ အရေးကြီးသည်ဆို၏။ ဤအတိုင်းလည်း ချွေချွေတာတာသုံး၍ ကျစ်ကျစ်ပါအောင် ထုပ်ထားပြီးလျှင် အထူးသဖြင့် လက်ဝတ်လက်စားများ စုဆောင်း၏။ (အိမ်ထောင်ကျစဉ်က မမလေးသည် အပျိုကြီးဖြစ်၍ ဦးမြမူကား မုဆိုးဖိုဖြစ်လေရာ သားကြီး၊ သမီးကြီးများလည်း ရှိဟန်တူသည်။) မမလေး၏စကားတစ်လုံးမှာ သူ့သမီးကြီးတွေအဖို့တော့ လက်ဝတ်လက်စားပြည့်စုံခဲ့လှပြီ၊ မိမိမှာတော့ ယခုမှ စုဆောင်းရသည်ဆိုကာ တခြားသောမြို့အုပ်ကတော်များထက် ချွေတာရေးလေ့ကျင့်သည်ဟု လူတိုင်းကပြောကြ၏။ ကုန်သင့်သည်ထက် တစ်ပြားတစ်ချပ်မျှ ပို၍မကုန်စေရဟူ၍ လည်းပြောကြ၏။ မြတောင်သို့ ကျွန်ုပ်ရောက်၍ မကြာမီအတွင်း မြို့အုပ်ကြီးမှာ တခြားတစ်နယ်သို့ ပြောင်းရွှေ့ရလေရာ ထိုနယ်သို့ရောက်၍ လပိုင်းအတွင်း၌ပင် မြို့အုပ်ကတော် မမလေးမှာ ခေါက်ခနဲ ပျက်စီးရရှာလေသည်။ မုဆိုးမအဖြစ်နှင့် ထိုင်စားဖို့ဆိုသော အထုပ်ကလေးနှင့် စိန်ရွှေလက်ဝတ်လက်စားများသည် မြို့အုပ်ဦးမြ၏ တတိယအိမ်ထောင်အတွက် ဖြစ်လေသလော သို့တည်းမဟုတ် ပထမအိမ်ထောင်မှ သမီးကြီးများအတွက် ဖြစ်လေသလောမပြောတတ်။ ကျွန်ုပ်မျက်ခြည်ပြတ်၍သွားခဲ့သည်။ သို့သော် မမလေးအတွက်မှာ (သူပြုသော ကမ္မမှတစ်ပါး) ဘာမျှပါမသွားခြင်းကား သေချာသည်။ `

ဆက်လက်ဖော်ပြပါမည်။

ပန်းတနော်မြို့နယ်၌ နွေရာသီကွန်ပျူတာသင်တန်းဖွင့်လှစ်


ပန်းတနော် မတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူများ နွေရာသီတွင် နည်းပညာများကို ကျွမ်းကျင်စွာအသုံးချနိုင်စေရန် ရည်ရွယ်၍ နွေရာသီကွန်ပျူတာသင်တန်းကို မတ်လ ၁၇ ရက်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုမောင်က နွေရာသီကျောင်းပိတ်ရက်ကာလတွင် ကွန်ပျူတာသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းအမှတ်စဉ်တစ်ခုလျှင် သင်တန်းသား ၂၀ ဦးအား သင်ကြားပို့ချသွားမည်ဖြစ်ကာ သင်တန်းကို ဧပြီလ ၁၁ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

နွေရာသီ အခမဲ့သင်တန်းများတွင် ကွန်ပျူတာသင်တန်းအပြင် ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် အတတ်ပညာ ဗဟုသုတရရှိစေမည့်သင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ချမ်းမြေ





ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်ထွေး မြစ်ကြီးနားမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့မြန်မာစာ ဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် အောင်မြေသာစံမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့မြန်မာစာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။



ကလေးမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။



ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုကို တွေ့ရစဉ်။



ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုကို တွေ့ရစဉ်။





● ရှေ့ဖုံးမှအဆက်

၁၉၂၆ ဦးတွင် ဖြေဆိုသူ ကျောင်းသား ၅၄၈၄ ဦး၊ ကျောင်းသူ ၇၀၆၈ ဦး၊ စုစုပေါင်း ၁၂၅၅၂ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ အခြေခံပညာအထက်တန်း ကျောင်းများတွင်လည်း တက္ကသိုလ်ဝင်စာမေးပွဲပထမနေ့ မြန်မာစာဘာသာရပ်ကို ဖြေဆိုလျက်ရှိရာ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်စာစစ်ဌာန၊ နိုင်ငံခြားစာစစ်ဌာနတို့၌ ဖြေဆိုသူ စာရင်းသွင်းအရေအတွက်မှာ ခရိုင်ပေါင်း (၁၀၀)ခရိုင်၊ မြို့နယ်ပေါင်း(၂၄၃)မြို့နယ်၊ စာစစ်ဌာနပေါင်း (၇၇၀)ဌာနတို့တွင် စာရင်းရှိဦးရေမှာ (၂၀၇၉၁၇) ဦးရှိပြီး လာရောက်ဖြေဆိုသူဦးရေမှာ (၁၉၆၃၃၇)ဦးရှိသည်။ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ယနေ့တွင်ကျောင်းသား၊ကျောင်းသူဖြေဆိုရာခိုင်နှုန်းမှာ (၉၄ ဒသမ ၅၉) ရာခိုင်နှုန်း ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှသိရှိရသည်။

ယင်းသို့ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာနှင့် ဘေးအန္တရာယ် ကင်းရှင်းစွာဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေး ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင် များက စနစ်တကျစောင့်ကြပ်ကြည့်ရှုပေး လျက်ရှိသည်။

ထို့သို့ ကျောင်းသား၊ ကျောင်းသူများ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ ဖြေဆိုနေမှုများကို ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန် ရှိသူများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တာဝန် ရှိသူများက သွားရောက်ကြည့်ရှုအားပေး ခဲ့ကြသည်။

အဆိုပါ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့တွင် မြန်မာစာဘာသာရပ်ကို စတင်ဖြေဆိုပြီး မတ်လ ၁၈ ရက် အင်္ဂါနေ့တွင် အင်္ဂလိပ်စာ ဘာသာရပ်၊ မတ်လ ၁၉ ရက်ဗုဒ္ဓဟူးနေ့တွင် သချိုင်္ဘာဘာသာရပ်၊ မတ်လ ၂၀ ရက် ကြာသ ပတေးနေ့တွင် ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်၊ မတ်လ ၂၁ ရက် သောကြာနေ့တွင် ရူပဗေဒဘာသာရပ် နှင့် သမိုင်းဘာသာရပ်၊ မတ်လ ၂၂ ရက် စနေနေ့တွင် ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်တို့ကို ဖြေဆိုကြရ မည်ဖြစ်ကြောင်း သတင်းရရှိသည်။

“ကျွန်မ တာဝန်ယူရတဲ့ အပိုင်းတွေ ကတော့ ဒီအ.ထ.က (၁) နေပြည်တော် စာစစ်ဌာနမှာ ကြီးကြပ်ရေးမှူးတာဝန်ယူ ထားပါတယ်။ စာမေးပွဲဖြေဆိုသူ အားလုံး ပေါင်းကတော့ ကလေး ၂၃၃ ဦး စာရင်းရှိ တင်ထားပါတယ်။ ဖြေဆိုတဲ့ဦးရေကတော့ ၂၂၃ ဦးပါ။ ဒီအ.ထ.က (၁) စာစစ်ဌာန မှာ လုံခြုံရေးအနေနဲ့ကျတော့ ကျွန်မတို့ ဒီကြီးမှူးတွေလည်းတာဝန်ယူထားတယ်။ အဲ့တာဝန်ယူတဲ့အပိုင်းက ဂိတ်ရှိမယ်။ ပွိုင့် (၄) ပွိုင့်ရှိမယ်။ ဂိတ်ကနှစ်ဦးရှိမယ်။ ပွိုင့်က (၄)ပွိုင့်ရှိမယ်။ ခရိုင်/မြို့နယ်အနေတွေနဲ့ လည်းသူတို့စောင့်ရှောက်မှုရှိတယ်။ အပြင် စည်းအနေနဲ့လည်း စောင့်ရှောက်ကြတယ်။ နောက်တစ်ခါကင်းများကျတော့ စစ်ဘက် ဆိုင်ရာ ဝန်ထမ်းတွေရှိမယ်၊ ရဲဝန်ထမ်း တွေရှိမယ်။ နောက်တစ်ခါကျန်းမာရေး။ ကျန်းမာရေးအနေနဲ့ကတော့ ကျွန်မတို့က မြို့နယ်ကျန်းမာရေးကနေ သူနာပြုသုံးဦး စေလွှတ်ထားပါတယ်။ ကျန်းမာရေးစောင့် ရှောက်ခန်းအနေနဲ့လည်း တစ်ခန်းဖွင့်လှစ် ပေးထားတဲ့အခါမှာ ဝန်ထမ်းသုံးဦးလာ ပေးတဲ့အခါမှာ မဖြေဆိုမီကနေ ကလေး တွေဖြေဆိုပြီးတဲ့အချိန်ထိအောင် အချိန်

ပြည့် တာဝန်ယူဆောင်ရွက်ပေးထား ပါတယ်။ ကျွန်မစနစ်သစ်အနေနဲ့ပြောရ မယ်ဆိုရင် ကလေးတွေက ကျွန်မတို့ စနစ်သစ်ကို သင်ကြားလိုက်ရခြင်းအားဖြင့် ကလေးများသည် ကျွန်မတို့ခေတ်ကာလ ကထက်ပိုပြီး သွက်လက်ဖျတ်လတ်တဲ့ ဉာဏ်ရည်ထက်မြက်တဲ့ကလေးတွေ ပိုမို တိုးတက်လာတယ်လို့ပဲ ကျွန်မမြင်ပါတယ်” ဟု အ.ထ.က(၁) နေပြည်တော်စာစစ်ဌာန ကြီးကြပ်ရေးမှူးက ပြောသည်။ (၁၀၀)

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့မြန်မာစာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုမြင်ကွင်း



ပုလောမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့မြန်မာစာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုကိုတွေ့ရစဉ်။



မြိတ်မြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့မြန်မာစာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုကိုတွေ့ရစဉ်။



လွိုင်လင်မြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့မြန်မာစာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုကိုတွေ့ရစဉ်။



ကျိုင်းတုံမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့မြန်မာစာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုကိုတွေ့ရစဉ်။



တောင်ကြီးမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့မြန်မာစာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုကိုတွေ့ရစဉ်။



ကွန်ဟိန်းမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့မြန်မာစာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုကိုတွေ့ရစဉ်။



ပဲခူးမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့မြန်မာစာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုကိုတွေ့ရစဉ်။



မော်လမြိုင်မြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့မြန်မာစာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုကိုတွေ့ရစဉ်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့တွင် မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၀၈၈၈၉ ဦးရှိ

နေပြည်တော် မတ် ၁၇

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းတွင် စတင်ကျင်းပရာ နိုင်ငံခြားစာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၀၈၈၈၉ ဦး ရှိကြောင်း သိရသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၃ ခုနှင့် ပြည်တွင်းစာစစ်ဌာန ၈၀၄ ခု စာစစ်ဌာနစုစုပေါင်း ၈၁၇ ခုဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၂၀၈၄၃ ဦးရှိပြီး စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၀၈၈၈၉ ဦး၊ ပျက်ကွက် ၁၁၉၅၄ ဦးရှိကာ ဖြေဆိုသူ ၉၄ ဒသမ ၅၉ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှသိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး / ပြည်နယ်များတွင် နေ့စဉ်ဖြေဆိုမှု အခြေပြဇယား

ဘာသာရပ်- မြန်မာစာ

နေ့စွဲ - ၁၇.၃.၂၀၂၅

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	ခရိုင်	မြို့နယ်	စာစစ်ဌာန	စာရင်းရှိ			ဖြေဆို			ပျက်ကွက်			ဖြေဆိုရာခိုင်နှုန်း	ပျက်ကွက်ရာခိုင်နှုန်း	မှတ်ချက်
					ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း			
၁	ကချင်	၆	၁၂	၂၂	၃၈၉၅	၆၀၇၈	၉၉၇၃	၃၃၃၇	၅၃၆၂	၈၆၉၉	၅၅၈	၇၁၆	၁၂၇၄	၈၇.၂၃%	၁၂.၇၇%	
၂	ကယား	၁	၁	၁	၄၄	၉၇	၁၄၁	၄၂	၉၀	၁၃၂	၂	၇	၉	၉၃.၆၂%	၆.၃၈%	
၃	ကရင်	၆	၇	၁၂	၁၁၇၆	၂၃၆၈	၃၅၄၄	၁၀၇၇	၂၂၇၁	၃၃၄၈	၉၉	၉၇	၁၉၆	၉၄.၄၇%	၅.၅၃%	
၄	ချင်း	၂	၂	၂	၂၀၈	၃၄၈	၅၅၆	၁၄၈	၂၆၀	၄၀၈	၆၀	၈၈	၁၄၈	၇၃.၃၈%	၂၆.၆၂%	
၅	စစ်ကိုင်း	၁၃	၂၁	၃၅	၄၁၃၁	၆၁၇၄	၁၀၃၀၅	၃၈၄၇	၆၀၁၁	၉၈၅၈	၂၈၄	၁၆၃	၄၄၇	၉၅.၆၆%	၄.၃၄%	
၆	တနင်္သာရီ	၄	၉	၁၆	၁၇၂၈	၃၀၂၉	၄၇၅၇	၁၆၂၁	၂၉၂၀	၄၅၄၁	၁၀၇	၁၀၉	၂၁၆	၉၅.၄၆%	၄.၅၄%	
၇	ပဲခူး(ရှေ့)	၃	၁၄	၃၇	၅၁၉၅	၇၇၉၀	၁၂၉၈၅	၄၈၆၇	၇၅၂၉	၁၂၃၆၆	၃၂၈	၂၆၁	၅၈၉	၉၅.၄၆%	၄.၅၄%	
၈	ပဲခူး(နောက်)	၃	၁၄	၄၅	၄၄၀၂	၅၅၀၂	၁၀၁၇၂	၄၁၁၀	၅၅၁၀	၉၆၈၅	၂၉၂	၁၉၅	၄၈၇	၉၅.၂၁%	၄.၇၉%	
၉	မကွေး	၇	၂၂	၄၉	၇၈၆၁	၁၀၇၃၉	၁၈၆၀၀	၇၄၀၇	၁၄၄၅၅	၁၇၈၆၂	၄၅၄	၂၈၄	၇၃၈	၉၆.၀၃%	၃.၉၇%	
၁၀	မန္တလေး	၁၀	၂၅	၈၉	၁၅၄၇၃	၂၀၀၂၇	၃၅၅၀၀	၁၄၇၇၄	၁၉၆၀၉	၃၄၄၈၃	၆၉၉	၄၁၈	၁၁၁၇	၉၆.၈၅%	၃.၁၅%	
၁၁	မွန်	၄	၁၀	၂၃	၃၁၆၆	၆၁၈၄	၉၃၅၀	၃၀၀၄	၅၉၆၈	၈၉၇၂	၁၆၂	၂၁၆	၃၇၈	၉၅.၉၆%	၄.၀၄%	
၁၂	ရခိုင်	၃	၃	၈	၁၄၁၇	၁၈၄၇	၃၂၆၄	၇၄၁	၈၂၃	၁၅၆၄	၆၇၆	၁၀၂၄	၁၇၀၀	၄၇.၉၂%	၅၂.၀၈%	
၁၃	ရန်ကုန်	၁၄	၄၅	၉၁	၁၇၇၉၈	၂၁၄၆၅	၃၉၂၆၃	၁၆၇၇၆	၂၀၆၉၂	၃၇၄၆၈	၁၀၂၂	၇၇၃	၁၇၉၅	၉၅.၄၃%	၄.၅၇%	
၁၄	ရှမ်း(တောင်)	၈	၂၀	၆၆	၄၈၄၂	၇၉၃၆	၁၂၇၇၈	၄၆၄၆	၇၇၆၁	၁၂၄၀၇	၁၉၆	၁၇၅	၃၇၁	၉၇.၁၀%	၂.၉၀%	
၁၅	ရှမ်း(မြောက်)	၂	၃	၄	၂၇၃	၄၁၆	၆၈၉	၂၂၄	၄၀၄	၆၅၈	၁၉	၁၂	၃၁	၉၅.၅၀%	၄.၅၀%	
၁၆	ရှမ်း(ရှေ့)	၆	၉	၁၂	၆၇၈	၁၀၆၇	၁၇၄၅	၆၅၁	၁၀၄၄	၁၆၉၅	၂၇	၂၃	၅၀	၉၇.၁၃%	၂.၈၇%	
၁၇	ဧရာဝတီ	၈	၂၆	၂၄၅	၁၄၈၇၆	၁၉၃၉၉	၃၄၂၇၅	၁၃၆၅၉	၁၈၅၈၂	၃၂၂၄၁	၁၂၁၇	၈၁၇	၂၀၃၄	၉၄.၀၇%	၅.၉၃%	
၁၈	နေပြည်တော်	၄	၈	၄၇	၅၇၃၀	၇၁၉၆	၁၂၉၂၆	၅၄၈၄	၇၀၆၈	၁၂၅၅၂	၂၄၆	၁၂၈	၃၇၄	၉၇.၁၁%	၂.၈၉%	
၁၉	နိုင်ငံခြား			၁၃	၁၁	၉	၂၀	၁၁	၉	၂၀	၀	၀	၀	၁၀၀.၀၀%	၀.၀၀%	
စုစုပေါင်း		၁၀၄	၂၅၁	၈၁၇	၉၂၉၀၄	၁၂၇၉၃၉	၂၂၀၈၄၃	၈၆၄၅၆	၁၂၂၄၃၃	၂၀၈၈၈၉	၆၄၄၈	၅၅၀၆	၁၁၉၅	၉၄.၅၉%	၅.၄၁%	

"Red Lacewing" လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးအား ရောင်းချပေးသွားမည်



နေပြည်တော် မတ် ၁၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌ တွေ့ရှိရသော လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင်သဘောထားမှတ်ချက်ပြုထားသည့် "Red Lacewing" လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးအား ၂၀၂၅ ခုနှစ် မတ်လ ၁၉ ရက် (မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် တပေါင်းလပြည့်ကျော် ၆ ရက်)ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၅ ခုနှစ်မတ်လ ၁၉ ရက် ဗုဒ္ဓဟူးနေ့တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဧမ္မူသီရိမြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲ (Grade-12) ကျောင်းသား၊ ကျောင်းသူများ မြန်မာစာဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး လိုက်လံကြည့်ရှုအားပေး





နေပြည်တော် မတ် ၁၇

နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဧမ္မူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနသို့ သွားရောက်ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲပထမနေ့ မြန်မာစာဘာသာရပ်ကို ကျောင်းသား၊ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုအား လှည့်လည်ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား၊ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အခန်း တာဝန်ကျကြီးကြပ်ရေးမှူးများ၊ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အထောက်အကူပြုအဖွဲ့များအနေဖြင့် ကျောင်းသား၊ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်၊ စာမေးပွဲဖြေဆိုသူနှင့် စာမေးပွဲလုပ်ငန်းများ အနှောင့်အယှက်မဖြစ်စေရန် ဂရုပြုဆောင်ရွက်ကြစေလိုကြောင်း၊စာမေးပွဲဖြေဆိုသည့် စာဖြေခန်းအတွင်း လေဝင်လေထွက် ကောင်းမွန်ရေး၊ အလင်းရောင် လုံလောက်စွာရရှိရေး၊ စာမေးပွဲကိုစာမေးပွဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အောင်မြင်အောင်ကျင်းပနိုင်ရေးဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်းပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဧမ္မူသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အ.လ.က(၃) စာစစ်ဌာနသို့သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်ကို ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုအား လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ စာစစ်ဌာန စုစုပေါင်း ၄၇ ခုတွင် စာမေးပွဲဖြေဆိုရန်ကျောင်းသား၊ကျောင်းသူ စုစုပေါင်း ၁၂၉၂၆ ဦး စာရင်းပေးသွင်းကြပြီး ၁၂၄၅၃ ဦး ဝင်ရောက်ဖြေဆိုရာ ရာခိုင်နှုန်းအားဖြင့် ၉၆ ဒသမ ၃၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

(သတင်းစဉ်)

ဝိုင်းဝန်းစောင့်ရှောက်ရန်လိုအပ်သော သက်ကြီးရွယ်အိုကျန်းမာရေး

ဒေါက်တာဥမ္မာစော

သက်ကြီးရွယ်အိုများကို သက်တမ်းအရ အသက် ၆၀ နှစ်အထက်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ သတ်မှတ်ထားသည်။ ဆေးပညာသဘောအရ အသက် ၆၀ မှ ၇၄ နှစ်ကြားကို အိုစအရွယ်၊ အသက် ၇၅ နှစ်မှ ၈၄ နှစ်ကြားကို အိုလယ်အရွယ်နှင့် အသက် ၈၅ နှစ်အထက်ကို အိုမင်းမစွမ်းအရွယ်ဟုလည်း သတ်မှတ်ပါသည်။ သို့ရာတွင် သက်တမ်းအရ အိုရွယ်ခြင်းကို မသတ်မှတ်နိုင်ပေ။ တချို့သောသူများတွင် လောကဓံအခက်အခဲပေါင်းများစွာ၊ ရောဂါဝေဒနာများစွာ ခံစားနေရသဖြင့် ရိုရင်းစွဲအသက်ထက် အိုမင်းနေရသကဲ့သို့ လူကြီးတချို့မှာ အသက် ၇၀ ကျော်ရှိနေသော်ငြားလည်း သွက်လက်ဖျတ်လတ်၊ စီမံခန့်ခွဲလုပ်ဆောင်နေနိုင်သည်ကို တွေ့ရပါသည်။

သက်ကြီးရွယ်အိုများကို တချို့သောလူ့ဘောင်အဖွဲ့အစည်းတွင် ဉာဏ်ပညာကြီးသူ၊ လေးစားခံထိုက်သူဟုသတ်မှတ်သော်လည်း ယဉ်ကျေးမှုအဖွဲ့အစည်းတချို့၌ ပြုစုစောင့်ရှောက်ရန်လိုအပ်သော၊ အားနည်းသောလူတန်းစားတစ်ရပ်ဟုမှတ်ယူကြသည်။ မြန်မာ့လူ့ဘောင်ယဉ်ကျေးမှုတွင် မိအို၊ ဖအို၊ သက်ကြီးရွယ်အိုများအား မိသားစုဝင်များက အိမ်ဦးခန်းခံထားကာ ကျွေးမွေးပြုစုစောင့်ရှောက်ကြသည့်အပြင် လေးစားစွာဦးစားပေးဆက်ဆံကြပါသည်။

အသက်အရွယ်ရလာသည်နှင့်အမျှ ခန္ဓာကိုယ်အတွင်းပြုပြင်ပြောင်းလဲလာမှုများ

အသက်ကြီးလာသည်နှင့်အမျှ ခန္ဓာကိုယ်တွင်းပြောင်းလဲမှုများကြောင့် ကျန်းမာရေးအခြေအနေမှာ တဖြည်းဖြည်းအားနည်းလာပြီး လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းများကျဆင်းလာသည့်အပြင် ရောဂါများ တစ်စတစ်စနှင့် အလွယ်တကူဝင်ရောက်လာကြသည်။ နလုံးသွေးကြောဆောင်ရွက်မှုများကိုကြည့်ပါက နလုံးညှစ်အားကျဆင်းလာပြီး သွေးလည်ပတ်မှုလျော့နည်းလာသည်။ သွေးကြောနံရံများမာလာသဖြင့် သွေးပေါင်ချိန်မြင့်တက်လာကာ သွေးတိုးရောဂါဖြစ်နိုင်ခြေများလာပါသည်။ ခန္ဓာကိုယ်လှုပ်ရှားမှုနည်းပါးလာခြင်းနှင့် လိုက်လျောညီထွေဖြစ်စေရန် နှလုံးခုန်တုံ့ပြန်မှုများလည်း နှေးကွေးလာသည်။ အဆုတ်တွင်း လေဝင်လေထွက်ကောင်းမွန်အောင် အဆုတ်ကျယ်ပြန့်နိုင်စွမ်း လျော့နည်းလာသောကြောင့် ခန္ဓာကိုယ်အတွက် အောက်ဆီဂျင်ရရှိနိုင်မှု၊ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် လဲလှယ်နိုင်မှုများအားနည်းလာကြသည်။ ထိုသို့ လုပ်ဆောင်နိုင်စွမ်းနည်းလာခြင်းသည် အသက်ရှူခြင်းကို အထောက်အပံ့ပြုသောကြွက်သားများ အားနည်းလာခြင်းကြောင့်လည်းဖြစ်သည်။ ချွဲသလိပ်များ ကောင်းစွာမဟပ်ထုတ်နိုင်ခြင်းနှင့်အတူ ကိုယ်ခံစွမ်းအားကျဆင်းလာသောကြောင့် အဆုတ်တွင်းပိုးဝင်ရောင်ရမ်းမှုများ ပို၍ရှိလာနိုင်ပါသည်။

ခန္ဓာကိုယ်တွင်းရှိ Estrogen မဟော်မုန်း၊ Testosterone ဖိုဟော်မုန်းများ အားနည်းလာသည့်အပြင် Thyroid ဟော်မုန်းထုတ်မှုနည်းလာခြင်းကြောင့် ခန္ဓာကိုယ်ရှိကြွက်သားထုများ နည်းပါးအားပျော့လာခြင်းနှင့် အတူ အရိုးများသန်မာမှုလျော့နည်းလာကြသည်။ ထို့ပြင် အရိုးအဆစ်များကြား အရိုးနုများပါးလာသောကြောင့် အဆစ်များတောင့်တင်းလာသဖြင့် လှုပ်ရှားသွားလာနိုင်စွမ်းလျော့နည်းကာ အလွယ်တကူချော်လဲ၊ အရိုးကျိုးခြင်းများဖြစ်လာနိုင်သည်။ ခန္ဓာကိုယ်ဟန်ချက်ထိန်းနိုင်စွမ်း၊ ခံစားသိမြင်နိုင်စွမ်းနည်းလာသကဲ့သို့ အကြားစွမ်းရည်၊ အရသာခံနိုင်မှုစွမ်းရည်များလည်း ကျဆင်းလာကြသည်။ မှတ်ဉာဏ်အားနည်းလာပြီး တွက်ချက်နိုင်စွမ်း၊ တွေးခေါ်မြော်မြင်နိုင်စွမ်း၊ စီမံခန့်ခွဲနိုင်စွမ်းများပါ လျော့နည်းလာသည်။ ခန္ဓာကိုယ်လှုပ်ရှားသွားလာနိုင်မှုနှင့် ဦးနှောက်စွမ်းရည်များ ကျဆင်းလာခြင်းကြောင့် စိတ်သွားတိုင်းကိုယ်မပါ၊ စိတ်အလိုမကျဖြစ်ရသကဲ့သို့ စိတ်ကျဝေဒနာများပါ ခံစားရနိုင်ပါသည်။ သက်ကြီးသတိမေ့ရောဂါ၊ နာတာရှည်ရောဂါများခံစားရခြင်း၊ အထီးကျန်ခြင်း၊ မိမိချစ်ခင်သူများဆုံးရှုံးသွားရခြင်းတို့ကြောင့်လည်း ကောင်းစွာအိပ်မပျော်၊ နေ့ညအိပ်ချိန်လွဲခြင်းမှသည် စိတ်ကယောင်ကတမ်းဖြစ်လာတတ်သည်။ ထင်ယောင်ထင်မှားဖြစ်ခြင်း၊ မိသားစုဝင်များကို အကောင်းမမြင်ခြင်း၊ သံသယဝင်ခြင်း၊ ဒေါသမထိန်းနိုင်ခြင်းနှင့်အတူ အပြုအမူနေထိုင်ပုံပြောင်းလဲလာတတ်သည်။

အစာကြေစေသည့် Enzyme များထုတ်လုပ်မှုအားနည်း၍ အစာကောင်းစွာမခြေနိုင်ခြင်း၊ သွားများကျိုးပဲ့ မစုံလင်တော့သဖြင့် ကြေညက်အောင်မဝါးနိုင်ခြင်း၊ အစာမျိုချခြင်းကိုလုပ်ဆောင်ပေးသော ကြွက်သားများအားနည်းလာသဖြင့် သီးလွယ်ခြင်း၊ အူလှုပ်ရှားမှုနည်းလာသောကြောင့် ဝမ်းချုပ်ခြင်းများ ခံစားရနိုင်သည်။ မူလကပင် အစာနည်းလာပြီး အစာချေဖျက်မှုအားမကောင်းခြင်းကြောင့် စားသလောက် အာဟာရ မပြည့်ဝဖြစ်နိုင်ပါသည်။ ထိုကဲ့သို့ အာဟာရမပြည့်ဝခြင်း၊ ကိုယ်ခံစွမ်းအား စနစ်ကျဆင်းလာခြင်းကြောင့်လည်း ရောဂါပိုးများ အလွယ်တကူဝင်ရောက်ပြင်းထန်နိုင်ပြီး ပြန်လည်နာလန်ထရန်ခက်ခဲကြသည်။ ရောဂါကာကွယ်ဆေးများကိုပင် ထိရောက်စွာတုံ့ပြန်မှုမရှိသောကြောင့် ထပ်မံထိုးနှံရန် လိုအပ်ပါသည်။ ကျောက်ကပ်မှ အညစ်အကြေးများစွန့်ထုတ်နိုင်သည့် စွမ်းရည်လျော့နည်းလာခြင်းကြောင့် ခန္ဓာကိုယ်အဆိပ်အတောက်ဖြစ်စေသော ဓာတ်သဘာဝများစုပုံလာနိုင်သည့်အပြင် သောက်သုံးနေရသော ဆေးဝါးများ၏ဆိုးကျိုးများကို ပို၍ခံစားရနိုင်ခြေရှိသည်။ Insulin ဟော်မုန်းကို တုံ့ပြန်မှုနည်းလာခြင်းကြောင့်လည်း ဆီးချိုရောဂါခံစားရစေပါသည်။

''စိတ်စွမ်းရည်ဆိုင်ရာကျင့်စဉ်များ၊ စိတ်ကို လျှော့ချပေးသည့်လေ့ကျင့်ခန်းများ လုပ်ဆောင်ခြင်း၊ တရားထိုင်၊ ပုတီးစိပ်ခြင်း၊ သဘာဝအလှအပများကို ခံစားခြင်း၊ သာယာနာပျော်ဖွယ်တေးသီချင်းများ နားထောင်ခြင်းသည် စိတ်ဖိစီးမှုလျော့နည်းကာ စိတ်စွမ်းရည်တိုးတက်စေပါသည်။ ထို့ပြင် မိသားစု၊ မိတ်ဆွေ၊ အပေါင်းအသင်း၊ ဆွေမျိုးများနှင့် အဆက်အသွယ်မပြတ်ထိတွေ့နေခြင်း၊ ဖုန်းပြောခြင်း၊ တွေ့ဆုံပွဲများကျင်းပခြင်း၊ ခရီးစုဝေးသွားခြင်းသည် စိတ်ပျော်ရွှင်မှုရစေပြီး စိတ်ကျန်းမာရေးကို ပိုမိုကောင်းမွန်စေပါသည်။ မိမိနှင့်ဆက်ဆံနေရသူများကို အကောင်းမြင်စိတ်၊ ကျေးဇူးတင်စိတ်ဖြင့်နေထိုင်ခြင်းသည် မိမိဘဝကို ပို၍ကျေနပ်ပျော်ရွှင်စေပါသည်။

သက်ကြီးရွယ်အိုများတွင် အဖြစ်များသောရောဂါများ

ထိုကဲ့သို့ အသက်အရွယ်ရလာသည်နှင့်အမျှ ခန္ဓာကိုယ်တွင်းပြောင်းလဲလာမှုများကြောင့် သွေးတိုး၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ ခြေလက်သွေးကြောများ သွေးလျှောက်နည်းလာသည့်ရောဂါနှင့် နှလုံးအားနည်းခြင်းများဖြစ်လာကြသည်။ ဦးနှောက်သွေးကြောပိတ်ဆို့မှုကြောင့် လေဖြတ်ရောဂါခံစားရနိုင်သကဲ့သို့ ဦးနှောက်တွင်း ရှိရမည့်ပုံမှန်ဓာတ်ပစ္စည်းများ မထုတ်ဘဲ ပုံမှန်မဟုတ်သောဓာတ်သဘာဝများစုပုံလာမှုကြောင့် ပါကင်ဆန်ရောဂါ(Parkinson's disease)၊ သက်ကြီးသတိမေ့ရောဂါ(Dementia) များခံစားရနိုင်ပါသည်။ ဆီးချိုရောဂါနှင့် Thyroid ဟော်မုန်းနည်းသည့် ရောဂါ၊ အဆုတ်ပွ၊ အဆုတ်ရောင်ရောဂါ၊ နာတာရှည်ကျောက်ကပ်အားနည်းရောဂါ၊ အရိုးပွ၊ အဆစ်ရောင်၊ ကျီးပေါင်းရောဂါများလည်း ခံစားကြရသည်။ အတွင်းတိမ်၊ ရေတိမ်ဖြစ်လာခြင်းနှင့်အတူ အမြင်၊ အကြားအာရုံများလည်း လျော့နည်းလာရသည်။ ခန္ဓာကိုယ်ဟန်ချက်မထိန်းနိုင်ခြင်း၊ ကြွက်သားများအားနည်းလာခြင်းကြောင့် အရိုးကျိုးလွယ်ပြီး တင်ပါးဆုံရိုး၊ ပေါင်ရိုးကျိုးကာ အိပ်ရာထဲလဲရသည့်အဖြစ်သို့ရောက်ရသည်။ ကိုယ်ခံစွမ်းအားစနစ်အားနည်းခြင်းကြောင့် ခန္ဓာကိုယ်အနှံ့ ရောဂါပိုး အလွယ်တကူဝင်ရောက်နိုင်သည့်အပြင် ကင်ဆာရောဂါကိုလည်း ခံစားကြရပါသည်။ သက်ကြီးရွယ်အိုများသည် အဓိကအားဖြင့် နှလုံးရောဂါ၊ လေဖြတ်ရောဂါ၊ ကင်ဆာရောဂါ၊ အဆုတ်ရောဂါတို့ဖြင့် အသက်ဆုံးရှုံးကြရသည်။ အသက်ရလာသည်နှင့်အမျှ ခန္ဓာကိုယ်တွင်း အထွေထွေအားနည်းနေသောကြောင့် ရောဂါတစ်ခုဝင်ရောက်လာပါက ပြန်လည်ကောင်းမွန်ရန်ခက်ခဲပြီး အသက်အန္တရာယ်တွေ့ကြုံနိုင်ပါသည်။

သက်ကြီးရွယ်အိုများ
ကျန်းမာသောလူနေမှုဘဝရစေရန် လုပ်ဆောင်သင့်သည်များ

အသက်အရွယ်ရလာသော်လည်း ကိုယ်စိတ်တက်ကြွလန်းဆန်းစွာနေထိုင်ခြင်း၊ လူမှုဆက်ဆံရေးအသိုင်းအဝိုင်းကို ဆက်လက်တည်ဆောက်ထားခြင်းဖြင့် အဓိပ္ပာယ်ရှိသောသက်ကြီးလူမှုဘဝကိုရရှိပြီး ပျော်ရွှင်နိုင်မည်ဖြစ်သည်။ ခန္ဓာကိုယ်ကျန်းမာသန်စွမ်းရေးအတွက် တတ်နိုင်သမျှ တက်ကြွစွာနေထိုင်ရပါမည်။ လူကြီးများနှင့်သင့်လျော်သော ကြွက်သားပျော့ပျောင်းစေသည့် တိုက်ချ်၊ ယောဂကဲ့သို့ လေ့ကျင့်ခန်းများ၊ နှလုံး၊ အဆုတ်ဆောင်ရွက်မှုကိုကောင်းစေသော Aerobic လေ့ကျင့်ခန်းများ၊ ကြွက်သားများကိုသန်မာစေပြီး ခန္ဓာကိုယ်ဟန်ချက်ထိန်းနိုင်သော လေ့ကျင့်ခန်းများ ပုံမှန်လုပ်ဆောင်သင့်သည်။ လေကောင်းလေသန့် ရှူရှိုက်ရင်း နေ့စဉ်လမ်းလျှောက်ခြင်းကပင် ကျန်းမာရေးကိုအထောက်အကူပြုနိုင်ပါသည်။ အသက်အရွယ်ကြီးသူများ အုပ်စုလိုက် တိုက်ချီကစားခြင်း၊ တေးသီချင်းများဖြင့်ကခုန် လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ စုပေါင်းလမ်းလျှောက်ခြင်းသည် ပို၍သွက်လက်ပျော်ရွှင်စေနိုင်မည်ဖြစ်သည်။

အာဟာရပြည့်ဝသည့် အသီးအရွက်၊ အသား၊ ငါး၊ အစေ့အဆန်၊ အသီးအနှံများကို စုံလင်စွာ ကြေညက်လွယ်အောင် ချက်ပြုတ်စားသောက်သင့်ပါသည်။ ရေကိုလည်း လုံလောက်စွာသောက်ရန် လိုအပ်သည်။ တတ်နိုင်သမျှ အိပ်ချိန်မှန်ရန်၊ အိပ်စက်မှုဝေဒနာများမခံစားရရန် တရားထိုင်၊ တရားနာခြင်း၊ မိမိအိပ်ရာနေရာကို အိပ်ချင်စဖွယ်သပ်ရပ်စွာထားခြင်း၊ လိုအပ်ပါက ဆေးဝါးအကူအညီရယူကာ ကောင်းမွန်သောအိပ်စက်ခြင်းကို ရယူကြရပါမည်။ ပုံမှန် နှစ်စဉ်ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ပြီး မိမိတွင်တွေ့ရှိသောရောဂါအလိုက် စနစ်တကျကုသမှုခံယူရမည့်အပြင် လိုအပ်သည့်ကာကွယ်ဆေးများ ထိုးနှံထားသင့်သည်။ ကျန်းမာရေးစောင့်ရှောက်ပေးမည့် ဆရာဝန်နှင့်လည်း ပုံမှန်တွေ့သင့်သည်။ ဆေးလိပ်၊ အရက်သောက်ခြင်းသည် မိမိကျန်းမာရေးကိုပိုဆိုးစေနိုင်သဖြင့် ရှောင်ကြဉ်သင့်သကဲ့သို့ ခံတွင်းသန့်ရှင်းရေးနှင့် ခြေထောက်များကို သန့်ရှင်းနေရန်လည်း ဂရုတစိုက်ဆောင်ရွက်ရပါမည်။

စာဖတ်ခြင်း၊ ခေတ်နှင့်အညီပြောင်းလဲမှုများကို မျက်ခြည်မပြတ်လေ့လာနေခြင်း၊ ဘာသာစကား သို့မဟုတ် မိမိစိတ်ဝင်စားရာပညာရပ်များကို စဉ်ဆက်မပြတ်သင်ယူလေ့လာနေခြင်း၊ ဉာဏ်စမ်းကစားခြင်းများဆောင်ရွက်ခြင်းသည် ဦးနှောက်စွမ်းရည်ကို တိုးတက်ကောင်းမွန်စေသည်။ မိမိဝါသနာပါရာအလုပ်များ ဆက်လက်လုပ်ဆောင်ခြင်းဖြင့် စိတ်တည်ငြိမ်မှု၊ စိတ်ပျော်ရွှင်မှုရစေပါသည်။ စိတ်စွမ်းရည်ဆိုင်ရာကျင့်စဉ်များ၊ စိတ်ကိုလျှော့ချပေးသည့်လေ့ကျင့်ခန်းများ လုပ်ဆောင်ခြင်း၊ တရားထိုင်၊ ပုတီးစိပ်ခြင်း၊ သဘာဝအလှအပများကိုခံစားခြင်း၊ သာယာနာပျော်ဖွယ်တေးသီချင်းများနားထောင်ခြင်းသည် စိတ်ဖိစီးမှုလျော့နည်းကာ စိတ်စွမ်းရည်တိုးတက်စေပါသည်။ ထို့ပြင် မိသားစု၊ မိတ်ဆွေ၊ အပေါင်းအသင်း၊ ဆွေမျိုးများနှင့် အဆက်အသွယ်မပြတ်ထိတွေ့နေခြင်း၊ ဖုန်းပြောခြင်း၊ တွေ့ဆုံပွဲများကျင်းပခြင်း၊ ခရီးစုဝေးသွားခြင်းသည် စိတ်ပျော်ရွှင်မှုရစေပြီး စိတ်ကျန်းမာရေးကို ပိုမိုကောင်းမွန်စေပါသည်။ မိမိနှင့်ဆက်ဆံနေရသူများကို အကောင်းမြင်စိတ်၊ ကျေးဇူးတင်စိတ်ဖြင့်နေထိုင်ခြင်းသည် မိမိဘဝကို ပို၍ကျေနပ်ပျော်ရွှင်စေပါသည်။

ထို့ပြင် သက်ကြီးရွယ်အိုများအတွက် လုံခြုံဘေးကင်းစေမည့် နေထိုင်ရာဝန်းကျင်ကို ဖန်တီးပေးရန်လိုသည်။ ချော်မလဲစေရန် ရေချိုးခန်းတွင် မလဲနိုင်သည့် အခင်းများခင်းပေးခြင်း၊ အိမ်သာအထလွယ်ကူစေရန်နှင့် ရေချိုးခန်းအတွင်း အဆင်ပြေစေရန် လက်ကိုင်တန်းများတပ်ဆင်ခြင်း၊ အခန်းတွင်း အလင်းရောင်လုံလောက်စွာထားခြင်း၊ လိုအပ်သောပစ္စည်းများ အခန်းအတွင်း အလွယ်တကူရရှိအောင်ပြုလုပ်ပေးခြင်း၊ သွားလာမှုလွယ်ကူစေသည့် အကူတုတ်ကောက်၊ Wheel Chair များထားရှိခြင်း၊ နားကြားကိရိယာတပ်ဆင်ခြင်း စသည့်အထောက်အပံ့များပေးထားရပါမည်။ ခေတ်နှင့်အညီ လူမှုကွန်ရက်မှသတင်းများသိနိုင်ရန်၊ ရုပ်ရှင်၊ ဗီဒီယိုများကြည့်နိုင်ရန်၊ TV ၊ စမတ်ဖုန်းများအသုံးပြုတတ်ရန် သင်ကြားပေးရန်လိုပါသည်။ စိတ်ခံစားချက်ကိုပြောဆိုနိုင်သော စကားပြောဖော်မိတ်ဆွေအပေါင်းအသင်းများရှိခြင်း၊ အဖော်ပြုစောင့်ရှောက်မည့်သူ ဆွေမျိုးသားချင်းများထားရှိခြင်း၊ မိသားစုမှလည်း သည်းခံနားလည်မှုဖြင့် ဖြစ်ချင်သည်များကို ဖြည့်ဆည်းပေးခြင်းဖြင့် အထီးကျန်မှုဝေဒနာမှကင်းဝေးနိုင်မည်ဖြစ်သည်။ မိမိကိုးကွယ်ရာဘာသာအလိုက် ဘာသာရေးအဆုံးအမများ လက်ခံကျင့်သုံးစေခြင်းဖြင့်လည်း စိတ်ကျေနပ်မှု၊ စိတ်အေးချမ်းမှုကို ရစေနိုင်ပါသည်။

သက်တမ်းအရ အိုမင်းလာသောကြောင့် ခန္ဓာကိုယ်၊ စိတ်ပိုင်းနှင့် ဦးနှောက်စွမ်းရည်များကျဆင်းလာသော်လည်း ကျန်းမာသောနေထိုင်မှုဘဝကို ကျင့်သုံးနေထိုင်ခြင်းဖြင့် ဘဝကို အနှစ်သာရရှိစွာနေထိုင်ကာ အိုမင်းခြင်းကိုနှေးသွားအောင် လုပ်ဆောင်ကြရပါမည်။ အိုခြင်းသဘောနှင့် နောက်ဆက်တွဲဖြစ်စဉ်များကို မိမိကိုယ်တိုင်က နားလည်သဘောပေါက်ရန်လိုအပ်ပြီး မိသားစု၊ မိတ်ဆွေအသိုင်းအဝိုင်းမှလည်း ဝိုင်းဝန်းဖေးမကူညီစောင့်ရှောက်ကြရမည်ဖြစ်သည်။ အစိုးရအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများမှလည်း ခိုကိုးရာမဲ့ဘိုးဘွားများကို စနစ်တကျပြုစုစောင့်ရှောက်ခြင်း၊ တတ်စွမ်းသူများက ဝိုင်းဝန်းကူညီပံ့ပိုးခြင်းဖြင့် သက်ကြီးရွယ်အိုများ၏ဘဝစိုပြည်စေရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ညောင်ရွှေမြို့၌ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အစည်းအဝေးကျင်းပ

ညောင်ရွှေ မတ် ၁၇

၁၃၈၆ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအစည်းအဝေးကို မတ်လ ၁၆ ရက် မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့ မြို့မရန်ကုန်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အစည်းအဝေးတက်ရောက်လာကြသည့် ဆရာတော်၊ သံဃာတော်များနှင့် ဧည့်ပရိသတ်များက နမော်တဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အစည်းအဝေးကို စတင်ပြီး မြို့နယ်သာသနာရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခန့်ထူးဇော်က စာမေးပွဲဆိုင်ရာများကို လျှောက်ထားတင်ပြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာလင်းက သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားတင်ပြပြီး မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် နှင့် ကြွရောက်တော်မူလာကြကုန်သော ဆရာတော်များက ဩဝါဒများအသီးသီးမြွက်ကြားကြပြီးနောက် အထွေထွေကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြသည်။

အဆိုပါအစိုးရပါဠိပထမပြန်စာမေးပွဲတွင် ဓမ္မာစရိယစာမေးပွဲကို ၁၃၈၆ ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ ရက်(မတ်လ ၂၅ ရက်)မှ ၁၃၈၆ ခုနှစ်နှောင်းတန်ခူးလဆန်း ၅ ရက် (ဧပြီလ ၂ ရက်) အထိလည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို ၁၃၈၆ ခုနှစ်နှောင်းတန်ခူးလဆန်း ၃ ရက်(မတ်လ ၃၁ ရက်)မှ ၁၃၈၆ ခုနှစ် နှောင်းတန်ခူးလဆန်း ၉ ရက်(ဧပြီလ ၆ ရက်)အထိလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **စိုင်းအယ်ဘဲ**

အခြေခံပညာဆရာ၊ ဆရာမများ ပညာရေးနှင့်သင်ပြနည်းပညာ ဒီပလိုမာသင်တန်းဖွင့်လှစ်နိုင်ရေး နည်းပြသင်တန်းဆင်းပွဲကျင်းပ

ထားဝယ် မတ် ၁၇

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်ပညာရေးဒီဂရီကောလိပ် တိကွပညာခန်းမ၌ ၂၀၂၅ ခုနှစ် အခြေခံပညာဆရာ၊ ဆရာမများ ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာသင်တန်းဖွင့်လှစ်နိုင်ရေး နည်းပြသင်တန်းဆင်းပွဲကို မတ်လ ၁၆ ရက်ညနေပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြားသည်။

ထို့နောက် ထားဝယ်ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်နီနီသန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



အဆိုပါသင်တန်းသို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ မဟာပညာရေးဘွဲ့ရ ဆရာ၊ ဆရာမ ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ကျော်ကျော်လတ်

နွေသီးနှံရေသွင်းနှမ်းစိုက်ပျိုးမည့်တောင်သူများအား နွေသီးနှံရေသွင်းနှမ်းမျိုးစေ့များပေးအပ်

ပွင့်ဖြူ မတ် ၁၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် အရည်အသွေးမြင့်ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ကန်ထရိုက်လယ်ယာစနစ်ဖြင့် ရေသွင်းနှမ်းဧက ၃၀၀၀ ကျော် စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ရာ မတ်လ ၁၆ ရက်က ကန်ထရိုက်လယ်ယာစနစ်ဖြင့် အကျိုးတူပူးပေါင်းစိုက်ပျိုးမည့် ဒေသခံတောင်သူများကို မျိုးကောင်းမျိုးသန့် နှမ်းမျိုးစေ့များ ပေးအပ်ကြောင်း သိရသည်။



"ကန်ထရိုက်လယ်ယာစနစ်နဲ့ ရေသွင်းနှမ်းစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ရာ ဒေသခံတောင်သူတွေကို မျိုးကောင်းမျိုးသန့်နှမ်းမျိုးများကို ဖြန့်ဝေပေးတာဖြစ်ပါတယ်၊ ဖြန့်ဝေပေးတဲ့ နှမ်းမျိုးတွေက ဆင်းရတနာ (၁၄) နှမ်းနက်နဲ့ဂျပန်နှမ်းဖြူဖြစ်ပါတယ်။ ရေသွင်းနှမ်းများစိုက်ပျိုးရာမှာ မျိုးစေ့ထုတ် စိုက်ကွက် ၁၅၅ ဧကနဲ့ရိုးရိုးစိုက်ကွက် ၃၁၇၆ ဧက စိုက်ပျိုးဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင်အသင်း(FFA)ဥက္ကဋ္ဌ ဦးမြင့်အောင်က ပြောသည်။

ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင်အသင်း(FFA)က မြို့နယ်အတွင်း သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်စေရေး၊ အရည်အသွေးမြင့်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းစေရန် မြေဆီလွှာနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး စသည့်တောင်သူအကျိုးပြုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈-၃-၂၀၂၅(အင်္ဂါနေ့)

၁။ ဝ၆:၀၀ မေတ္တာပို့
၂။ ဝ၈:၀၀ မောင်မယ်လေးများ သိစေချင်
၃။ ဝ၉:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၄။ ၁၀:၀၀ နိုင်ငံတကာသတင်း
၅။ ၁၁:၀၀ မြန်မာသံစဉ်ချိုနားဝင်
၆။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၇။ ၁၃:၀၀ အမှတ်တရနေ့ရက်များ
၈။ ၁၄:၀၀ ဝေမျှဆွေးနွေးလူငယ့်အရေး
၉။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း ဝေလည်းမွေးကြွေလည်းမွေး (ဇာတ်သိမ်းပိုင်း)**
သရုပ်ဆောင်–ကျော်ဟိန်း၊ဌေး၊ တင့်တင့်ထွန်း
ဒါရိုက်တာ–ခင်မောင်ဦး၊ စိုးသိမ်းထွဋ်

တိုင်းပြည်အင်အား ဂုဏ်မြင့်မား

➢ လေးသစ္စာ ဦးထိပ်ရွက်လို့
မပျက်တမ်း ကျေပွန်စွာ။
ဒို့တာဝန် အရေးသုံးပါး
လေးစားလိုက်နာ။
စစ်သည်တိုင်း တာဝန်မှာ
စဉ်အလာ ကောင်းမြတ်ဖို့။
ခိုင်မာသော ဇွဲလုံ့လနှင့်
ကြိုးစားကြစို့။

➢ ကျင့်ဝတ်ခြောက်ဆယ် ရင်မှာထား
အားဆယ်ပါး ရှိစေမည်။
တပ်မတော်စဉ်လာ ဆယ့်နှစ်ရပ်
စွဲမှတ်ဂုဏ်ရည်။
စိတ်ဓာတ် စည်းကမ်း သစ္စာတည်
သုံးရပ်စွမ်းရည် စည်းလုံးမှုနှင့်။
မျိုးဇာနည် တပ်မတော်သားတို့
ပြည့်အင်အားမြင့်။

➢ တိုင်းပြည်သာယာ ဝပြောလို့
သောကကင်း ပျော်ရွှင်စေ။
စားရေရိက္ခာ ဖူလုံရေး
မြော်တွေးကာနေ။
အဖျက်ရန်အပေါင်း ကင်းဝေးစေ
ကာကွယ်နေ တပ်မတော်သား။
ပြည့်ဂုဏ်ကို တိုးကာမြှင့်လို့
ရေမြင့်ကြာအလား။

➢ နှစ်ရှစ်ဆယ် တပ်မတော်နေ့
ချမ်းမြေ့လို့ ရောက်ရှိနေ။
ပြည်သာယာ အလှတိုး
ဖွံ့ဖြိုးစည်ဝေ။
စွန့်လွှတ်စွန့်စားတာဝန်ကျေ
တို့မြန်ပြေ(ပြည်) တည်တံ့ရေး။
ပြည့်ဝန်တာ ကျေပွန်မှန်းလို့
ထမ်းဆောင်ကြလေး။ ။

မောင်မောင်အေး(ဘိုကလေး)

ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းအမှတ်စဉ် (၇ / ၂၀၂၅) ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်

နေပြည်တော် မတ် ၁၇



ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းအမှတ်စဉ် (၇/၂၀၂၅)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်-၃ အစည်းအဝေးခန်းမ-၂ ၌ ကျင်းပသည်။

ဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ယခုသင်တန်းတွင် သင်ကြားပို့ချပေးမည့် ဥပဒေနှင့်သက်ဆိုင်သည့် အကြောင်းအရာများအား သင်တန်းနည်းပြများနှင့်အပြန်အလှန်သင်ကြား၊သင်ယူဆွေးနွေးကြရန်နှင့် သင်တန်းမှရရှိလာသည့် ဥပဒေဆိုင်ရာဗဟုသုတများကို မိမိဝန်ကြီးဌာနတွင် လုပ်ကိုင်ဆောင်ရွက်နေသည့် ကဏ္ဍများတွင် အကျိုးရှိရှိ အသုံးချသွားရန် လိုအပ်ကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းများကို (၆) ကြိမ်ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုသင်တန်းသည် (၇) ကြိမ်မြောက် သင်တန်းဖြစ်ကာ လာမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများအတွက် သင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြပြီး သင်တန်းကို ၂၈ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်

နေပြည်တော် မတ် ၁၇

ကျောင်းသား၊ ကျောင်းသူ လူငယ်များ အနေဖြင့် နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကို အကျိုးရှိရှိအသုံးချပြီး ဘာသာ၊ သာသနာကို အရှည်တည်တံ့တိုးတက်ခိုင်မြဲအောင်ဆောင်ရွက်နိုင်သည့် နိုင်ငံ့သားကောင်း/ သမီးကောင်းရတနာများ ဖြစ်စေရန်ရည်ရွယ်၍ ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင်အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရန်အောင်မြင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူးဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ/ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက သင်တန်းအထောက်အကူပြုပစ္စည်းများ ပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးနှင့်သင်တန်းသူတစ်ဦးတို့က လက်ခံရယူသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးရှိ တပ်ရင်း/တပ်ဖွဲ့များ၌လည်း အဆိုပါသင်တန်းကို သင်တန်းကာလ ရက်သတ္တသုံးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် သင်တန်းသားတစ်ဦးအား သင်ထောက်ကူပစ္စည်းများ ပေးအပ်စဉ်။

မသန်စွမ်းလူငယ်များအတွက်ဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာပေးသင်တန်း အမှတ်စဉ်(၁ / ၂၀၂၅)ဖွင့်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် မတ် ၁၇

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနနှင့်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ မသန်စွမ်းလူငယ်များအတွက် ဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာပေးသင်တန်းအမှတ်စဉ် (၁/၂၀၂၅)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော်တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က နိဒါန်းပြောကြားရာတွင် ယခုသင်တန်းသည် မသန်စွမ်းလူငယ်များအတွက် ဖွင့်လှစ်သည့် ပထမဆုံးသော သင်တန်းဖြစ်ကြောင်း၊ ယခုသင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များသည် ကိုယ်တိုင်ကိုယ်ကျ ထုတ်လုပ်ရောင်းချခြင်းအားဖြင့် မိသားစုဝင်ငွေကို တစ်ဖက်တစ်လမ်းကမဲ့ပိုးကူညီနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို မတ်လ ၁၇ ရက်မှ ၂၁ ရက်အထိ တပ်ကုန်းမြို့နယ် ပြည်သူ့အားကစားကွင်း၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ နည်းပြဆရာမဒေါ်ခိုင်ခိုင်မော်နှင့်ဒေါ်မြင့်သန္တာကျော်တို့က မသန်စွမ်းလူငယ်သင်တန်းသား ၃၀ ကို စာတွေ့/လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၅၀၀)**



ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ


နေပြည်တော် မတ် ၁၇

ကျန်းမာရေးဝန်ကြီးဌာနသည်ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၉-၃-၂၀၂၅ ရက် ည ၈:၀၀ နာရီမှ ၁၆-၃-၂၀၂၅ ရက် ည ၈:၀၀ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၅၅၀ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC) မှ သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးဝန်ကြီးဌာန

အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒုတိယနှစ်ဝက် အတန်းတင် စာမေးပွဲများ စတင်ကျင်းပ



ရန်ကုန် မတ် ၁၇

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒီပလိုမာ(ဗုဒ္ဓဓမ္မ) သင်တန်းမှ မဟာဝိဇ္ဇာတန်းအထိ ဒုတိယနှစ်ဝက် အတန်းတင်စာမေးပွဲများကို ယနေ့မွန်းတည့် ၁၂ နာရီတွင် တက္ကသိုလ်ရှိ စာသင်ခန်းမအသီးသီး၌စတင်ကျင်းပရာ ပြည်တွင်း/ပြည်ပမှ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ် စုစုပေါင်း ၂၅၅ ပါး/ဦးတို့ ဝင်ရောက်ဖြေဆိုလျက်ရှိကြပြီး စာမေးပွဲဖြေဆိုနေမှုများကို ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒန္တဆေကိန္ဒနှင့် သင်ကြားဆရာတော်ကြီးများ၊ ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စွမ်းရည်မြှင့်သင်တန်းတက်ရောက်ရန်နှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲအတွက်ရောက်ရှိနေသော ဝန်ထမ်းသစ်များအား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တွေ့ဆုံမှာကြားပြီး လုပ်ငန်းဆောင်ရွက်နေမှုများကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၁၇

ယနေ့အချိန်အခါသည် မီဒီယာခေတ်ဖြစ်၍ မီဒီယာကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ နိုင်ငံတော်မီဒီယာအနေဖြင့် ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်နှင့် အသိပညာပေးရန်ဟူသည့်မူလတာဝန်ကြီးသုံးရပ်အပြင် အများပြည်သူကို ပြုံးပျော်ကြည်နူး၊ ရွှင်မြူးမှုနှင့်အတူ မှန်ကန်သည့် သတင်းအချက်အလက်များ၊ အယူအဆနှင့် အတွေးအခေါ်များရရှိပြီး နိုင်ငံတော်တည်ဆောက်ရေး၊ အေးချမ်းသာယာရေး ကဏ္ဍများတွင် အားတက်သရော ပါဝင်လုပ်ဆောင်လာအောင်ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြောကြားသည်။

ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ခန်းမ၌ စွမ်းရည်မြှင့်သင်တန်းတက်ရောက်ရန်နှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲအတွက် စုစည်းရောက်ရှိနေသော ဝန်ထမ်းသစ်များအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း မှာကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက AI အပါအဝင် ခေတ်မီနည်းပညာများနှင့် ဆက်စပ်ပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သည့် မီဒီယာလုပ်ငန်းများဖြစ်လာအောင် စီမံဆောင်ရွက်ကြစေလိုကြောင်း၊ MRTV တွင် ထူးခြားမှုအနေဖြင့် တိုင်းရင်းသားပေါင်းစုံနီးပါးရှိနေကြပြီး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ အသိဉာဏ်ရှိရှိ၊ တူညီသည့် ဆန္ဒဖြင့် နိုင်ငံ့အကျိုးကို သယ်ပိုးထမ်းဆောင်နေကြသည်မှာ အနှစ်သာရရှိသဖြင့် အင်မတန် ဝမ်းမြောက်ကျေနပ်ရကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် လည်း MRTV အပေါ် အလွန်အလေးထားသဖြင့် MRTV မှ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ ခံယူချက်နှင့် လုပ်ငန်းစဉ် Process ကို ချစ်မြတ်နိုးရန်၊ မှန်ကန်သောအသိ၊ မှန်ကန်သောအမြင်၊ မှန်ကန်သော စေတနာဖြင့် ကြိုးစား ဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်ဦးဝင်းကျော်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အမှုထမ်း၊ အရာထမ်းများနှင့် ဝန်ထမ်းသစ်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းများက "အားလုံးချစ်သည် MRTV" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ "နိုင်ငံတော်နှင့်ပြည်သူ့အကျိုးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းထမ်းဆောင်နေသည့် နိုင်ငံတော်မီဒီယာ" Video Clip ကို ပြသခြင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းများက "သီချင်းများ ပေါင်းစပ်တစ်ခန်းရုပ်ပြဇာတ်" တေးသရုပ်ဖော်ဖြင့် ဖျော်ဖြေတင်ဆက်ခြင်းများ ဆောင်ရွက်ကြသည်။

ဝန်ထမ်းသစ်များ စွမ်းရည်မြှင့်သင်တန်းသို့ ရုပ်သံနှင့်အသံလွှင့်ကျွမ်းကျင်(၂)နှင့် (၄)၊ အနုပညာရှင်(၂)နှင့်(၄)၊ အငယ်တန်းအင်ဂျင်နီယာ(၂)၊ စက်မှုကျွမ်းကျင်(၄)နှင့် အငယ်တန်းစာရေးဝန်ထမ်းများ စုစုပေါင်း ၈၉ဦး တက်ရောက်ကြမည်ဖြစ်ပြီး မဟာဘွဲ့သုံးဦး၊ စက်မှု B.E ဘွဲ့ သုံးဦးနှင့် AGTI ခုနစ်ဦး၊ ဥပဒေဘွဲ့ တစ်ဦး၊ သိပ္ပံဘွဲ့ ကိုးဦးနှင့် ဝိဇ္ဇာဘွဲ့ ရ ၂၀၊ တက္ကသိုလ်တက်ရောက်ဆဲ ၄၀၊ အနုပညာရှင် ခြောက်ဦးတို့ ဖြစ်သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရုပ်သံပင်မအဆောက်အအုံအတွက် လျှပ်စစ်ဓာတ်အားအသုံးပြုမှုချေတာနိုင်သည့် (Ton 1000, Chiller System)စနစ်သို့ အဆင့်လေးဆင့် ခွဲခြားလုပ်ဆောင်နေမှုမှ တတိယအဆင့် (250 Ton) အစားထိုးတပ်ဆင် ပြီးစီးမှုကို လည်းကောင်း၊ ဝန်ထမ်းများအတွက် ရေသန့်သောက်သုံးရေ လုံလောက်စွာသုံးစွဲနိုင်ရန်အတွက် တစ်နာရီလျှင် ရေသန့်လီတာ ၅၀၀ ထုတ်လုပ်ပေးနိုင်သည့် ရေသန့်စက်နှစ်နေရာ တပ်ဆင်ဆောင်ရွက်မှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သင်တန်းခန်းမတွင် နိုင်ငံတကာရုပ်သံဌာနများ၏ အတွေ့အကြုံပြန်လည်မျှဝေအသုံးပြုရေးသင်တန်း ဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်း၌ နိုင်ငံတကာရုပ်သံဌာနများတွင် သွားရောက်တာဝန်ထမ်းဆောင်ခဲ့ကြသည့် သင်တန်းနည်းပြ လေးဦးက ရက်သတ္တနှစ်ပတ်ကြာ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးကြမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၂၅ ဦး တက်ရောက်သင်ယူလျက်ရှိသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Office Canteen တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အရာထမ်းများ၊ ဝန်ထမ်းသစ်များနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြသည်။

(၅၀၀)

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန Basic Networking သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် မတ် ၁၇

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန Basic Networking သင်တန်း (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေသော ဒစ်ဂျစ်တယ်နည်းပညာခေတ်တွင် ICT သည် လူတိုင်းအတွက် လိုအပ်သည့် အဓိကပညာရပ်ဖြစ်ပြီး အမြဲသင်ယူလေ့လာသွားကြရန် လိုအပ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်ကြားပို့ချချက်များကို သေချာစွာလေ့လာမှတ်သားပြီး လက်တွေ့သင်ခန်းစာများကို ကိုယ်တိုင်တတ်ကျွမ်းသည်အထိ သင်ယူလေ့ကျင့်ခြင်းများသာမက စဉ်ဆက်မပြတ် ဆက်လက်လေ့လာ သင်ယူသွားကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ဒုတိယဝန်ကြီးက သင်ကြားသူဆရာ၊ ဆရာမများကို ကျေးဇူးတင်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် သင်တန်းတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများနှင့် လက်တွေ့သင်ကြား ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်သည့် သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၈) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၇

နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ညနေ ၅ နာရီခွဲတွင် ဝန်ကြီးဌာနမျက်နှာစာ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာနၦ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ သံအမတ်ကြီးများနှင့် အငြိမ်းစားအရာထမ်းအမှုထမ်းများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ဦးကိုကိုကျော်၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။



ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ယနေ့ကျင်းပသည့် နှစ်ပတ်လည်နေ့အခမ်းအနားကို ဝန်ကြီးဌာနတည်ထောင်ဖွဲ့စည်းခဲ့သည့် ရည်မှန်းချက်၊ မျှော်မှန်းချက်များကို အမှတ်ရစေရန်နှင့် ခိုင်မာကောင်းမွန်ခဲ့သည့် ဝန်ကြီးဌာန၏ သမိုင်းကြောင်းနှင့် အစဉ်အလာကောင်းများကို ပြန်ပြောင်းအမှတ်ရစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဖွဲ့စည်းထူထောင်သည့်ကာလ (၇၈)နှစ်ကြိုဖြစ်သော်လည်း မြန်မာတို့သည် သံခင်းတမန်ခင်းကို နိုင်ငံ၏အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရန် ရှေးမြန်မာဘုရင်များလက်ထက်ကတည်းကပင် ကျင့်သုံးခဲ့ကြခြင်းဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိချိန်မှစ၍ နိုင်ငံ့တာဝန်ကိုယူခဲ့သည့် အစိုးရအဆက်ဆက်သည်လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးခဲ့ကြောင်း၊ အမည်နာမများမည်သို့ပင်ပြောင်းလဲစေကာမူ လွတ်လပ်မှုနှင့် ဘက်မလိုက်မှု၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်မှုဆိုသည့် သဘောတရားများသည် မြန်မာ့နိုင်ငံခြားရေးမူဝါဒ၏ အနှစ်သာရများအဖြစ် ဂုဏ်ယူဖွယ်တွေ့မြင်ရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးရပြီးချိန်ကစတင်၍ နိုင်ငံတကာဆက်ဆံရေးတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အခြားဒေသတွင်း အဖွဲ့အစည်းများတွင်လည်း တက်ကြွစွာပူးပေါင်းဆောင်ရွက်ရင်း ဂုဏ်သိက္ခာရှိသည့် ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံအဖြစ်တာဝန်ကျေပွန်စွာ ထည်ထည်ဝါဝါရပ်တည်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏အဓိကတာဝန်သည်နိုင်ငံတော်က ချမှတ်ထားသော နိုင်ငံခြားရေးမူဝါဒနှင့် အညီ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို သံခင်းတမန်ခင်းနည်းလမ်းနှင့် ကာကွယ်မြှင့်တင်ပေးရန်ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်နိုင်ရန် တတ်စွမ်းသမျှ ပံ့ပိုးကူညီပေးရန်လည်းဖြစ်ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အစိုးရ၏လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ကျရာအခန်းကဏ္ဍမှအစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့အတူ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်တွင်း၊ ပြည်ပ၌ တာဝန်ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံခြားရေးဝန်ထမ်း (သံတမန်)များ စောင့်ထိန်းလိုက်နာသည့်အပြင် နိုင်ငံတော်နှင့် မိခင်ဝန်ကြီးဌာန၏ မူဝါဒများကို ကောင်းစွာ သိရှိလိုက်နာကြရန်၊ ဒေသတွင်းနှင့် နိုင်ငံတကာအခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြည့်လေ့လာကြရန်တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၊ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တို့၌ ဖွင့်လှစ်ခဲ့သည့်သင်တန်းများတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများနှင့် ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနတွင်း ကျင်းပခဲ့သည့် ဒီဇင်ဘာလအားကစားပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုများချီးမြှင့်ခြင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်ကို ဂုဏ်ပြုသည့်အနေဖြင့် ဝန်ထမ်းများအတွက် အထူးဆု ၁၀ ဆုနှင့် ဆုမဲကြီး ၆၈ ဆုအပါအဝင် ဗလာမပါကံစမ်းမဲများ မဲဖောက်ခြင်းတို့ဖြင့် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ယင်းနောက်အခမ်းအနားသို့တက်ရောက်လာကြသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ တာဝန်ရှိသူများသည် ဝန်ထမ်းများနှင့်အတူတကွညစာသုံးဆောင်ကြပြီး ညစာသုံးဆောင်နေစဉ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမျိုးသမီးငယ်များကယိမ်းအကဖြင့် ကပြဖျော်ဖြေခြင်း၊ ဝါသနာရှင် ဝန်ထမ်းများက တေးသံသာများဖြင့် သီဆို ဖျော်ဖြေခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟာရိရှ်ရျန်ဒရာ ဂီမီရေးအား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး လက်ခံတွေ့ဆုံ



နေပြည်တော် မတ် ၁၇

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟာရိရှ်ရျန်ဒရာ ဂီမီရေးအား ၂၀၂၅ ခုနှစ် မတ်လ ၁၇ ရက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံကောင်စစ်ရေးရာကိစ္စရပ်များ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများရှာဖွေရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများတက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့ကို ဒုတိယဝန်ကြီး ဦးဌေးလှိုင် လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၇

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်သည် ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Eduardo Jose A. De Vega နှင့်အဖွဲ့ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ စုံစမ်းဖော်ထုတ်၍ ထိထိရောက်ရောက် တားဆီးကာကွယ်တိုက်ဖျက်ဆောင်ရွက်နေမှု၊ ယင်းသို့ဆောင်ရွက်ရာတွင် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကူညီကယ်တင်ဆောင်ရွက်မှုနှင့် ယင်းတို့အနက် ဖိလစ်ပိုင်နိုင်ငံသားများအား ကူညီကယ်တင်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ကူညီကယ်တင်ထားသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်ပို့ဆောင်နိုင်ရေးလုပ်ငန်းစဉ်အလိုက် စီစဉ်ဆောင်ရွက်နေမှုအခြေအနေ၊ ပြည်ဝင်ဗီဇာအမျိုးမျိုးဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်/ထွက်ခွာလျက်ရှိသည့် ဖိလစ်ပိုင်နိုင်ငံသားများနှင့် မြန်မာ–ဖိလစ်ပိုင်နှစ်နိုင်ငံအကြား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာများ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



(သတင်းစဉ်)

၁၇-၃-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၄၈၀,၀၀၀)ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ဂုဏ်ယူမြတ်နိုးတန်ဖိုးထားအပ်သော မြန်မာ့ရိုးရာသနပ်ခါး

ကိုကျော်စွာ(ကျိုက်ပိ)

သနပ်ခါးကို မြန်မာအမျိုးသမီးများ နှစ်သက်စွာလိမ်းကြသည်။ သနပ်ခါးမလိမ်းသည့်မြန်မာအမျိုးသမီးမှာ နည်းပါးလှသည်။ မြန်မာအမျိုးသမီးများအနေဖြင့် လူကြီး၊ လူငယ်၊ လူလတ်မကျန် သနပ်ခါးလိမ်းကြသည်။ မြန်မာအမျိုးသမီးအများစုကိုကြည့်လိုက်ပါက သနပ်ခါးလိမ်းထားသည်ကိုတွေ့ရသည်။ အထူးသဖြင့် ကျေးလက်နေအမျိုးသမီးအများစုမှာ သနပ်ခါးလိမ်းကြသည်ကို ပိုတွေ့ရသည်။ ထို့ပြင် မြန်မာ့သနပ်ခါးကို တစ်ခါတစ်ရံ အမျိုးသားများပါ နှစ်သက်စွာလိမ်းကြသည်ကိုလည်း တွေ့ရသည်။

"ဆောင်းမှာနွေး၊ နွေမှာအေး"ဆိုသည့် ဆိုစကားအရ ဆောင်းတွင်းရာသီမှာ သနပ်ခါးလိမ်းထားလျှင် အနွေးဓာတ်ကို ရရှိပြီး နွေရာသီမှာ သနပ်ခါးလိမ်းပါက အအေးဓာတ်ကိုရရှိသည်ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် ပူပြင်းလှသောနွေရာသီတွင် အမျိုးသမီးများအပြင် အမျိုးသားများပါ သနပ်ခါးလိမ်းကြခြင်းဖြစ်သည်။ ထို့ကြောင့် သနပ်ခါးသည် မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုတစ်မျိုးဟုပင်ဆိုရပေမည်။ အကြောင်းမှာ မြန်မာလူမျိုးတို့သည် သနပ်ခါးကို ရှေးနှစ်ပေါင်းများစွာကတည်းက ယခုအချိန်အထိ စွဲစွဲမြဲမြဲလိမ်းခဲ့ကြသောကြောင့်ဖြစ်သည်။


သနပ်ခါး၏အဓိပ္ပာယ်၊ သနပ်ခါးသမိုင်းနှင့်သနပ်ခါးရာဇဝင်

သနပ်ခါးသည် စွဲလမ်းနှစ်ခြိုက်ဖွယ်ကောင်းလှသည်။ ထို့ကြောင့် ရှေးကတည်းက ဘိုးစဉ်ဘောင်ဆက် နှစ်သက်စွာအသုံးပြုခဲ့ကြသည်။ မြန်မာ့ရိုးရာသနပ်ခါးယဉ်ကျေးမှုသည် အေဒီ ၅ ရာစုမှ အေဒီ ၉ ရာစုအတွင်း ထွန်းကားခဲ့သည်ဟုယူဆကြသည်။ သနပ်ခါးလိမ်းသည့်ဓလေ့ကိုမူလွန်ခဲ့သည့်နှစ်ပေါင်း ၂၄၀၀ ကျော်ခန့်က စတင်ခဲ့သည်ဟုဆိုသည်။ တချို့ကလည်း လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်ဟုဆိုကြသည်။ မည်သို့ဆိုစေကာမူ မြန်မာတို့သနပ်ခါးလိမ်းသည့်ဓလေ့သည် နှစ်ပေါင်းများစွာကြာမြင့်ခဲ့သည်ကိုတော့ ငြင်းမရပေ။ သရေခေတ္တရာခေတ် ဗိဿနိုးမိဖုရားတို့ခေတ်တွင် သနပ်ခါးလိမ်းခြင်းကို သဲသဲမဲမဲ စွဲစွဲလမ်းလမ်းကြီးဖြစ်လာခဲ့သည်ဟု ပညာရှင်များက ယူဆကြောင်း သိရသည်။ သနပ်ခါးနှင့်ပတ်သက်ပြီး ပုဂံရှိနဂါးရံဘုရားနှင့်အပယ်ရတနာဘုရားရှိ နံရံဆေးရေးပန်းချီကားများတွင် သနပ်ခါးနှင့်ယှဉ်တွဲအသုံးပြုလေ့ရှိသော ကျောက်ပျဉ်နှင့်အလှဆင်နေသည့်မိန်းမပျိုပုံများကို တွေ့ရသောကြောင့် ပုဂံခေတ်မှာလည်း မြန်မာမိန်းမပျိုတို့သနပ်ခါးလိမ်းကြောင်း သိနိုင်သည်။

သနပ်ခါးရာဇဝင်ကို ပြောမည်ဆိုပါက ပခန်းသားတို့၏ ပါးစပ်ရာဇဝင်ကိုသာ ဖော်ပြရပေလိမ့်မည်။ အလောင်းစည်သူမင်းကြီးသည် ဖောင်စကြာဖြင့် တိုင်းခန်းလှည့်လည်စဉ်အခါက ပခုက္ကူခရိုင် ပခန်းကြီးမြို့အနောက်ဘက် ၂ မိုင်ခန့်ကရှင်မတောင်အနီးရှိ တောင်နီတောင်အနီးသို့ရောက်သောအခါ မိဖုရားကြီးအသုံးပြုလေ့ရှိသော သနပ်ခါးအစ်(အလွန်မွေးကြိုင်သော သနပ်ခါးအရည်ထည့်ထားသောကွမ်းအစ်)သည် တိမ်းမှောက်သွားသဖြင့် အဆိုပါတောင်နီတောင်ဒေသတစ်ဝိုက်တွင် ပေါက်ရောက်သော သနပ်ခါးသည် အခြားသောဒေသထွက် သနပ်ခါးများထက်ပိုမွှေးသည်ဟု အယူရှိကြသည်။ ဤကားပခန်းသားတို့၏ ပါးစပ်ရာဇဝင်ပင်ဖြစ်သည်။ ထို့ပြင် ဘုရင့်နောင်မင်းတရားကြီး၏ သမီးတော်မတုကလျာမင်းသမီးအမည် ပါသော ကျောက်ပျဉ်ကို ပဲခူးရွှေမော်ဓောဘုရား၌ တွေ့ရသည်ဟုလည်း မှတ်သားရသည်။ ထို့ကြောင့် ဘုရင့်နောင်မင်းတရားကြီးသည် တောင်ငူခေတ်မင်းတစ်ပါးဖြစ်သဖြင့် သနပ်ခါးကို တောင်ငူခေတ်မှာလည်း လိမ်းကြောင်းသိနိုင်သည်။ ကုန်းဘောင်ခေတ်အလောင်းမင်းတရားကြီး ဦးအောင်ဇေယျလက်ထက်တွင် ရွှေဘိုခရိုင် ခင်ဦးမြို့နယ်အပိုင် ဧရာဝတီမြစ်အနောက်ဘက် သီဟတောဘုရား၏တောင်ဘက် ၂ မိုင်ခန့်ရှိ ကပွတ်ရွာဆိုလျှင် ရှေးကနန်းတော်သုံး တော်ဝင်သနပ်ခါးထွက်ရှိကြောင်းသိရသည်။

မြန်မာ့ရိုးရာသနပ်ခါးအဓိပ္ပာယ်

သနပ်ခါးဟူသောစကားတွင် "သနပ်ခါ" ဟူသောစကားမှ ဆင်းသက်လာပြီး "သနနှင့်ခါ"ဟူသောစကားကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ "သန"ဟူသည် "မသန့်မရှင်းဖြစ်သည်၊ ယုတ်ညံ့သွားသည်"ဟုအဓိပ္ပာယ်ရသည်။ "ခါ"ဟူသည် စွန့်ထုတ်ခြင်းဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် "သနပ်ခါ"ဟူသည် မကောင်းသောအညစ်အကြေးများနှင့်ယုတ်ညံ့စေသောအရာများကို ဖယ်ထုတ်သည်။ စွန့်ထုတ်သည်။ ခါထုတ်ပစ်သည်ဟူသော အဓိပ္ပာယ် ကောက်ယူရပေလိမ့်မည်။



မြန်မာ့ယဉ်ကျေးမှုဖြစ်သောရိုးရာသနပ်ခါးသည် မြန်မာလူမျိုးတို့၏အယူအဆအရ သန့်ရှင်းခြင်းသဘောကို ဆောင်သည်။ အမှန်စင်စစ်လည်း မြန်မာ့သနပ်ခါးကို လိမ်းခြယ်ထားသူများကို ကြည့်ပါက သန့်ရှင်းနေသည်ကို တွေ့ရပေလိမ့်မည်။

ဆေးကျမ်းလာမြန်မာ့နှံ့သာအမျိုးမျိုး

မြန်မာလူမျိုးတို့ အသုံးပြုလေ့ရှိသော နှံ့သာများရှိသည်။ အဆိုပါနှံ့သာများကို ဆေးဖက်မှာလည်း အသုံးပြုကြသလို လူတို့၏အလှအပရေးရာအတွက်လည်း အသုံးပြုကြသည်။ သနပ်ခါးကို အင်္ဂလိပ်အမည်ဖြင့် Chinese Box Tree ဟုခေါ်ပြီး သိပ္ပံအမည်မှာ Naringi Crenulata ဖြစ်သည်။ မျိုးရင်းက Rutaceae ဖြစ်ပြီး မျိုးစိတ်မှာ Acidissma ဖြစ်သည်။ ကျောက်ပျဉ်ပေါ်တင်သွေးရသောနှံ့သာအမျိုးမျိုးရှိသည်။ မာဂဓအဘိဓာန်ကျမ်း၌ လေးမျိုးရှိပြီး ယင်းတို့မှာ (၁)ကုက်ံမံ၊ (၂)လေးညှင်း၊ (၃)ကက္ကုကမျဉ်း၊ (၄)တောင်ဇလပ်တို့ဖြစ်သည်။ ဗိန္ဓေသဆေးကျမ်းလာ နှံ့သာငါးမျိုးရှိသည်။ ယင်းတို့မှာ (၁)နှံ့သာဖြူ၊ (၂)နှံ့သာနီ၊ (၃)ကရမက်၊ (၄)အကျော်၊ (၅)စမွာတို့ဖြစ်သည်။ ထို့ပြင် သာရတ္ထသင်္ဂဟကျမ်းမှာမူ နှံ့သာ ၁၀ မျိုးရှိကြောင်း ဖော်ပြထားသည်ဟုသိရသည်။ ထိုနှံ့သာ ၁၀ မျိုးမှာ (၁)အမြစ်နှံ့သာ၊ (၂)အနှစ်နှံ့သာ၊ (၃)အကာနှံ့သာ၊ (၄)အခေါက်နှံ့သာ၊ (၅)အလွှာနှံ့သာ၊ (၆)အရည်နှံ့သာ၊ (၇)အရွက်နှံ့သာ၊ (၈)အပွင့်နှံ့သာ၊ (၉)အသီးနှံ့သာ၊ (၁၀)အလုံးစုံအနှံ့နှင့်ပြည့်စုံသော ပင်စည်နှံ့သာတို့ဖြစ်သည်။ မြန်မာ့သနပ်ခါးသည် သာရတ္ထသင်္ဂဟကျမ်းလာနှံ့သာ ၁၀ မျိုးအနက် အခေါက်နှံ့သာ၊ အမြစ်နှံ့သာ၊ အလွှာနှံ့သာ သုံးမျိုးတွင် အကျုံးဝင်သည်။

စာပေထဲက မြန်မာ့သနပ်ခါး

မြန်မာ့သနပ်ခါးကို ကမ္ဘာကပင် သိကြသည်။ မြန်မာ့သနပ်ခါးသည် ကမ္ဘာကျော်ကျောက်ပျဉ်ပေါ်တွင် သောက်တော်ရေနှင့်ရောသွေးပါလျှင် နံ့သာပေါ်ကဲ့သို့တက်တယ်"ဟုလည်းကောင်း၊ ရှေးခေတ်ဆန်ဖွပ်တေးတစ်ပုဒ်တွင် "ရွှေနံ့သာခေါက်ကိုလ၊ ကျောက်ပျဉ်မှာ အသာတင်၊ ခန်းခွင်မှာသွေး၊ လိမ်းမယ်လို့ကြံ၊ မှန်ယူခဲ့ဆံတိုလေးရယ်၊ ဝိန်းရိုက်စို့လေး"ဟုလည်းကောင်း၊ တောဓလေ့တေးတစ်ပုဒ်မှာလည်း "သနပ်ခါးငယ် တစ်ကွက်၊ ရွှံ့တစ်စက်ကယ်နှင့်တွဲလျက်ကယ်တူညီ၊ စိုက်လယ်ကွင်းဆီက သီချင်းသံပြိုင်ဆိုတော့"ဟုလည်းကောင်း ရေးဖွဲ့ထားသည်မှာ သနပ်ခါးပါးကွက်ကြားနှင့် ကောက်စိုက်သူလုံမလေးတို့၏ ဟန်နှင့် သီချင်းသံကိုကြားယောင်မြင်ယောင်လာစေသည်။ ထို့ပြင် သက္ကရာဇ် ၈၅၅ ခုနှစ် အင်းဝခေတ်ဒုတိယမင်းခေါင်လက်ထက်တွင် ရှင်မဟာရဋ္ဌသာရရေးစပ်ခဲ့သော ဘူရိဒတ်ဇာတ်ပေါင်းပျို့တွင် "ဤစာသာရ၊ ဂေါသီတကို၊ နားဝန်စ်ဖက်၊ မြကျောက်ထက်၌၊ ဥဏ်လက်ကိုင်လေး၊ ဖြည်းဖြည်းသွေး၍၊ နံ့မွေးတစ်သုန် လိမ်းလင့်ကုန်"ရေးဖွဲ့ထားခဲ့သည်။ စာဆိုတော်ဦးကြီးကလည်း သူ၏ကဗျာတစ်ပုဒ်တွင် "ညဉ့်ချမ်းရယ်နေရီ၊ ချိန်တော်မီ၊ ကေသီပန်းနှင့်ရေခပ်လမ်းမှာ စခန်းသင့်လို့၊ ထက်ဆင့်နီရောင်ချည်စိမ်းပေါင်နှင့် ယဉ်အောင်တောသူ၊ သနပ်ခါးကွက်ပါးမှာ ကူလို့"ဟုလည်းကောင်း၊ ခါတစ်ခေါက် ရွာရောက်ငယ်လှမ်းခဲ့ပ အသချီထားသော ကဗျာတစ်ပုဒ်တွင် "တစ်ဖက်ကယ်မှောင်ကာ၊ တခြမ်းတာမှာ၊ နံ့သာလိမ်းကွက်၊ လရောင်ပြက်မှာ"ဟုလည်းကောင်း ရေးဖွဲ့ထားသည်။ ထို့ပြင် အမည်မသိစာဆိုတစ်ဦးရေးဖွဲ့ခဲ့သော ရွှေမနသူတမ်းချင်းတွင် "သနပ်ခါးကွက် ပါးမှာကူ၊ ရွှေမိုင်းသူတော့၊ ကျုပ်အလှဆုံး"ဟုလည်းကောင်း ရေးဖွဲ့ထားသည့် သနပ်ခါးကဗျာများကို တွေ့ရသည်။ နန်းတော်ရှေ့ဆရာတင်ကလည်း "ရွှေဘိုသနပ်ခါးလိမ်းကြရင်ဖြင့် စိမ်းစိမ်းညက်ညက်ဖြူ"ဟု သီချင်းတစ်ပုဒ်ရေးထုတ်ခဲ့သည်။

မြန်မာ့ရိုးရာသနပ်ခါးပွဲတော်များ

မြန်မာလူမျိုးတို့သနပ်ခါးကို မည်မျှကြိုက်နှစ်သက်လည်းဆိုလျှင် မြန်မာနိုင်ငံနေရာအနှံ့တွင် သနပ်ခါးပွဲတော်များကျင်းပကြခြင်းကို ကြည့်ခြင်းအားဖြင့် သိနိုင်သည်။ အချမ်းအအေးလွန်ကဲသောတပို့တွဲလရာသီမျိုးတွင် မြန်မာ့သနပ်ခါးနှင့်နံ့သာများကိုရောနှောမီးရှို့၍ မြတ်စွာဘုရားရှင်အား မီးပုံပွဲအလှူကို ကျင်းပလှူဒါန်းကြသည်။ ထို့ပြင် ရခိုင်တိုင်းရင်းသားတို့သည် ရခိုင်ရိုးရာဓလေ့တစ်ခုအနေဖြင့် သင်္ကြန်အကြိုနေ့မတိုင်မီ လူကြီးလူငယ်၊ အမျိုးသမီး၊ အမျိုးသားမကျန်နှံ့သာဖြူ။ သနပ်ခါး စသည်တို့နှင့် ကျောက်ပျဉ်ကိုယူဆောင်ပြီး စုပေါင်းကာ အတီးအမှုတ်များဖြင့် နံ့သာသွေးပွဲကို ကျင်းပလေ့ရှိကြသည်။ ယောနယ်ဘက်မှာလည်း သီတင်းကျွတ်လပြည့်နေ့တွင် လူပျို၊ အပျိုတို့သည် သနပ်ခါးပွဲတော်ကို ပျော်ပွဲရွှင်ပွဲတစ်ခုအဖြစ် ကျင်းပလေ့ရှိကြောင်းသိရသည်။ စာရေးသူတို့မြန်မာနိုင်ငံမှာ ဆယ့်နှစ်လရာသီအလိုက် သနပ်ခါးပွဲတော်များရှိသည်။ မင်းဘူးရွှေစက်တော်ဘုရားပွဲတွင် တပို့တွဲလမှတန်ခူးလအထိ လည်းကောင်း၊ စလင်းမြို့ရှိ ရွှေပြည်အေးဘုရားပွဲတွင် ကဆုန်လ၌လည်းကောင်း၊ ပခုက္ကူသီဟိုဠ်ရှင်ဘုရားပွဲတွင် နယုန်လ၌လည်းကောင်း၊ ဝါခေါင်လတွင် မြင်းမူမြို့ရှိ ရှင်စောလူးဘုရားပွဲ၌လည်းကောင်း၊ တော်သလင်းလတွင် တံတားဦးမြို့နယ် ငါန်းဖွန်ဘုရားပွဲ၌လည်းကောင်း၊ သီတင်းကျွတ်လတွင် မကွေးမြသလွန်စေတီ၌လည်းကောင်း၊ တန်ဆောင်မုန်းလတွင် ရွှေစည်းခုံဘုရားပွဲ၌လည်းကောင်း၊ နတ်တော်လတွင် ကျောက်ပန်းတောင်းရှိ စေတီကြီးဘုရားပွဲနှင့် ပြာသိုလတွင် အာနန္ဒာဘုရားပွဲ၌လည်းကောင်း သနပ်ခါးပွဲတော်များ ကျင်းပလေ့ရှိသည်။

သနပ်ခါးအရည်မပုပ်အောင် ပြုလုပ်နည်း

ဤနည်းသည် မြန်မာအမျိုးသမီးများအတွက် အဆင်ပြေသောနည်းဖြစ်သည်။ မြန်မာအမျိုးသမီးတို့သည် သနပ်ခါးကြိုက်ကြသဖြင့် **စာမျက်နှာ ၁၄ သို့** ■

■ စာမျက်နှာ ၁၃ မှအဆက်

ခရီးသွားလျှင် သနပ်ခါးနှင့်ကျောက်ပျဉ်ကို သယ်ယူလေ့ရှိကြသည်။ သနပ်ခါးနှင့်ကျောက်ပျဉ်ကို သယ်ယူရသည်မှာ လွယ်ကူသည်မဟုတ်ပေ။ ထို့ကြောင့် ခရီးသွားရာတွင် သနပ်ခါးနှင့်ကျောက်ပျဉ်ကိုသယ်စရာမလိုဘဲ သနပ်ခါးမပုပ်အောင် ပြုလုပ်နည်းကိုဖော်ပြပါမည်။ သနပ်ခါးကို မိမိလိုသလောက်သွေး၍ ထည့်စရာကြုတ် သို့မဟုတ် ဘူးအတွင်းထည့်၍ သံပရာရည် သို့မဟုတ် ရှောက်ရည်ထည့်၍ ယူဆောင်သွားခြင်းဖြစ်သည်။ နောက်တစ်နည်းမှာ သနပ်ခါးဘူးအတွင်း ကျောက်ချဉ်အနည်းငယ်ကိုလည်းကောင်း၊ အရက်ပြန်အနည်းငယ်ကိုလည်းကောင်း ထည့်ကြသည်။ ထို့ပြင် သနပ်ခါးရည်ဘူးထဲသို့ ငွေမတ်စေ့ထည့်စိမ်ထားပါက လေးငါးရက်ခန့် သနပ်ခါးရည်မပုပ်ဟုသိရသည်။

မြန်မာ့သနပ်ခါးနှင့် ကျန်းမာရေး

မြန်မာ့သနပ်ခါးသည် မြန်မာ့ယဉ်ကျေးမှုဖြစ်သလို ကျန်းမာရေးအတွက်လည်း အထောက်အကူပြုသည်။ ဆေးကျမ်းအရ သနပ်ခါးသည်ပူ၏။ သွေးကိုကြွေစေသည်။ ငန်းမန်းကိုနိုင်သည်။ အပူနာ၊ အအေးနာနှစ်မျိုးစလုံးတွင် သုံးနိုင်သည်။ အပင်၊ အရွက်၊ ပင်စည်၊ အမြစ်အားလုံးကို အသုံးပြုနိုင်သည်။ သနပ်ခါးရွက်သည် ဝက်ရူးပြန်ရောဂါကုသသည့်ဆေးဖော်စပ်ရာတွင်ထည့်သွင်းအသုံးပြုသလို ဆီးချို ရှိသူများအမှုန့်ပြုလုပ်၍ သောက်သုံးကြသည်။ အသီးကိုမူ အဆိပ်ဖြေဆေးဖော်စပ်ရာတွင်အသုံးပြုသည်။ နွေရာသီတွင်ဖြစ်တတ်သော မိတ်ဖု၊ ယားယံနာများဖြစ်လျှင် သနပ်ခါးရေကျဲသွေးလိမ်းပေးနိုင်သည်။ သနပ်ခါးမြစ်ကို ဆားနှင့်သွေးလိမ်းပေးပါက ညောင်းညာကိုက်ခဲခြင်းကိုသက်သာစေသည်။ သနပ်ခါးသည် မြန်မာအမျိုးသမီးများ၏ အသည်းစွဲနှံ့သာဖြစ်သည်။ သနပ်ခါးသည် အသားအရေကိုအကျိုးပြုသည်။ နေ့စဉ်ပုံမှန်လိမ်းပေးခြင်းဖြင့် အသားအရေကို နူးညံ့စိုပြည်စေသည်။ ကလေးငယ်များကို လူကြီးများက သနပ်ခါးခွံ့ကြသည်ကို တွေ့ဖူးသည်။ ကလေးငယ်များအား သနပ်ခါးခွံ့ကျွေးခြင်းဖြင့် ကျောက်ရောဂါကို ကာကွယ်ပေးနိုင်ကြောင်း သိရသည်။ သနပ်ခါးသည် နေပူဒဏ်ကိုကာကွယ်ပေးသည်။ နေရောင်မှာပါဝင်သည့် ခရမ်းလွန်ရောင်ခြည်ဒဏ်ကို ကာကွယ်ပေးသည်။ ၂၀၁၀ ပြည့်နှစ်က ထိုင်းနိုင်ငံရှိ သုတေသီတို့၏လေ့လာချက်အရ သနပ်ခါးပင်၏ အခေါက်သည် အင်တီအောက်ဆီးဒင့် ခေါ် ခန္ဓာကိုယ်ကိုအကျိုးပြုဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်ကြောင်း၊ အသားအရေ ရောင်ရမ်းခြင်းကို သက်သာစေသော ဓာတ်များအပြင် ဗက်တီးရီးယားများကိုပါ သေစေနိုင်သော ဓာတ်နှင့်အရေပြားအရောင်ကို အပြောင်းအလဲဖြစ်စေနိုင်သောဓာတ်၊ သနပ်ခါးလိမ်းပေးခြင်းဖြင့် မျက်နှာပေါ်တွင်ဖြစ်လေ့ရှိသော ဝက်ခြံကို သက်သာပျောက်ကင်းစေပြီး နေလောင်ခြင်းကိုလည်း ကာကွယ်ပေးသည်။ ထို့ကြောင့် နေပူပူမှာ အလုပ်လုပ်သူများသည် သနပ်ခါးကို ပါးမှာခပ်ထူထူလိမ်းကြခြင်းဖြစ်သည်။ ဒူးဆစ်ရောင်ရမ်းခြင်းကို သနပ်ခါးမြစ်သွေးလိမ်းပေးလျှင် ပျောက်ကင်းနိုင်သည်။

လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းရန်ကြိုးပမ်း

မြန်မာနိုင်ငံတွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များစွာရှိသည်။ ရှေးဟောင်းမြို့များ၊ ရှေးဟောင်းကျောက်စာများ၊ ရှေးဟောင်းအဆောက်အအုံများ စသည်ဖြင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များရှိသည်။ ဒြပ်မဲ့ဟူသည် ထိတွေ့ကိုင်တွယ်၍မရသော သဘောဆောင်သည်။ ဥပမာ-မြန်မာ့ရိုးရာသင်္ကေတကဲ့သို့ဖြစ်သည်။ တစ်နည်းအားဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုဟူသည် လူသားမျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းယူဆောင်လာခဲ့သည့် ထိတွေ့ကိုင်တွယ်၍မရသော အစဉ်အလာအားဖြင့် ထိန်းသိမ်းလာခဲ့သည့် ဓလေ့တစ်ခုဟု စာရေးသူအနေဖြင့် ယူဆမိသည်။ မြန်မာ့သင်္ကေတကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ်အသိအမှတ်ပြုမှတ်တမ်းဝင်ခဲ့ပြီးဖြစ်သည်။

ယခုအခါ မြန်မာ့ရိုးရာသနပ်ခါးကိုလည်း လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရန် စာတမ်းပြုစုလျက်ရှိကြောင်းသိရသဖြင့် ဝမ်းမြောက်မိသည်။ ထိုစာတမ်းကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအပါအဝင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး NGO အဖွဲ့အစည်းများနှင့်ပူးပေါင်းရေးဆွဲပြီး ဘာသာစကားအနေဖြင့် မြန်မာ၊ အင်္ဂလိပ်၊ ပြင်သစ် သုံးဘာသာဖြင့်ရေးဆွဲကြောင်းသိရသည်။ မြန်မာ့သနပ်ခါးသည် လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုစာရင်းတွင်ပါဝင်ခြင်းလျှင် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုတစ်ခုအဖြစ် နိုင်ငံတကာက အသိအမှတ်ပြုတန်ဖိုးထားပြီး မြန်မာတို့၏ယဉ်ကျေးမှုဂုဏ်ကိုဆောင်နိုင်မည်ဖြစ်သည်။ ထို့ပြင် နောက်ထပ်ဒြပ်မဲ့ယဉ်ကျေးမှုတစ်ခုလည်း ရှိပါသေးသည်။ ယင်းကား မြန်မာ့ရွှေချည်ထိုးအနုပညာဖြစ်သည်။ မြန်မာ့ရွှေချည်ထိုးလက်မှုအနုပညာကိုလည်း ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ်မှတ်တမ်းဝင်ရန်ကြိုးပမ်းစေလိုကြောင်း စာရေးသူအနေဖြင့် နှိုးဆော်လိုက်ပါသည်။

နိဂုံးချုပ်အနေဖြင့်ဆိုရလျှင် မြန်မာလူမျိုး၊ မြန်မာအမျိုးသမီးတို့ ရှေးအစဉ်အဆက်ကတည်းက နှစ်ခြိုက်စွာအသုံးပြုခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှုတစ်ခုဖြစ်သည်။ သနပ်ခါးကိုမနှစ်သက်သည့် မြန်မာအမျိုးသမီးကရှားလှသည်။ စာရေးသူမန္တလေးရောက်စဉ်က ကုသိုလ်တော်ဘုရား၌ နိုင်ငံခြားအမျိုးသမီးတစ်ဦး မြန်မာ့သနပ်ခါးလိမ်းထားသည်ကို တွေ့ဖူးသည်။ ထိုအချိန်ကတည်းက မြန်မာ့သနပ်ခါးကို နိုင်ငံခြားသားများစိတ်ဝင်စားနှစ်သက်ကြသည်ကို ခန့်မှန်းမိသည်။ ယခုအခါ နိုင်ငံတော်နှင့်သက်ဆိုင်ရာယဉ်ကျေးမှုအဖွဲ့အစည်းများက မြန်မာ့သနပ်ခါးကို လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အောင်ကြိုးစားနေကြောင်း ကြားသိရသဖြင့် ဝမ်းမြောက်ဂုဏ်ယူဝိတိဖြစ်ရသည်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့်လည်း မိမိနိုင်ငံ၏သနပ်ခါးအပါအဝင် အခြားသော ယဉ်ကျေးမှုအမွေအနှစ်များကို ဝိုင်းဝန်းထိန်းသိမ်းသင့်သည်။ ထို့ပြင် မြန်မာ့သနပ်ခါးသည် မြန်မာလူမျိုးတို့အတွက် ဂုဏ်ယူမြတ်နိုးတန်ဖိုးထားအပ်သော ရိုးရာယဉ်ကျေးမှုတစ်ခုဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)နှင့် Kabar Training Center တို့တွင် သက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပို့ချနေမှု ဒုတိယဝန်ကြီး ဦးဝင်းရှိန် သွားရောက်ကြည့်ရှုအားပေး

ရန်ကုန် မတ် ၁၇

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ Kabar Training Center သို့ သွားရောက်၍ ပိုက်ဆက်နှင့် ကျောက်ပုံးရိုက်သင်တန်းများ ဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ သင်တန်းကျောင်းတာဝန်ခံက သင်တန်းကျောင်းဖွင့်လှစ်ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက Kabar Training Center တွင် သင်ကြားပို့ချနေသည့် ပိုက်ဆက်နှင့်ကျောက်ပုံးရိုက်သင်တန်းများသည် ကျွမ်းကျင်လုပ်သား အမှန်တကယ်လိုအပ်နေသည့် လုပ်ငန်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိရေး များစွာအထောက်အကူပြုသည့်သင်တန်းများဖြစ်၍ သင်တန်းသားများအနေဖြင့် အရည်အသွေးပြည့်ဝသည့် ကျွမ်းကျင်လုပ်သားများဖြစ်စေရန် အလေးထားသင်ယူပြီး သင်တန်းကျောင်းအနေဖြင့် သင်တန်းဆင်းများကို မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) အသိအမှတ်ပြု အမျိုးသားအဆင့်အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ရယူနိုင်ရေး ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခံယူရန် ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန် မှာကြားသည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)သို့ရောက်ရှိပြီးစားသောက်ဆိုင်ဝန်ဆောင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၂၅) ဖွင့်လှစ်ပို့ချနေမှုနှင့် Electrician (Building) Level 1 အလုပ်အကိုင်ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်နေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် သင်တန်းသားများ၊ စစ်ဆေးအကဲဖြတ်မှုဖြေဆိုသူ လုပ်သားများနှင့်တွေ့ဆုံစဉ် ကုန်ထုတ်စွမ်းအားနှင့်ဝန်ဆောင်မှုများတိုးတက်ကောင်းမွန်ရေးကြိုးပမ်းဆောင်ရွက်ရန်၊ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် နည်းပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာဆည်းပူးရန်၊ စစ်ဆေးအကဲဖြတ်ခြင်း ဝင်ရောက်ဖြေဆိုသူလုပ်သားများအနေဖြင့် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံ သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) မှ ထုတ်ပေးမည့် အမျိုးသားအဆင့် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များကို တန်ဖိုးထားပြီး မိမိတို့လုပ်ကိုင်ဆောင်ရွက်ရသည့် လုပ်ငန်းများအပေါ် စိတ်ကောင်းထားကာ လုပ်ငန်းအရည်အသွေးပိုမိုကောင်းမွန်စေရေး လုပ်ကိုင်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၃˚C	/	၃၈˚C
ရန်ကုန်	၂၂˚C	/	၃၈˚C
မန္တလေး	၂၅˚C	/	၄၂˚C

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းများစတင်ကြောင်း အသိပေးကြေညာ



နေပြည်တော် မတ် ၁၇

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် သတ္တမအသုတ် စီမံကိန်းများစတင်ကြောင်း အသိပေးကြေညာခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးစုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အစိုးရက နိုင်ငံ့စီးပွားမြှင့်တင်ရေး ကနဦးမတည်ရန်ပုံငွေဖြင့် ထောက်ပံ့ပေးလျက်ရှိသကဲ့သို့ မိမိတို့ဝန်ကြီးဌာန အနေဖြင့်လည်း နည်းပညာအပါအဝင် တောင်သူလုပ်အပ်ချက်ဖြည့်ဆည်းပေးခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း မိတ်ဖက်နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းများကို ၂၀၁၇ ခုနှစ်မှ ယနေ့အချိန်ထိ စီမံကိန်း ၃၉ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး ကျေးလက်နေပြည်သူလူထု၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေလျက်ရှိကြောင်း။

သတ္တမအသုတ်စီမံကိန်းများအကောင်အထည်ဖော်ခွင့်ရရှိအောင် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သူများအားလုံးကိုကျေးဇူးတင်ရှိကြောင်းနှင့် စီမံကိန်းအကောင်အထည်ဖော်ကြမည့် သက်ဆိုင်ရာဌာနတာဝန်ရှိသူ Mr. Zhang Zhonghua က ဂုဏ်ပြုစကားပြောကြားပြီး နိုင်ငံခြားရေးဝန်ကြီးဌာန မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ညှိနှိုင်းကွပ်ကဲရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာသန္တာကြည်တို့က စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယခု အကောင်အထည်ဖော်ဆောင်ရွက်မည့် သတ္တမအသုတ်စီမံကိန်းများတွင် ခရမ်းချဉ်၊ ငရုတ်၊ ကြက်သွန်နီနှင့် ဂေါ်ဖီထုပ်စသည့် စားဖိုဆောင်သီးနှံများနှင့် ဟင်းသီးဟင်းရွက်များ၏ရိတ်သိမ်းပြီးနောက်ပိုင်းနှင့် စီးပွားရေး ဆန်းစစ်လေ့လာခြင်းစီမံကိန်း၊ တိရစ္ဆာန်ရောဂါ စောင့်ကြည့်စစ်ဆေးရေး ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ရေးစီမံကိန်း၊ နေပြည်တော်ရှိ ကျေးရွာများသို့ ကွင်းဆင်း၍ နွားများ၏ သားအောင်နှုန်းတိုးတက်လာစေရန် လိုအပ်သည်များကို စီမံဆောင်ရွက်ခြင်းဖြင့် နွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်စေခြင်းစီမံကိန်း၊ မွေးမြူသူများ၏ အရည်အသွေးမြှင့်တင်ပေးရန်အတွက် မွေးမြူရေးသင်တန်းကျောင်းတည်ဆောက်ခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဇေ ကြည့်ရှုအားပေး



နေပြည်တော် မတ် ၁၇

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဇေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းနှင့် ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းများရှိ စာစစ်ဌာနသို့သွားရောက်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်ကို ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထိုသို့လှည့်လည်ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးကဈေးပွဲအခန်းတာဝန်ကျသည့် ကြီးကြပ်ရေးမှူးများနှင့်သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများစနစ်တကျ၊ စည်းကမ်းရှိစွာ၊ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးများအနေဖြင့် မိမိတို့လိုက်နာဆောင်ရွက်ကြရမည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာဆောင်ရွက်၍ တက္ကသိုလ်ဝင်စာမေးပွဲကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေး ဝိုင်းဝန်းကူညီပါဝင်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ် အမှတ် (၁၃) အခြေခံပညာအထက်တန်းကျောင်းရှိ စာစစ်ဌာနသို့ သွားရောက်၍ ကျောင်းသား၊ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများနှင့် တာဝန်ရှိသူများသည် ယနေ့တွင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ သက်ဆိုင်ရာစာစစ်ဌာနများသို့ သွားရောက်ကြပြီး တက္ကသိုလ်ဝင်စာမေးပွဲ၌ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းမြွေစွာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **(၅၀၀)**

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ နှစ်(၈၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကျင်းပ



နေပြည်တော် မတ် ၁၇

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ နှစ်(၈၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန် လည် နေရာချထားရေးဝန် ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် ဘေးအန္တရာယ်ကြုံတွေ့ခံစားရသူများကို ကူညီဖြည့်ဆည်းထောက်ပံ့မှုပြုရသောဌာနတစ်ခုအနေဖြင့် ၁၉၄၅ ခုနှစ်မှစတင်ခဲ့သည်မှာ နှစ်ပေါင်း (၈၀) ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ဆယ်စုနှစ် ရှစ်ခုတာကာလအတွင်း ဘေးသင့်သူများ လတ်တလောသက်သာချောင်ချိရေး၊ ဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းစေရေးနှင့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သည့် နိုင်ငံဖြစ်လာစေရေးအတွက်တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့မြင်ရကြောင်း။

ယခုဆိုလျှင် ဦးစီးဌာနသည် ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးရုံးအဖြစ်လည်းကောင်း၊ အာဆီယံဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့အစည်းများနှင့်ချိတ်ဆက်သည့် မြန်မာနိုင်ငံဆိုင်ရာ ဗဟိုချက်ဌာနတစ်ခုအဖြစ်လည်းကောင်း ဆောင်ရွက်လျက်ရှိနေကြောင်း၊ ရှေ့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားဝန်ထမ်းဟောင်းကြီးများ၏ တာဝန်ထမ်းဆောင်ခဲ့မှုများကို လေးစားအသိအမှတ်ပြုသကဲ့သို့ လက်ရှိတာဝန်ထမ်းဆောင်နေကြသည့် အရာထမ်း၊ အမှုထမ်းများ၏ တာဝန်ကျေပွန်မှု၊ ဌာန၏ လုပ်ငန်းများအပေါ် စေတနာထားဆောင်ရွက်မှုများအတွက်လည်း ဂုဏ်ယူကြောင်း၊ မျိုးဆက်သစ်ဝန်ထမ်းများ အနေဖြင့် အငြိမ်းစားဝန်ထမ်းဟောင်းကြီးများကြိုးပမ်းဆောင်ရွက်ခဲ့သည့်အစဉ်အလာကို ထိန်းသိမ်းရင်း ဦးစီးဌာန၏လုပ်ငန်းများကို ပိုမိုတိုးတက်အောင်မြင်စေရေး၊ ဝန်ကြီးဌာနအတွက်၊ နိုင်ငံတော်အတွက် အထောက်အပံ့ကောင်းများပေးနိုင်သည့် ဦးစီးဌာနအဖြစ် ခိုင်ခိုင်မာမာရပ်တည်နိုင်ရေး ကြိုးစားကြစေလိုကြောင်း မှာကြားသည်။

ယင်းနောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကျေးဇူးတင်စကားပြောကြားပြီး ဦးစီးဌာနစတင်တည်ထောင်ချိန်မှစ၍ နှစ်(၈၀)ပြည့်သည့် ကာလအတွင်း ခေတ်အဆက်ဆက် ပြောင်းလဲတိုးတက်လာမှု မှတ်တမ်းတင်ဗီဒီယိုကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာကြသည့်အငြိမ်းစားဝန်ထမ်းဟောင်းကြီးများ၊ ဌာနဝန်ထမ်းများသည် ညစာအတူတကွသုံးဆောင်ကြသည်။

ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနဝန်ထမ်းများကိုယ်တိုင်ပါဝင်တင်ဆက်ထားသည့် သဘာဝဘေးလျော့ပါးရေးဆိုင်ရာ အသိပညာပေးတေးသရုပ်ဖော်တင်ဆက်ကပြခြင်းနှင့် ဦးစီးဌာနဝန်ထမ်းများက တေးသီချင်းများသီဆိုခြင်းအစီအစဉ်များပြုလုပ်ကြပြီး သီဆိုဖျော်ဖြေခဲ့ကြသော ဝန်ထမ်းများကို ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးက ဂုဏ်ပြုချီးမြှင့်သည်။

အခမ်းအနားသို့ဒုတိယဝန်ကြီး၊အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဖိတ်ကြားထားသည့် ဦးစီးဌာနအငြိမ်းစားဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားစဉ်။



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁)မှ သင်တန်းသားများအတွက် ချီးမြှင့်ငွေပေးအပ်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

❐ ကျောဖုံးမှအဆက်

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း၃ပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့်သင်တန်းသားများ၏စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ်-

“မတက်ခင်ကတော့ မလုပ်ဖူးတဲ့အရာကို လုပ်ရမယ်ဆိုတော့ စိတ်ထဲလှုပ်ရှားပါတယ်။ ဒါပေမဲ့ ဒီရောက်တော့လည်း တစ်ခုချင်းစီ လိုက်နာကျင့်သုံးရင်းနဲ့ပဲ ဒီလိုပဲ သင်ရင်းနဲ့ အဆင်ပြေနေပါတယ်။ ကောင်းမွန်တဲ့ ရည်ရွယ်ချက်တွေနဲ့ ဆက်ပြီးလုပ်ဆောင်နေတဲ့အတွက်ကြောင့် ကောင်းမွန်တဲ့ ရည်ရွယ်ချက်နဲ့ပဲ ဆက်ပြီးတော့ရောက်ရှိတဲ့ နေရာဒေသမှာ ကောင်းမွန်တဲ့အရာတွေကို ဆက်ပြီး လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အကုန်လုံးက အပတ်စဉ်တစ်ခုနဲ့ တစ်ခုသာမတူတာ ဒါပေမဲ့ အကုန်လုံးက ဒီရည်ရွယ်ချက်တစ်ခုတည်းနဲ့ပဲ သွားနေတဲ့သူတွေမို့လို့ ကောင်းမွန်တဲ့ ရည်ရွယ်ချက်တွေတွေးပြီးတော့ ဆောင်ရွက်သွားကြမယ်လို့ ကျွန်တော် ပြောချင်ပါတယ်”ဟု ပြောသည်။

“ယောကျ်ားတိုင်းကတော့ တတ်သင့်တတ်ထိုက်တဲ့ ပညာရပ်ကိုတော့ တတ်ရမှာဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ဟိုးတုန်း



တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားစဉ်။



ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားစဉ်။







အားလုံးဒီသင်တန်းကနေပြီးတော့ ကျွန်တော်ရည်မှန်းထားတာပေါ့။ တတ်မြောက်မယ်လို့လည်း ကျွန်တော်ထင်တယ်။ ကျွန်တော့်ရဲ့ ပြည်သူတွေကို ဘယ်လိုမျိုး ကာကွယ်ရမလဲ၊ ဘယ်လိုမျိုးစောင့်ရှောက်ရမလဲ၊ ပြီးတော့ နောက်ဆုံး ကျွန်တော်တို့သင်တန်းသားအချင်းချင်းတောင်မှ ဘယ်လိုမျိုး ကာကွယ်ပေးရမလဲ၊ လဲနေရင်တောင်မှ ဘယ် လိုပြန် ထူပေးရမလဲဆိုတာကအစ အကျိုးကျေးဇူးတွေရရှိလိမ့်မယ်လို့ တွေးမိပါတယ်”ဟု ပြောသည်။ (၁၀၀)

ကမြန်မာမင်းတွေကလည်း အဋ္ဌာရသ ၁၈ ရပ်ကို သူတို့သင်ခဲ့ရတာပဲ။ အခုလည်း ကျွန်တော်တို့ ဒီမှာသင်ကြားပေးမယ့် ကိုယ်စီ(၁၈)ပုဒ်ဆိုတဲ့ ဆရာတွေပြောတဲ့ဟာကို ကျွန်တော်တို့က အဋ္ဌာရသ ၁၈ ရပ်ပုံစံမျိုးနဲ့ သင်ကြားသွားမှာဖြစ်ပါတယ်။ အခုမှ ဒီပြည်သူ့စစ်မှုထမ်း၌ပဒေရှိခဲ့တာမဟုတ်ပါဘူး။ ဟိုးမြန်မာဘုရင်ခေတ်တွေမှာကတည်းက ရှိခဲ့တာပါ။ ထောင်ပြုမြို့၊ ရာပြုမြို့၊ ဆယ်ပြုမြို့တွေမှာ သူတို့က တစ်မြို့ကို တစ်ထောင်ပေးရမယ်။ ရာပြုမြို့ဆိုရင် တစ်ရာပေးရမယ်။ ဆယ်ပြုမြို့ဆိုရင် တစ်ဆယ်ပေးရမယ်ဆိုတဲ့ ဟိုးမြန်မာဘုရင်အဆက်ဆက်ကတည်းက ဒါတွေရှိခဲ့တာမို့လို့ လုပ်ဆောင်ရမယ်လို့ ထင်ပါတယ်”ဟု ပြောသည်။

“ကျွန်တော့်ရဲ့ စိတ်သဘောဆန္ဒအရလည်းပါတဲ့အတွက်ကြောင့်မို့လို့ ဒီသင်တန်းကို တက်ခဲ့တာပါ။ တက်တဲ့အခါမှာ ဘယ်လိုကျေးဇူးတွေရမလဲဆိုတော့ ဒီသင်တန်းကနေစတက်လို့ရှိရင် နေထိုင်မှု၊ စားသောက်မှုပြီးတော့ လူမှုဆက်ဆံရေးတွေ ပြောဆိုမှုတွေ



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Yinmabin District completes cultivation of more than 80,000 acres of sunflower

YINMABIN March 17

A total of 83,682 acres of sunflower has been planted as cold season crops in Yinmabin Township of Sagaing Region, according to the Yinmabin District Agriculture Department.

Local authorities set a plan to cultivate 83,650 acres of sunflower in the district but farmers could grow 83,682 acres of crops, exceeding the target cultivation. Cultivation of sunflower aims to reduce import of palm oil from abroad. Oil yield of sunflower is larger than groundnut and sesame. The majority of farmers grow sunflower in winter."

Daw Myat Moe Win, Head of Yinmabin District Agriculture Department disclosed: "This cold season, we earmarked cultivation of 83,650 acres of winter sunflower in the district. But, farmers have planted 83,682 acres of crops, exceeding the target cultivation. Cultivation of sunflower aims to reduce import of palm oil from abroad. Oil yield of sunflower is larger than groundnut and sesame. The majority of farmers grow sunflower in winter."

In Yinmabin District, local farmers planted 18,561 acres of sunflower in Yinmabin Township, 16,897 acres in Kani Township, 17,242 acres in Salingyi Township and 30,982 acres in Pale Township, totalling 83,682 acres.

In 2024-2025 cold season, Yinmabin Township earmarked cultivation of 18,596 acres of sunflower, Kani Township 17,242 acres, Salingyi Township 16,830 acres and Pale Township, 30,982 acres, totalling 83,650 acres.

Officials of the relevant township Agriculture Department conduct training for local farmers and agricultural staff to enhance their capacity so as to grow sunflower successfully.

This year, officials of the relevant departments arrange distribution of quality seeds of crops, and sale of urea fertilizers at fair prices for local farmers with a plan to exchange of quality seeds among farmers.

SK

Bogale Township sells 65,000 viss of dried Swimbladder to Yangon Market

BOGALE March 17

It has been reported that Bogale Township of Ayeyawady Region was able to sell up to 65,000 viss of dried Swimbladder to the Yangon market. According to Daw Khin Khin, the operator of the Bogale Township Dried Fish Commodity Centre.

"The dried Swimbladders are taken out from sea fish such as conger eel, Scarus ghobban and Crocker, which are carefully processed, and dried in a systematic manner. Dried Swimbladders are then shipped and sold, starting in the first week of October. Sales in the Yangon market have been increasing ever since, especially for the dried Swimbladders from Bogale Township and other regional products, which are mostly exported to the domestic market in Yangon. The process of shipping and selling has been smooth, and there have been no major difficulties,"said Daw Khin Khin, the operator of the Bogale Township dried fish commodity centre.

SK





Corn trading booming in Kyonpyaw Township

KYONPYAW March 17

"Trading of corns produced in Kyonpyaw Township of Ayeyawady Region is booming in the regions," said Daw Su Su Khaing, the owner of agricultural produce wholesale trading in Kyonpyaw Township.

Starting from the second week of January 2025, corns are being harvested in Kyonpyaw Township. At present, the crops are marketable in the region, trading some 11,000 pieces of corns per day.

Daw Su Su Khaing explained: "Now, trading of corns is higher than the previous year. Local farmers are harvesting corns. Thanks to booming trade of crops, local farmers and those in production chains are conveniently in their livelihoods. Moreover, merchants send corns to Yangon market."

Entrepreneurs from agricultural produce trading in Kyonpyaw Township purchase corns from local farmers and send them to Yangon market by truck. The domestic corps are free from pests.

SMK

Soya bean planted on more than 11,000 acres of croplands in Kalay District

KALAY March 17

According to the statistics from the Agriculture Department of Kalay District, Sagaing Region, a total of 11,344 acres of soya bean have already been cultivated during this year's winter crop planting season.

During the 2024-2025 winter crop cultivation season, Kalay District planned to cultivate 11,195 acres of soya bean. Planting began in October 2024, and as of today, 11,344 acres of crops have been successfully planted, exceeding the planned acreage. Of this total, 9,144 acres of soya bean were planted in Kalay Township, 258 acres in Kalewa Township, and 1,942 acres in Mingin Township.

Kalay District Agriculture Department Head, U Aung, stated: "This year, local authorities aimed to cultivate 11,195 acres of soya bean during the winter crop season in Kale District. As of today, 11,344 acres have already been planted, surpassing our target. Measures will continue to ensure there are no pest infestations, and educational campaigns are being implemented. Farmers are being advised on acquiring necessary seeds and other inputs, ensuring they are well-informed."

The planned distribution of acreage for soya bean cultivation this season was 8,979 acres in Kalay Township, 260 acres in Kalewa Township, and 1,956 acres in Mingin Township. The Kalay District Agriculture Department has been working to support farmers with high-quality seeds, proper planting techniques, pest control measures, systematic use of fertilizers, and methods to improve crop yields.

Moreover, efforts are underway to enhance the yield and quality of legume crops in this season's planting. This includes providing necessary quality seeds, strengthening input supplies, and offering post-harvest technology and knowledge through close collaboration with farmers.

SMK

Ayadaw Township finishes harvesting of more than 24,000 acres of winter sesame



AYADAW March 17

According to records from the Monywa District Agriculture Department, all 24,747 acres of winter sesame planted during this year's winter crop season in Ayadaw Township, Monywa District, Sagaing Region, have been fully harvested.

In Ayadaw Township, a total of 24,747 acres of winter sesame were cultivated this season. Harvesting of the sesame fields began in December 2024, and as of now, 100 percent of the crops have been harvested, yielding an average of 18 baskets per acre.

"The winter sesame cultivation for this year in Ayadaw Township covered 24,747 acres, and we've now completed harvesting 100 percent of the cultivated fields. Year by year, sesame cultivation has been improving, and as an oil crop, it is achieving remarkable success," said Daw San San Myint, head of the Monywa District Agriculture Department.

Officials of the Agriculture Department in Ayadaw Township has been providing support to sesame farmers by encouraging expanded cultivation, promoting improved cultivation techniques, introducing the GAP (Good Agricultural Practices) system, and guiding them to use high-quality and high-yield seeds.

Crops cultivated under the GAP system are of higher quality compared to those grown using other methods. They fetch better market prices and have the advantage of being exportable, not only to local markets but also to international markets. As a result, farmers adopting the GAP system benefit from increased profitability and their socioeconomic conditions are expected to improve significantly.

SMK

Durians from Mon State popular in the local market

MUDON March 17

Durians produced from Mon State's Mudon Township have been offered better prices, according to durian farmers.

Durians grown in Mudon are called No 2, and the fruits were purchased for Ks-30,000 per kilogramme at farms for transporting to Yangon, where consumers enjoy the fruit a lot.

"Durians are available now. Some of the first batches are also nearing being picked. It is not the species from Ye but a Myanmar species, and we call it No 2 durian. Now, it is being offered at Ks-30,000 for a kilogramme to transport to the Yangon market. Last year, the per kilogramme price was Ks-15,000, so now is better. Durian is a marketable fruit, so the trade is good," said a durian farmer in Mudon Township.

There are different durian varieties such as Monthong durian, Chani durian, Musang King durian, Black Thorn durian and No 2 durian, and the production is highest in May, June and July in Myanmar. This year's production is large.

Thai durians Monthong and Chani, which have thick flesh, sold well last month. **SK**

Merchants supply 73,000 viss of featherback to Yangon market

BOGALE March 17

"Local merchants and fishermen from Bogale Township of Ayeyawady Region sold 73,000 viss of featherback to Yangon market in December," said Daw Myint Myint Khaing, the owner of fishery product trading wholesale centre in Bogale Township.



Merchants systematically process featherback in Bogale Township and sell them to Yangon market. In November, they dispatched 50,000 viss of featherback to Yangon but 73,000 viss in December.

Daw Myint Myint Khaing unveiled: "Starting from the first week of December, the demand of featherback has been higher and higher at Yangon market. So, we sold 73,000 viss of fish to Yangon market. Demand for fish is still higher in January. Thanks to high demand, local fishermen and merchants as well as those in production chains are convenient in their livelihoods."

Featherback fetches Ks-15,500 to Ks-22,000 per viss in Yangon market. Now, local fishermen and all workers in production chains are earning increased incomes from fishery sector.**SK**

Fisheries Dept to distribute fingerlings at affordable prices

NAY PYI TAW March 17

The Department of Fisheries under the Ministry of Agriculture, Livestock, and Irrigation will sell freshwater fingerling species, which are currently popular with consumers, at affordable prices at 25 fishery camps in various regions and states across the country.

Starting in April, fish farmers will begin introducing healthy, fast-growing fingerlings into their ponds. They will be able to purchase a variety of commercially valuable fish, including rohu, carp, barb, Catla, common carp, river catfish, silver pomfret, and more, at affordable prices from 25 fishery camps across various regions and states.

Interested buyers can contact the Yezin Fishery Camp in Nay Pyi Taw, the Hlawga Fishery Camp in Yangon, the Laydauntkan Fishery Camp in Yangon, the Bago Fishery Camp, the Thayetgon Fishery Camp in Mandalay, the Thaton Fishery Camp in Thaton, the Pathein Fishery Camp, and the Maubin Fishery Camp.

The Department of Fisheries also conducts water quality tests and identifies fish diseases.

SMK

More than 8,000 acres of kidney bean planted in Homalin Township

HOMALIM March 17

Statistics of Homalin Township Agriculture Department mentioned that a total of 8,024 acres of kidney bean has been planted in Homalin Township of Sagaing Region.

Local authorities earmarked cultivation of 9,497 acres of kidney bean in 2024-2025 cold season but farmers could grow 8,024 acres, against the target cultivation.

Daw Su Su Htwe, the Head of Homalin Township Agriculture Department explained: "Local farmers have planted 8,024 acres of kidney bean against the target cultivation of 9,497 acres in the township. Our department provided quality seeds of crops, agricultural inputs and post-harvest technology for local farmers in order to ensure higher quality of crops."

Officials of Township Agriculture Department helped local farmers with recommendations to use GAP systems, quality strains of crops and expand sown acreage of crops.

The crops planted in GAP system will be produced with higher quality than the crops planted in ordinary techniques, fetching good prices at the market at home and abroad, benefiting local farmers to improve their incomes and socioeconomic life. **SMK**

Duterte's son vows to 'fight back' against father's ICC arrest

MANILA March 17

The son of former Philippines President Rodrigo Duterte has vowed to "fight back" against his father's detention by the International Criminal Court. Sebastian 'Baste' Duterte, currently the mayor of Davao City, called on supporters to "stand up" against what he claims is the illegal arrest of his father.

Rodrigo Duterte, 79, was arrested by Philippines authorities at Manila's international airport last week and flown to The Hague, where he is standing trial on charges of crimes against humanity linked to his 'war on drugs' policy.

According to the ICC arrest warrant, the former president allegedly organized "death squads" that carried out extrajudicial killings of suspected drug dealers and users between 2016 and 2022.

Baste Duterte has claimed that his father's arrest "sets a dangerous precedent," while other officials in the Philippines have also criticized the extradition of the former leader.

"We will stand up and we will fight back," he said.

The ICC began investigating Duterte's anti-drug campaign in 2018, focusing on allegations of extrajudicial killings and police brutality. Activists claimed innocent people, including children, were killed, while police insisted they acted in self-defense. Duterte has denied wrongdoing but admitted the crackdown was violent. Officially, 6,200 people were killed, though experts believe the toll is much higher.

Some human rights advocates have called the arrest of the former president illegal as the Philippines formally withdrew from the ICC in 2019 on Duterte's orders. The Hague-based court insists that it retains jurisdiction over crimes that may have been committed while the country was a signatory to it.

Rodrigo Duterte's lawyers have filed a petition accusing the Philippines government of "kidnapping" and arguing that his extradition violated both domestic law and the ICC regulations. **RT**

Yemen's Houthis say launched retaliatory attack on U.S. aircraft carrier in Red Sea



SANAA March 17

Yemen's Houthi group said it launched a retaliatory attack against the USS Harry S. Truman aircraft carrier in the Red Sea on Sunday in response to dozens of U.S. airstrikes on its positions.

"The American enemy launched a blatant aggression against our country with more than 47 air raids targeting Sanaa and seven other governorates," Houthi military spokesperson Yahya Sarea said in a televised statement aired by Houthi-run al-Masirah TV.

"In response to the aggression, we carried out a military operation, targeting USS Harry S. Truman and its escorts with a drone and 18 ballistic and cruise missiles," Sarea stated.

The Houthi attack came after the Houthi Supreme Political Council -- the group's highest governing authority -- vowed a "painful" retaliation, framing the American attacks as support for Israel and warning they would "drag the situation to a more severe and painful level."

The spokesperson also confirmed that his group would "continue to impose a naval blockade on the Israeli enemy" in its area of operations, including the Red Sea, the Arabian Sea, the Gulf of Aden, and the Bab al-Mandab Strait, until the entry of aid into Gaza is permitted.

U.S. warplanes launched extensive airstrikes across northern Yemen on Saturday night, targeting multiple Houthi-controlled locations. According to the latest Houthi estimates on Sunday, the bombardment resulted in at least 53 deaths and 98 injuries.

This is the first U.S. military operation against the Houthi group since U.S. President Donald Trump assumed power in January and redesignated the group as a "foreign terrorist organization."

Trump warned on the social media platform Truth Social on Saturday that if the Houthis do not stop their attacks on the Red Sea shipping, "hell will rain down upon you like nothing you have ever seen before," claiming the U.S. aerial attacks on the "terrorists' bases, leaders, and missile defences were to protect American shipping, air, and naval assets, and to restore navigational freedom."

The U.S. Central Command said earlier on X platform that the airstrikes were launched from a U.S. aircraft carrier north of the Red Sea.

The U.S. airstrikes came days after the Houthi group announced on Tuesday that it would resume launching attacks against Israeli-linked shipping until the crossings of the Gaza Strip are reopened and aid allowed in. **Xinhua**

US to exit EU-led investigation on Russia – NYT

WASHINGTON March 17

The administration of US President Donald Trump is retreating from initiatives aimed at investigating and prosecuting alleged Russian crimes linked to the Ukraine conflict, the New York Times reported on Monday.

According to sources cited by the newspaper, the US Department of Justice (DOJ) will withdraw from the EU-backed International Center for the Prosecution of the Crime of Aggression against Ukraine (ICPA),established to investigate Russia, Belarus, North Korea, and Iran for the alleged crime of international aggression.

The US became the only non-European ICPA member when it joined in 2023. Sources have told the NYT that Washington had informed EU countries about its imminent exit ahead of a formal announcement.

US government officials reportedly justified the withdrawal by citing a broader reduction in expenditures. The DOJ had pledged US$-1 million to support European investigators when US participation was initially announced.

Additionally, Washington is curtailing operations of a DOJ team known as WarCAT, formed in 2022 to train Ukrainian prosecutors on charging and trying Russians for alleged war crimes, according to NYT sources. **RT**

At least six killed in fireworks blasts across Iran ahead of Fire Festival

TEHRAN March 17

At least six people were killed and 458 others injured in fireworks explosions across Iran in the past 26 days leading up to the Fire Festival, which will be celebrated on Tuesday, Iran's official news agency IRNA reported Monday.

Of those injured, 60 were hospitalized, IRNA reported, quoting Babak Yektaparast, spokesman for Iran's Emergency Medical Services Organization, who offered details on casualties related to the making, storing, and use of fireworks between February 19 and March 16.

He said 44 people had underwent amputations, 88 sustained eye injuries, and 219 suffered burns.

The traditional Fire Festival, also known as Chaharshanbe Suri, is celebrated by Iranians on the eve of the last Wednesday before Nowruz, the Iranian New Year, which falls on March 21 this year. Each year, casualties are reported in the lead-up to the festival due to the making, storing, and early use of fireworks.

The festival is celebrated by jumping over bonfires and using firecrackers in public places as part of the rituals to bid farewell to the old year and welcome the new one. **Xinhua**

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Trump unveils date for next call with Putin





US President Donald Trump has announced that he expects to hold a phone conversation with his Russian counterpart, Vladimir Putin, on Tuesday to discuss the prospects of a peace agreement in the Ukraine conflict.

Speaking to reporters aboard Air Force One on Sunday, Trump said he plans to speak with Putin on March 18, according to the AP.

"We will see if we have something to announce maybe by Tuesday. I will be speaking to President Putin on Tuesday. A lot of work's been done over the weekend. We want to see if we can bring that war to an end. We will be talking about land. We will be talking about power plants," Trump was quoted as saying.

US special envoy Steve Witkoff previously stated that Trump and Putin were expected to hold a telephone conversation this week to discuss efforts toward establishing a ceasefire in the Ukraine conflict. Witkoff, who recently met with Putin in Moscow, described the discussions as "positive" and indicated that both Russian and Ukrainian parties are now "a lot closer" in negotiations.

"I expect that there'll be a call with both presidents this week, and we're also continuing to engage and have conversations with the Ukrainians," Witkoff said.

On Saturday, US Secretary of State Marco Rubio held a separate phone call with Russian Foreign Minister Sergey Lavrov, during which the two top diplomats discussed further steps to reestablish direct communication between their countries.

The first formal telephone conversation between the Russian and US leaders in years took place on February 12, 2025. It was followed by high-level talks in Saudi Arabia on February 18, where Washington and Moscow agreed to assign teams to work on resolving the Ukraine conflict, restore embassy operations, and address other points of contention in bilateral relations. Since then, additional discussions have been held in Istanbul, focusing on diplomatic funding and a proposal from Moscow to reinstate direct flights.

Following negotiations in Jeddah last week, Ukraine agreed to a 30-day ceasefire. Shortly after, Witkoff traveled to Moscow on Thursday to present Putin with the details of the proposal.

The Russian President welcomed the ceasefire in principle but insisted on addressing several key issues first, including the fate of Ukrainian troops encircled in Russia's Kursk Region. While the details of Witkoff's meeting with Putin have not been made public, Trump hinted at progress, stating that the White House had received "some pretty good news" regarding the ceasefire efforts and that US-Russia meetings over the past several days had been "very productive."

RT

Hidden risk in your tap water could trigger deadly high cholesterol, experts discover



A chemical found in tap water that's been linked to cancer could also raise levels of harmful cholesterol, a study has suggested.

Called perfluorooctanoic acid, the substance has long been used in products such as frying pans and food packaging to stop materials like plastics sticking together.

But it is part of family of substances dubbed 'forever chemicals' — known to persist in both the environment and inside people's bodies for years without breaking down.

Now, US scientists have suggested the compound — which has previously been found in UK tap water supplies — could raise cholesterol levels, raising the risk of heart disease and strokes.

In the study, the scientists fed mice a high carbohydrate and fat diet, the equivalent to that consumed by the average modern American, and drinking water containing various levels of perfluorooctanoic acid.

The rodents were fed water with perfluorooctanoic acid doses ranging from 0.5, 1.4 or 6.2 mg per litre, for 14 weeks, to achieve an exposure level previously recorded in people.

Analysis found mice fed the medium and highest amounts of the chemical saw an increase in levels of LDL cholesterol in the blood and liver — the type most associated with health risks, often referred to as 'bad' cholesterol.

LDL cholesterol is a fatty substance that can accumulate in the blood vessels, forming deposits that can interfere with blood flow, risking heart attacks and strokes.

Writing in the journal Archives of Toxicology, the US experts observed that perfluorooctanoic acid appeared to be interfering with enzymes that help the liver eliminate the fatty substance.

'Approximately one-third of cholesterol is eliminated through conversion to bile [a digestive enzyme] and this pathway represents the major source of daily cholesterol turnover,' they said.

The scientists noted the chemical appeared to have a stronger impact on cholesterol in female mice, though they added this may be because the rodents drank more water than the males.

They added that further work was needed to explore the implications of perfluorooctanoic acid exposure in humans over long periods of time.

Perfluorooctanoic acid is one of many industrial substances that are commonly referred to as per-and-polyfluoroalkyl substances, or PFAS.

PFAS have previously found in British drinking supplies, in both tap and bottled water.

However, experts have found boiling the water, or using simple filtration jugs commonly available in stores, reduces PFAS concentration in water by up to 90 percent.

Concerns about the chemicals have been growing for years, and while some have been banned in certain countries, they remain widely used.

They are found in a swathe of everyday items, from non-stick cookware, clothing, food packaging, carpets, paints, toiletries, and period products.

Studies have linked exposure to a host of health issues including cancers of the kidney and testicles, lower immune response, impaired liver function, decreased birth weight and infertility.

While these links are not definitive, part of the concern is due to how widespread PFAS exposure is and how long they persist in the environment.

The UK Government currently sets a limit of 0.1microgram per litre for PFAS in UK drinking water.

An official report recorded one occasion in 2023 when a drinking water sample for England was above this level.

Patients have been urged for years to keep an eye on cholesterol and reduce their risk by eating fewer fatty foods, exercising more and cutting down on smoking and drinking.

Medications like statins, a daily pill taken by about 8 million patients, can also be prescribed to help lower cholesterol.

Cardiovascular disease causes about a quarter of all deaths in the UK, some 170,000 deaths each year.

That about 480 deaths a day, or one every three minutes according to the British Heart Foundation.

Mail Online

Health and Technology

အပူချိန်မြင့်တက်မှုက နှလုံးရောဂါဖြစ်ပွားရသည့် အဓိက အကြောင်းရင်းတစ်ခုဖြစ်သည်ဟု လေ့လာမှုသစ်တစ်ရပ်တွင်ဖော်ပြ



အပူချိန်မြင့်တက်မှုသည် ဩစတြေးလျနိုင်ငံရှိပြည်သူများ၌ နှလုံးရောဂါဖြစ်ပွားရသည့်အဓိကအကြောင်းရင်းတစ်ခုဖြစ်သည်ဟု လေ့လာမှုသစ်တစ်ရပ်က မတ်လ ၁၇ ရက်တွင် ဖော်ပြထားသည်။

လက်ရှိတွင် နိုင်ငံအတွင်းရှိ နှလုံးရောဂါဖြစ်ပွားမှုစုစုပေါင်း၏ ၇ ဒသမ ၃ ရာခိုင်နှုန်းသည် အပူချိန်မြင့်တက်မှုကြောင့်ဖြစ်သည်ဟု အဆိုပါလေ့လာမှုသစ်တွင် ဆက်လက်ဖော်ပြထားသည်။ ၂၀၀၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း အပူချိန်မြင့်တက်လာမှုကြောင့် နှစ်စဉ် လူထောင်ပေါင်းများစွာသေဆုံးခဲ့ရကြောင်း အက်ဒဲလေးတက္ကသိုလ်နှင့် ဩစတြေးလျသုတေသနကောင်စီမှ ရှာဖွေလေ့လာမှုအစီအစဉ်က ထောက်ပံ့ပေးထားသည့်လေ့လာမှုတွင် ဖော်ပြထားသည်။

နိုင်ငံအတွင်း၌ အပူချိန်မြင့်တက်မှုအများဆုံးဒေသမှာ တောင်ပိုင်းဒေသဖြစ်ပြီး မြောက်ပိုင်းနယ်မြေများသည် အပူချိန်မြင့်တက်မှုအနိမ့်ဆုံးဖြစ်ကြောင်း လေ့လာမှုအတွင်းဖော်ပြထားသည်။

ထို့ကြောင့် လာမည့်အနာဂတ်တွင် အပူချိန်ဆက်လက်မြင့်တက်လာပါက နိုင်ငံအတွင်း၌ နှလုံးရောဂါဖြစ်ပွားသူအရေအတွက်မှာ ဆက်လက်မြင့်တက်လာဖွယ်ရှိပြီး ၂၀၅၀ ပြည့်နှစ်ခန့်တွင် နှစ်ဆခန့် မြင့်တက်လာနိုင်သည်ဟု သုတေသီများကခန့်မှန်းထားသည်။

ရာသီဥတုပူပြင်းချိန် သို့မဟုတ် အပူချိန်မြင့်တက်ချိန်တွင် လူသားများ၏နှလုံးသည် လူသားများအေးစေရန်အတွက် ပိုမိုအလုပ်လုပ်ဆောင်ရလေ့ရှိပြီး ထိုသို့လုပ်ဆောင်ရခြင်းသည် အန္တရာယ်ရှိကြောင်း၊ အထူးသဖြင့် နှလုံးရောဂါရှိသူများအတွက် ပိုမိုအန္တရာယ်ရှိနိုင်ကြောင်း အက်ဒဲလေးတက္ကသိုလ် ပြည်သူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာဆေးဝါးဌာနမှ သုတေသီတစ်ဦးဖြစ်သူ ဘိုင်ပန်က ပြောကြားထားသည်။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံများအနေဖြင့် ရာသီဥတုပြောင်းလဲမှုကို လျော့ချနိုင်ရေး ပိုမိုလုပ်ဆောင်နိုင်မည်ဆိုပါက လာမည့် အနာဂတ်ကာလတွင် နှလုံးရောဂါနှင့် သက်ဆိုင်သည့် လူသေဆုံးမှုများကို ကမ္ဘာ့နိုင်ငံများ၌ လျော့ချနိုင်မည့်အလားအလာရှိသည်ဟု ဘိုင်ပန်က ဆက်လက် ပြောကြားထားသည်။ Ref: Xinhua

လျှပ်စစ်ကားများအား ၅ မိနစ်ကြာအားသွင်းပြီး အကွာအဝေး ၄၇၀ ကီလိုမီတာသို့ မောင်းနှင်စေနိုင်သည့် ဘက်ထရီနှင့် အားသွင်းစနစ်သစ်ကို BYD က ထုတ်ဖော်ပြသ

လျှပ်စစ်ကားများအား ၅ မိနစ်ကြာအားသွင်းပြီး အကွာအဝေး ၄၇၀ ကီလိုမီတာသို့ မောင်းနှင်စေနိုင်သည့် ဘက်ထရီနှင့် အားသွင်းစနစ်သစ်ကို တရုတ်လျှပ်စစ်ကားကုမ္ပဏီကြီးတစ်ခုဖြစ်သည့် BYD က ထုတ်ဖော်ပြသလိုက်သည်။


BYD ကထုတ်လုပ်ထားသည့် ဘက်ထရီနှင့် အားသွင်းစနစ်သစ်သည် စမ်းသပ်မှုများလုပ်ဆောင်စဉ် ၅ မိနစ်ကြာအားသွင်းပြီးနောက် အကွာအဝေး ၄၇၀ ကီလိုမီတာသို့ မောင်းနှင်နိုင်ခဲ့ကြောင်း အဆိုပါကုမ္ပဏီအား တည်ထောင်သူ ဝမ်ချွမ်ဖူက မတ်လ ၁၇ ရက်တွင်ပြောသည်။

အဆိုပါ ဘက်ထရီနှင့် အားသွင်းစနစ်သစ်ကို အနာဂတ်တွင် ထုတ်လုပ်မည့် လျှပ်စစ်ကားများ၌တပ်ဆင်သွားမည်ဖြစ်ပြီး ယင်းစနစ်သစ်သည် BYD ကုမ္ပဏီထုတ်လျှပ်စစ်ကားများအား လူကြိုက်များလာစေရန်ဆွဲဆောင်နိုင်မည်ဖြစ်သည်။ လက်ရှိတွင်အဆိုပါကုမ္ပဏီသည်အမေရိကန် Tesla ကုမ္ပဏီ၏ နောက်တွင် ရပ်တည်နေဆဲဖြစ်သည်။

သို့သော် Tesla ကုမ္ပဏီ၏ လျှပ်စစ်ကားများသည် ၁၅ မိနစ်ကြာအားသွင်းခြင်းအားဖြင့် အကွာအဝေး ၂၇၅ ကီလိုမီတာ၊ ဂျာမနီမှ Mercedes-Benz မှထုတ်လုပ်သည့် CLA ဆီဒင်ကားများသည် ၁၀ မိနစ်ကြာအားသွင်းပါက အကွာအဝေးအားဖြင့် ၃၂၅ ကီလိုမီတာ မောင်းနှင်နိုင်သည်။

ထို့ပြင် BYD ကုမ္ပဏီထုတ် လျှပ်စစ်ကားအသစ်များသည် ၂ စက္ကန့်အတွင်း တစ်နာရီလျှင် ၁၀၀ ကီလိုမီတာအရှိန်နှုန်းဖြင့်မောင်းနှင်နိုင်မည်ဖြစ်သည်ဟု ဝမ်ချွမ်ဖူက ဆက်လက်ပြောကြားသည်။ Ref: ST

တရုတ်၏ အာကာသမစ်ရှင်များအား အထောက်အကူပြုစေရန် အာကာသစက်ရုပ်နည်းပညာနှင့် စွမ်းအင်စင်တာက လကမ္ဘာပေါ်သို့ ဆင်းသက်နိုင်သည့် စက်ရုပ်များထုတ်လုပ်မည်



တရုတ်နိုင်ငံ၏ အာကာသမစ်ရှင်များအတွက် အထောက်အကူပြုစေရန် ဟောင်ကောင်အခြေစိုက်အာကာသစက်ရုပ်နည်းပညာနှင့် စွမ်းအင်စင်တာအား တည်ထောင်ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း ဟောင်ကောင်အထူးဒေသကြီးက ထုတ်ပြန်သည်။

အာကာသစက်ရုပ်နည်းပညာနှင့်စွမ်းအင်စင်တာအနေဖြင့် တရုတ်နိုင်ငံ၏ Chang'e-8 မစ်ရှင်တွင် အဓိကအခန်းကဏ္ဍမှပါဝင်မည်ဖြစ်ပြီး ထိုသို့ပါဝင်နိုင်ရန်အတွက် လကမ္ဘာပေါ်သို့ ဆင်းသက်နိုင်သည့် စက်ရုပ်များကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ဒေသအဖြစ် ထုတ်လုပ်မည်ဖြစ်ကြောင်း ဟောင်ကောင်သိပ္ပံနှင့်နည်းပညာတက္ကသိုလ်မှ ညွှန်ကြားရေးမှူး ယုဟုန်ယုက ပြောသည်။

ထို့ပြင် အာကာသစက်ရုပ်နည်းပညာနှင့် စွမ်းအင်စင်တာက ထုတ်လုပ်မည့်စက်ရုပ်များတွင် နှစ်မျိုးအသုံးပြုနိုင်သည့် စက်ရုပ်လက်များကို တပ်ဆင်ထားမည်ဖြစ်သောကြောင့် လကမ္ဘာ၏ မျက်နှာပြင်ပေါ်ရှိ နမူနာများကို စုဆောင်းနိုင်မည်ဖြစ်သည်။

အလားတူပင် လကမ္ဘာပေါ်ရှိ ကမ္ဘာမြေကြီး၏ ဆွေငင်အားနည်းပါးမှုနှင့်ပတ်ဝန်းကျင်အခြေအနေပြင်းထန်မှုတို့ကို တုံ့ပြန်နိုင်ရေးအတွက် စက်ရုပ်များအနေဖြင့် ပတ်ဝန်းကျင်အခြေအနေပြောင်းလဲမှုအပေါ် အခြေခံ၍ ၎င်းတို့ကိုယ်တိုင်အလိုအလျောက် ထိန်းချုပ်လုပ်ဆောင်နိုင်မည့် ဆော့ဝဲလ်များကိုလည်း အာကာသစက်ရုပ်နည်းပညာနှင့် စွမ်းအင်စင်တာက ထုတ်လုပ်လျက်ရှိသည်။ Ref: Xinhua

အမေရိကန်၏တိုက်ခိုက်မှုများကို တုံ့ပြန်သည့်အနေဖြင့် ဟူသီသူပုန်အဖွဲ့က အမေရိကန်လေယာဉ်တင်သင်္ဘော်အုပ်ကို နှစ်ကြိမ်တိုက်ခိုက်ခဲ့

ဆာနား၊ စစ်ရေး

အီရန်နိုင်ငံက ထောက်ခံထားသည့် ယီမင်ရှိ ဟူသီသူပုန်အဖွဲ့သည် အမေရိကန်၏ လေကြောင်းမှ တိုက်ခိုက်မှုများကို တုံ့ပြန်သည့်အနေဖြင့် ၂၄ နာရီအတွင်း အမေရိကန်လေယာဉ်တင် သင်္ဘော်အုပ်ကို နှစ်ကြိမ်တိုက်ခိုက်ခဲ့သည်ဟု အဆိုပါသူပုန်အဖွဲ့က မတ်လ ၁၇ ရက်တွင်ထုတ်ပြန်ခဲ့ကြောင်းသိရသည်။

ဟူသီသူပုန်အဖွဲ့သည် ပင်လယ်နီအတွင်းရှိ USS Harry Truman လေယာဉ်တင် သင်္ဘော်အပါအဝင် သင်္ဘော်အုပ်ကို မောင်းသူမဲ့လေယာဉ်အပါအဝင် ဒုံးကျည် ၁၈ စင်းဖြင့် တိုက်ခိုက်ခဲ့ကြောင်း သူပုန်အဖွဲ့ကထုတ်ပြန်သည့် ကြေညာချက်ကို ၎င်းတို့၏ဝက်ဆိုက်ပေါ်တွင် ဖော်ပြထားသည်။

အမေရိကန်လေယာဉ်တင်သင်္ဘော်အုပ်ကို တိုက်ခိုက်ခြင်းသည် ယီမင်နိုင်ငံအတွင်း အမေရိကန်က ဆက်လက်လုပ်ဆောင်နေသည့် ရန်စမှုနှင့် တိုက်ခိုက်မှုများကို လက်တုံ့ပြန်ခြင်းဖြစ်ကြောင်း ဟူသီသူပုန်အဖွဲ့မှပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားထားကြောင်းသိရသည်။

အမေရိကန်အစိုးရအနေဖြင့် ဟူသီသူပုန်များက ပင်လယ်နီအတွင်းသွားလာနေသည့် အမေရိကန်သင်္ဘော်များအပေါ် တိုက်ခိုက်နေခြင်းကို ရပ်တန့်နိုင်သည်အထိ အဆိုပါသူပုန်အဖွဲ့အား တိုက်ခိုက်ချေမှုန်းမည်ဟု သမ္မတဒေါ်နယ်ထရမ့်က ပြောကြားထားပြီး ထိုသို့လုပ်ဆောင်နိုင်ရန်အတွက် လည်း အင်အားကို အသုံးပြုသွားမည်ဖြစ်



ကြောင်း ထုတ်ပြန်ထားသည်။

အီရန်က ကျောထောက်နောက်ခံပြုပေးထားသည့် ဟူသီသူပုန်အဖွဲ့သည် အစ္စရေး-ပါလက်စတိုင်းပဋိပက္ခတွင် ပါလက်စတိုင်းတို့အား ထောက်ခံထားပြီး ဂါဇာစစ်ပွဲတစ်လျှောက်လုံးတွင် အစ္စရေးနှင့် ပင်လယ်နီအတွင်း သွားလာနေသည့် သင်္ဘော်များအား တိုက်ခိုက်ခဲ့ကြောင်း သိရသည်။ Ref: Aa, F24

အပစ်အခတ်ရပ်စဲရေးအတွက် ရုရှားနှင့်အမေရိကန်တို့က မကြာမီ သဘောတူညီချက်ချမှတ်နိုင်မည်ဟု အမေရိကန်အထူးသံတမန်ပြော



ဝါရှင်တန်၊ အပစ်အခတ်ရပ်စဲရေး

ယူကရိန်းနိုင်ငံတွင် အပစ်အခတ်ရပ်စဲရေးအတွက် ရုရှားနှင့်အမေရိကန်တို့က မကြာမီ သဘောတူညီချက်ချမှတ်နိုင်မည်ဟု အမေရိကန်အထူးသံတမန် စတီဗ်ဝစ်တော့ဂ်က ပြောကြားလိုက်ကြောင်း သိရသည်။

ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ ရုရှားသမ္မတဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်တို့ကြား တယ်လီဖုန်းမှတစ်ဆင့် ပြောဆိုဆွေးနွေးမှုများကို မတ်လ ၁၈ ရက်တွင် လုပ်ဆောင် နိုင်ဖွယ်ရှိသည်ဟု သမ္မတဒေါ်နယ်ထရမ့်၏ အထူးသံတမန် စတီဗ်ဝစ်တော့ဂ်က အမေရိကန်မီဒီယာတစ်ခုသို့ မတ်လ ၁၆ ရက်တွင် ပြောကြားခြင်းဖြစ်သည်။

အပစ်အခတ်ရပ်စဲရေးနှင့်စပ်လျဉ်း၍ အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး မိုက်ဝေါ်၊ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မားကိုရူဗီယိုတို့၏ ဆော်ဒီအာရေဗျနိုင်ငံအတွင်း ကျင်းပသည့် ဧစ္စစပ်ဆွေးနွေးပွဲများမှလည်း အပြုသဘောဆောင်သည့် ရလဒ်များထွက်ပေါ်လာခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ပြင် စတီဗ်ဝစ်တော့ဂ်၏ ရုရှားနိုင်ငံခရီးစဉ်တွင်လည်း ရုရှားသမ္မတပူတင်နှင့်တွေ့ဆုံ၍ အမေရိကန်နှင့် ယူကရိန်းအစိုးရတို့က သဘောတူထားသည့် အပစ်အခတ်ရပ်စဲရေးအဆိုပြုချက် အသေးစိတ်ကို ပူတင်ထံသို့ ပေးအပ်ခဲ့သည်။


အဆိုပါခရီးစဉ်တွင် စတီဗ်ဝစ်တော့ဂ်နှင့် သမ္မတပူတင်တို့ကြားဆွေးနွေးမှုသည် ၃ နာရီခွဲခန့်ကြာမြင့်ခဲ့ပြီး ၎င်းဆွေးနွေးမှုသည် အပြုသဘောဆောင်သည့် အကျိုးဆက်များကို ထွက်ပေါ်လာ စေခဲ့သည်ဟု စတီဗ်ဝစ်တော့ဂ်က ပြောကြားခဲ့ကြောင်း သိရသည်။ **Ref: RT**

အီးယူကဦးဆောင်သည့် အပြည်ပြည်ဆိုင်ရာစုံစမ်းစစ်ဆေးရေး စင်တာမှ အမေရိကန်နုတ်ထွက်ရန်စီစဉ်

ဝါရှင်တန်၊ နိုင်ငံရေး

အမေရိကန်အစိုးရသည် အီးယူကဦးဆောင်သည့် အပြည်ပြည်ဆိုင်ရာစုံစမ်းစစ်ဆေးရေးစင်တာမှ နုတ်ထွက်ရန် စီစဉ်လျက်ရှိကြောင်း New York Times က မတ်လ ၁၇ ရက်တွင် ဖော်ပြသည်။

ဒေါ်နယ်ထရမ့်ဦးဆောင်သည့် အမေရိကန်အစိုးရသည် ယူကရိန်းနိုင်ငံတွင် ရုရှားက ကျူးလွန် သည့်ပြစ်မှုများကို စုံစမ်းစစ်ဆေးသည့် အပြည်ပြည်ဆိုင်ရာစုံစမ်းစစ်ဆေးရေးစင်တာမှ နုတ်ထွက်ရန် စီစဉ်လျက်ရှိသည်ဟု အမေရိကန်တရားရေးဝန်ကြီးဌာနနှင့် နီးစပ်သည့်အရင်း အမြစ်များက သတင်းစာသို့ ပြောကြားခြင်းဖြစ်သည်။



အဆိုပါစုံစမ်းစစ်ဆေးရေးစင်တာသည် အီးယူအဖွဲ့က ကျောထောက်နောက်ခံပြု၍ အမေရိကန်အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို စုံစမ်းစစ်ဆေးရန် ရည်ရွယ်ချက်ဖြင့် ၂၀၂၃ ခုနှစ်မှစ၍ အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသည် အပြည်ပြည်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးစင်တာတွင် ပါဝင်သည့် တစ်ခုတည်းသော ဥရောပနိုင်ငံမဟုတ်သည့် နိုင်ငံဖြစ်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာစုံစမ်းစစ်ဆေးရေးစင်တာသည် ရုရှား၊ ဘယ်လာရုစ်၊ မြောက်ကိုရီးယားနှင့် အီရန်နိုင်ငံတို့အပေါ် စုံစမ်းစစ်ဆေးသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ **Ref: RT**

နိုင်ငံတကာသတင်းတိုကလွှာ

သမ္မတဟောင်းဒူတာတေအား အပြည်ပြည်ဆိုင်ရာရာဇဝတ်တရားရုံးက ဖမ်းဆီးမှုအပေါ် ဖိလစ်ပိုင်ပြည်သူများက နိုင်ငံတစ်ဝန်းလုံး၌ ဆန္ဒပြ

ဖိလစ်ပိုင်သမ္မတဟောင်း ရီဒရီဂိုဒူတာတေအား အပြည်ပြည်ဆိုင်ရာရာဇဝတ်တရားရုံးက ဖမ်းဆီးမှုအပေါ် ဒူတာတေအားထောက်ခံသူ ဖိလစ်ပိုင်ပြည်သူများက နိုင်ငံတစ်ဝန်းလုံး၌ ဆန္ဒပြခဲ့ကြောင်းသိရသည်။

အသက် ဂု၉ နှစ်အရွယ်ရှိဒူတာတေသည် ၎င်းသမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ကာလအတွင်း လုပ်ဆောင်ခဲ့သည့် မူးယစ်ဆေးဝါးနှိမ်နင်းမှုတွင် လူသားချင်းစာနာမှုအပေါ် ကျူးလွန်ခဲ့သည့်ပြစ်မှုများကြောင့်ဟုဆိုကာ အပြည်ပြည်ဆိုင်ရာရာဇဝတ်တရားရုံးက ဖမ်းဆီးမိန့် ထုတ်ပြန်ပြီးနောက် ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ၎င်းအား ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ဒူတာတေအား ဖမ်းဆီးရန် နိုင်ငံတကာရဲတပ်ဖွဲ့ကို လက်ရှိသမ္မတ ဖာဒီနန်မားကို့စ် ဂျူနီယာက ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဖိလစ်ပိုင်ဆန္ဒပြသူများက ပြီးခဲ့သည့် ရက်သတ္တပတ် အကုန်ပိုင်း၌ ၎င်းတို့၏ဆန္ဒကို ထုတ်ဖော်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ဆန္ဒပြသူများသည် ဒူတာတေဖမ်းဆီးခံရမှုအပေါ် လက်ရှိ ဖာဒီနန်မားကို့စ် ဂျူနီယာ အစိုးရအား ပြစ်တင်ရှုတ်ချခဲ့သည့်အပြင် ဒူတာတေအား ဖိလစ်ပိုင်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ရန် ကြိုးပမ်းသည့်အနေဖြင့် သမ္မတဟောင်းဒူတာတေ၏အမည်ကို တစ်ပြိုင်နက်တည်းဟစ်ကြွေး၍ ၎င်းအားထောက်ခံကြောင်း ပြသခဲ့ကြသည်။ **Ref: Crn**

တောင်ကိုရီးယားတွင် စစ်သုံးမောင်းသူမဲ့လေယာဉ်တစ်စင်းနှင့် ရဟတ်ယာဉ်တစ်စင်းတို့ တိုက်မိ

တောင်ကိုရီးယားနိုင်ငံတွင်မတ်လ ၁၇ ရက်က စစ်သုံးမောင်းသူမဲ့လေယာဉ်တစ်စင်းနှင့် ရဟတ်ယာဉ်တစ်စင်းတို့ တိုက်မိခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြသည်။

အဆိုပါမတော်တဆမှုသည် ယန်ကျူးကြည်းတပ်မတော် လေယာဉ်ကွင်း၌ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခန့်က ဖြစ်ပွားခြင်းဖြစ်ပြီး စစ်သုံးမောင်းသူမဲ့လေယာဉ်က လေယာဉ်ကွင်းသို့ ဆင်းသက်လာသည့် ရဟတ်ယာဉ်အား ဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း ယွန်ဟပ်သတင်းအေဂျင်စီ ကဖော်ပြသည်။

အဆိုပါလေယာဉ်ကွင်းသည်ဆိုးမြို့တော်၏မြောက်ဘက်ဂုဝကီလိုမီတာအကွာတွင်ထားသည်ကို သိရသည်။

မတော်တဆတိုက်မိပြီးနောက် မောင်းသူမဲ့လေယာဉ်နှင့် ရဟတ်ယာဉ်တို့မှာ မီးစွဲလောင်ပြီး ပျက်စီးသွားကြောင်း၊ သို့သော် ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်းနှင့် အာဏာပိုင်အဖွဲ့က အဆိုပါ ဖြစ်စဉ်အား စုံစမ်းစစ်ဆေးလျက်ရှိကြောင်းသိရသည်။ **Ref: Xinhua**

တောင်ကိုရီးယားတွင် ဆေးရုံ ၁၃ ရုံ၏ ကုသမှုပေးရန် ငြင်းဆိုခြင်းကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး လူနာတင်ယာဉ်ပေါ်တွင် ကလေးမီးဖွားခဲ့ရ

ဆိုး၊ ကျန်းမာရေး

တောင်ကိုရီးယားနိုင်ငံတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးသည် ဆေးရုံ ၁၃ ရုံ၏ ငြင်းဆိုမှုကြောင့် လူနာတင်ယာဉ်တစ်စီးအတွင်း၌ ကလေးမီးဖွားခဲ့ရကြောင်း အင်ချွန်ကယ်ဆယ်ရေးအာဏာပိုင်အဖွဲ့က မတ်လ ၁၇ ရက်တွင် ပြောသည်။

အဆိုပါကိုယ်ဝန်ဆောင်အမျိုးသမီးမှာ အသက် ၃၀ ကျော်အရွယ်ရှိ ဗီယက်နမ်နိုင်ငံသား တစ်ဦးဖြစ်ပြီး မတ်လ ၁၆ ရက် သန်းခေါင်ယံကျော်တွင် အင်ချွန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်း၌ မွေ့လဲသွားခြင်းကြောင့် ကျန်းမာရေးအာဏာပိုင်အဖွဲ့သို့ အကြောင်းကြားခဲ့သည်။

ယင်းနောက် ကယ်ဆယ်ရေးအဖွဲ့များသည် ၎င်းအား အင်ဟာတက္ကသိုလ်ဆေးရုံသို့ပို့ဆောင်ရန်ကြိုးပမ်းခဲ့သော်လည်း ဆေးရုံမှဝန်ထမ်းများက ၎င်းအမျိုးသမီးအား ကုသမှုပေးအပ်ရန် ငြင်းဆိုခဲ့ကြောင်းသိရသည်။

ထို့ပြင် အနီးအနားရှိ ဆေးရုံများကလည်း ၎င်းအား ကုသပေးရန် ငြင်းဆိုခဲ့ရာမှ ကယ်ဆယ်ရေးအဖွဲ့ဝင်များက ၎င်းအမျိုးသမီးအား လူနာတင်ယာဉ်တစ်စီးအတွင်းသို့ ပို့ဆောင်ပေးခဲ့ရခြင်းဖြစ်သည်။ ယင်းနောက် ၂ နာရီအကြာတွင် ၎င်းအမျိုးသမီးသည် ကျန်းမာသန်စွမ်းသည့် ကလေးငယ်တစ်ဦးကို အောင်မြင်စွာ မွေးဖွားနိုင်ခဲ့ကြောင်းသိရသည်။



ယင်းနောက် ဆေးရုံတစ်ရုံက ကလေးမွေးဖွားပြီးချိန်မှသာ ၎င်းအမျိုးသမီးအား ဆေးကုသမှုပေးရန် လက်ခံခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **Ref: KT,ST**

၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသူများ ပါဝင်တက်ရောက်နိုင်

နေပြည်တော် မတ် ၁၇

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) က စီစဉ်ကျင်းပသော "၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ" သုံးသပ်ဆွေးနွေးပွဲ (Forum on Myanmar Beyond 2025: Challenges and Opportunities in the Multipolar World)ကို ၂၀၂၅ ခုနှစ် မတ်လ ၂၁ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သုံးသပ်ဆွေးနွေးပွဲတွင် "ပြောင်းလဲနေသော ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနှင့်အာရှ၏ အခန်းကဏ္ဍ"၊ "၂၀၂၅ အလွန် ဗဟုဝင်ရိုးကာလတွင် မြန်မာနိုင်ငံ ကြုံတွေ့ရမည့် ပထဝီစီးပွားရေးစိန်ခေါ်မှုများနှင့် ရရှိနိုင်သည့် အခွင့်အလမ်းများ"၊ "၂၀၂၅ အလွန် ဗဟုဝင်ရိုးကာလတွင် မြန်မာနိုင်ငံ ကြုံတွေ့ရမည့် ပထဝီနိုင်ငံရေးစိန်ခေါ်မှုများနှင့်ရရှိနိုင်သည့် အခွင့်အလမ်းများ" စသည့် ခေါင်းစဉ်သုံးခုကို တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း၊ အီတလီ၊ နီပေါနိုင်ငံတို့မှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ပြည်တွင်းမှ ပညာရှင်များက ပါဝင်ဆွေးနွေးသွားမည်ဖြစ်ပြီး နိုင်ငံတကာမှလေ့လာသုံးသပ်သူများ (Observers)လည်း ပါဝင်တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

သုံးသပ်ဆွေးနွေးပွဲကို နိုင်ငံရေးအပြောင်းအလဲနှင့်အတူ နိုင်ငံတော်၏အခြေအနေမှန်ကို ကမ္ဘာကသိရှိစေပြီး မြန်မာနိုင်ငံအပေါ် နားလည်မှု၊ စာနာမှုများဖြင့် ပူးပေါင်းဆောင်ရွက်လာစေရန်၊ မဟုတ်မမှန်စွပ်စွဲပြောဆိုမှုများကို တန်ပြန်ချေဖျက်၍ နိုင်ငံပုံရိပ်မြှင့်တင်ရန်နှင့် ၂၀၂၅ ခုနှစ်အလွန် ပြောင်းလဲလာနေသည့်ကမ္ဘာ့အခင်းအကျင်း ဖြစ်သော ဗဟုဝင်ရိုးကမ္ဘာ (Multipolar World) တွင် ပေါ်ပေါက်လာမည့်စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအား သိရှိပြီး ကြိုတင်ပြင်ဆင်နိုင်မည့် နည်းလမ်းများ ရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်ရန် စိတ်ပါဝင်စားသူများအနေဖြင့် https://myanmarnarrative.org/ ၏ Registration Form မှတစ်ဆင့် အမည်စာရင်းပေးသွင်းနိုင်ပြီး အစီအစဉ်နှင့် ပတ်သက်၍ သိရှိလိုသည်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသုတေသနနှင့်သတင်းအချက်အလက်ဌာနခွဲ တယ်လီဖုန်းအမှတ် ၀၆၇ ၃၄၁၂၈၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

တနင်္သာရီငါးလုပ်ငန်းသုတေသနရန်ပုံငွေဖြင့် ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် မတ် ၁၇

တနင်္သာရီငါးလုပ်ငန်းသုတေသနရန်ပုံငွေဖြင့် ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က မြိတ်မြို့ မြိတ်ကော်ပိုရေးရှင်း အများနှင့် သက်ဆိုင်သောကုမ္ပဏီလိမိတက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာအောင်ကြီးက ငါးလုပ်ငန်းဦးစီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီးရှိလုပ်ငန်းရှင်များ ပြည်ပသို့ တင်ပို့သည့် ရေထွက်ကုန်ပစ္စည်းတင်ပို့မှု တန်ဖိုး၏ (သုည ဒသမ ၃ မှ သုည ဒသမ ၅ ရာခိုင်နှုန်း) ကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့် အညီ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၂၄ ခုနှစ် နိုဝင်ဘာလ၌ စီမံကိန်းကာလပြီးဆုံးခဲ့ပြီဖြစ်ကာ သုတေသနရလဒ်များကို ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ မြိတ် တက္ကသိုလ်အနေဖြင့် တွေ့ရှိချက်များကို ဒေသခံ ခရီးကမာမွေးမြူသူများထံ နည်းပညာဆိုင်ရာ ဖြန့်ဖြူးမှုများ ဆက်လက်လုပ်ဆောင်ရွက်ရန် လိုအပ်သည့် အကြံပြုချက်များကို ဆွေးနွေးသွားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီးဦးမောင်ကြီးနှင့် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အွန်လိုင်းစနစ်ဖြင့် တက်ရောက်ဆွေးနွေးကြသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ငါးလုပ်ငန်းဖိုရမ်၏ ဆုံးဖြတ်ချက်များအပေါ် သုတေသနလုပ်ငန်းများ၏ လုပ်ငန်းတိုး တက်မှုအခြေအနေများနှင့်ငွေစာရင်းများ ရှင်းလင်းတင်ပြခြင်း၊ Lutjanus spp၊ red snapper အား မျိုးဥနှင့် မျိုးရည်များ ရင့်ကျက်လာစေရန် မတူညီသောအစာ၊ ဆေးဝါးများဖြင့် စမ်းသပ်သုတေသနပြုခြင်း၊ ရေသတ္တဝါများ၏ ရောဂါဖြစ်ပွားမှု အခြေအနေများအား စမ်းသပ်သုတေသနပြုစစ်ဆေးဆောင်ရွက်ခြင်း၊ ခရု၊ ကမာလိုသည့် သုတေသနလုပ်ငန်းများ၊ ကလွင်စခန်း အဆင့်မြှင့်တင်နိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို တင်ပြကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၄၀၀ဦးနှင့် သီရိလင်္ကာနိုင်ငံသား ၁၄၄ဦး စုစုပေါင်း ၄၁၄ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၆၆ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်စဉ်။

နေပြည်တော် မတ် ၁၇

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးအပ်လျက်ရှိရာ ယနေ့တွင် အင်ဒိုနီးရှားနိုင်ငံသား ၄၀၀ ဦးနှင့် သီရိလင်္ကာနိုင်ငံသား ၁၄ ဦး စုစုပေါင်း ၄၁၄ ဦးတို့အား မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၆၆ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့်အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်ကာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက်ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပရာ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ် E.A.S Wijayanthi Edirisinghe နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ဝ်ခရိုင်၊ မဲဆောက်မြို့၊ ထိုင်း-မြန်မာမြို့နယ်အဆင့် နယ်ခြားကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး နတ်ထကော်နဲ့ ရဃင်းတစ်နှင့် တာဝန်ရှိသူများ၊ အင်ဒိုနီးရှားနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံသားကာကွယ်ရေးနှင့်ကယ်ဆယ်ရေးဌာန ညွှန်ကြားရေးမှူး M . Judha Nugraha နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံတာ့ဝ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့၊ KK Park နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့်ပြည်ပနိုင်ငံသား ၂၆၆ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးလိုအပ်ယည့် ကိုယ်ရေးအချက်အလက်များနှင့်မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ မတ်လ ၁၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၆၈၆၅ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၄၀၀၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၈၆၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်း လောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာ-တရုတ်-ထိုင်းသုံးနိုင်ငံအကြား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုပုံစံ(Trilateral Cooperation) တို့ဖြင့် စဉ်ဆက်မပြတ် တက်ကြွစွာ ဖော်ထုတ်အရေးယူမှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

ရေချိုရေငန်စပ်ဧရိယာများအတွင်း သီးထပ်စွမ်းအားတိုးတက်စေရေး

ကိုဇေယျာ

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မျိုး၊ မြေ၊ ရေ၊ နည်း ဤ လေးချက်အား ကောင်းမွန်မှန်ကန်စွာ အသုံးချဆောင်ရွက်လျက်ရှိရာတွင် ရေချိုလုံလောက်စွာရရှိရေးသည် သီးနှံအထွက်နှုန်း တိုးတက်စေရန်အတွက် သော်လည်းကောင်း၊ စိုက်ပျိုးဧရိယာများ တိုးချဲ့စိုက်ပျိုးနိုင်စေရန် အတွက် သော်လည်းကောင်း၊ သီးနှံစိုက်စွမ်းအား တိုးတက်မြင့်မားစေရန်အတွက် သော်လည်းကောင်း မရှိမဖြစ်လိုအပ်သည့် အခြေခံအချက်ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးသည် မိုးစပါးဧက ၃၇ သိန်းကျော် စိုက်ပျိုးလျက်ရှိပြီး မြန်မာနိုင်ငံတွင် မိုးစပါးအများဆုံးစိုက်ပျိုးသောဒေသကြီးတစ်ခုဖြစ်သည်။ ဒုတိယသီးနှံ စိုက်ပျိုးနိုင်မှုမှာ ဧရိယာဧက ၂၆ သိန်းခန့်ရှိရာ မစိုက်ပျိုးနိုင်သော ရိုးပြတ်ကျန် ဧရိယာမှာ ဧက ၁၁ ဒသမ ၂၀ သိန်းခန့် ကျန်ရှိသည်ကိုတွေ့ရှိရသည်။ သီးထပ်စိုက်ပျိုးခြင်းမပြုနိုင်သော ရိုးပြတ်ကျန်ဧရိယာအများစုမှာ ရေငန်ဒေသ အတွင်းကျရောက်နေသော စိုက်ဧရိယာများဖြစ်သည်ကို တွေ့ရှိရသည်။ ထိုသို့ စိုက်ပျိုးနိုင်မှုမရှိခြင်းမှာ ရေငန်ဝင်ရောက်ခြင်း၊ ရေချိုရရှိမှုမသေချာခြင်း၊ ရွှံ့စေး-နုန်းဆန်သော အောက်ခံမြေစေးများရှိခြင်း စသည်တို့ကြောင့်ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း မိုးစပါးတစ်သီးသာ စိုက်ပျိုးနိုင်သော ရိုးပြတ်ကျန်နေရာများမှာ ရေငန်ဝင်ရောက်သည့်ဧရိယာများဖြစ်သော ဖျာပုံခရိုင်၊ လပွတ္တာခရိုင်နှင့်ပုသိမ်ခရိုင်ဒေသတို့ဖြစ်သည်ကို တွေ့ရှိရသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း ရိုးပြတ်ကျန် ဧရိယာဧက ၁၁ ဒသမ ၂၀ သိန်းရှိရာတွင် ဖော်ပြပါ ခရိုင်သုံးခုအတွင်း ဧက ၁၀ ဒသမ ၉၅ သိန်းခန့်ရှိရာ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ရိုးပြတ်ကျန်များသည် ရေငန်ဝင်ရောက်သောဒေသများအတွင်း အများဆုံးတွေ့ရှိရသည်။

ဖျာပုံခရိုင် သို့မဟုတ် ရေချိုရေငန်စပ် ဧရိယာ

ဖျာပုံခရိုင်အတွင်း ၁၉၉၀ ဝန်းကျင်နှစ်များတွင် ရေငန်တားတာတမံများ တည်ဆောက်ထားခြင်းမရှိခြင်းကြောင့် မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲများစွာကြုံတွေ့ခဲ့ရသည်။ မိုးစပါးစိုက်ပျိုးချိန် ကာလတစ်လျှောက် လပြည့်လကွယ်ရက်များရောက်တိုင်း ပင်လယ်ဒီရေများ စိုက်ခင်းများအတွင်းသို့ တက်ရောက်လေ့ရှိပြီး မိုးစပါးများရေနစ်မြုပ်ပျက်စီးထိခိုက်လေ့ရှိသည်။ အဆိုပါကာလများတွင် မိုးစပါးတစ်သီးကိုပင် အခက်အခဲများဖြင့် စိုက်ပျိုးခဲ့ရပြီး မိုးစပါးစိုက်ပျိုးသော ဧရိယာမှာလည်း ဧက ငါး သိန်း၀နှစ်ကျင်ခန့်သာရှိခဲ့သည်။ ယခုအခါ ဖျာပုံခရိုင်အတွင်း မိုးစပါးစိုက်ဧက ၈ ဒသမ ၇၀ သိန်းကျော်ရှိလာပြီဖြစ်သည်။ တာတမံ၊ ရေတံခါးများနှင့် ရေနုတ်မြောင်းများကြောင့် မိုးစပါးစိုက်ဧရိယာများသိသာစွာတိုးတက်လာပြီး မိုးစပါးစိုက်ဧက ၂ ဒသမ ဖ၀ သိန်းကျော်မှာ တာတမံများနှင့် ကျွန်းပတ်တာများအတွင်း စိုက်ပျိုးလာနိုင်ခဲ့ခြင်းဖြစ်သည်။ မိုးစပါးများ အောင်မြင်စွာ စိုက်ပျိုးလာနိုင်သော်လည်း နွေစပါးစိုက်ပျိုးရန်အတွက်မူ ရေငန်ဧရိယာအတွင်း ကျရောက်နေခြင်းကြောင့် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည်။

ကျွန်းပတ်တာနှင့် ရေတံခါးများ တည်ဆောက်ခဲ့ခြင်း

၁၉၇၆-၁၉၈၅ ခုနှစ်အတွင်း စပါး(၁) စီမံကိန်းနှင့် ၁၉၈၆-၁၉၉၅ ခုနှစ်အတွင်း စပါး(၂)စီမံကိန်းများဖြင့် ဖျာပုံခရိုင်အတွင်း ရေငန်တားတာတမံ ၁၂ ခုနှင့် ရေထုတ်ရေတံခါး ၄၁ လုံးကို တည်ဆောက်ခဲ့ပြီး မိုးစပါးစိုက်ပျိုးချိန် ပင်လယ်ရေဝင်ရောက်နစ်မြုပ်ဖျက်ဆီးခြင်းမှကာကွယ်လျှော့ချနိုင်ခဲ့သည်။ ကျွန်းပတ်တာနှင့်ရေတံခါးများသည် မိုးစပါးစိုက်ပျိုးမှုများစွာကို အထောက်အကူပြုခဲ့ရုံသာမက ၂၀၀၈ ခုနှစ်တွင်ဖြစ်ပေါ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကျရောက်စဉ်တွင်လည်း တာအတွင်းရှိ ဧရိယာများအတွင်း ထိခိုက်ဆုံးရှုံးမှု သက်သာရာရခဲ့သည်ကို တွေ့ရှိရသည်။ ဤကဲ့သို့ ရေငန်တားတာတမံများ၏အကျိုးကျေးဇူးများဖြင့် မိုးစပါးစိုက်ပျိုးရေးအတွက် အထောက်အကူပြုလျက်ရှိနေသော်လည်း နွေစပါးစိုက်ပျိုးနိုင်ရေးအတွက်မူ ရေငန်ဧရိယာဖြစ်သည့် အလျောက် အခက်အခဲများစွာဖြစ်ပေါ်ခဲ့ရသည်။ ဖျာပုံခရိုင်အတွင်း လက်ရှိတွင် မိုးစပါးစိုက်ပျိုးမှုမှာ ဧက ၈ ဒသမ ၇၀ သိန်းကျော်ဖြစ်သော်လည်း နွေသီးထပ်စိုက်ပျိုးနိုင်မှုမှာ ဧက ၄ ဒသမ ၁၀ သိန်းကျော်ခန့်သာရှိရာ ထက်ဝက်ခန့်မှာ မိုးစပါးတစ်သီးသာ စိုက်ပျိုးနိုင်သော ဧရိယာများ(နွေသီးထပ်စိုက်ပျိုးခြင်းမပြုနိုင်သောရိုးပြတ်ကျန်များ)အဖြစ် ကျန်ရှိသည်ကိုတွေ့ရှိရသည်။

ရေငန်ဝင်ရောက်မှုအခြေအနေနှင့် စိုက်ပျိုးနိုင်မှုအခြေအနေ

ရေငန်လိုင်း (ရေငန်တက်ရောက်မှု)သည် ဖျာပုံမြစ်၊ ဘိုကလေးမြစ်နှင့်ဒေးဒရဲမြစ်တို့အတွင်း ဒီဇင်ဘာလမှစ၍ပင်လယ်ဒီရေများ ပြင်းထန်လာသောအခါ ရေငန်ဓာတ်မှာ မြစ်ကြောင်းများအတိုင်း တဖြည်းဖြည်းကုန်းတွင်းပိုင်းသို့ ဝင်ရောက်လာခဲ့ပြီး မတ်လနှင့်ဧပြီလအတွင်းတွင် ရေငန်ဝင်ရောက်မှုအမြင့်ဆုံးဖြစ်သည်။ ရေငန်ဓာတ်မှာမြစ်ကြောင်းများအတိုင်း တဖြည်းဖြည်းကုန်းတွင်းပိုင်းသို့ ဝင်ရောက်လာခဲ့ပြီး မတ်လနှင့်ဧပြီလအတွင်းတွင် ရေငန်ဝင်ရောက်မှုအမြင့်ဆုံးဖြစ်သည်။ ရေငန်ဓာတ်ပမာဏ ၁၀၀၀၀ ကျော်တွင် နွေစပါး ၁၃၀၀၀၀ ကျော်ဖြင့် သီးထပ်အပြည့် စိုက်ပျိုးနိုင်သော ဖျာပုံခရိုင်အတွင်းရှိ တစ်ခုတည်းသောမြို့နယ်ဖြစ်သည်။ ကျန်သုံးမြို့နယ်ဖြစ်သော ဖျာပုံ၊ ဘိုကလေးနှင့် ဒေးဒရဲမြို့နယ်တို့မှာမူ မိုးစပါးတစ်သီးသာကောင်းစွာ စိုက်ပျိုးနိုင်ပြီး နွေစပါးဧရိယာများစွာ သီးထပ်တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် လိုအပ်လျက်ရှိသည်ကိုတွေ့ရှိရသည်။



ကြက်ဖမွေးဧောင်းကျွန်းပတ်တာအတွင်း တိုးတက်စိုက်ပျိုးလာမှုအခြေအနေမှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။



သီးထပ်စွမ်းအားတိုးတက်စေရန် ရေချို အရင်းအမြစ်ရရှိနိုင်မှု အခြေအနေကောင်းများ

ရေချိုရေငန်စပ်ဧရိယာများအတွင်း နွေသီးထပ်စိုက်ပျိုးနိုင်ရန်အတွက် အဓိကလိုအပ်ချက်မှာ ရေချိုလုံလောက်စွာရရှိရေးနှင့် ရေငန်မဝင်ရောက်စေရေးပင်ဖြစ်သည်။ ဖျာပုံခရိုင်အတွင်းသို့ ရေချိုလုံလောက်စွာရရှိစေနိုင်သော ကြီးမားသောရေချိုအရင်းအမြစ်ရှိပြီး ၎င်းမှာ ဧရာဝတီမြစ်မှ ခွဲထွက်စီးဆင်းလာသော တိုးမြစ်ဖြစ်သည်။ တိုးမြစ်သည် မအူပင်ခရိုင်မှ ဖျာပုံခရိုင်အတွင်းသို့ စီးဆင်းလာပြီး ဒေးဒရဲမြို့နယ်တွင် တိုးမြစ်(ဒေးဒရဲမြစ်)အဖြစ် ပင်လယ်တွင်းသို့ စီး၀င်သည်။ မအူပင်ခရိုင်မှ ဖြတ်သန်းစီးဆင်းလာသော တိုးမြစ်သည် ကျိုက်လတ်မြို့အနီးတွင် ကျိုက်လတ်မြစ်အဖြစ် စီးဆင်းလာပြီး ဖျာပုံမြို့အထက်နားအရောက်တွင် ဂုံညင်းတန်းမြစ်အဖြစ် ခွဲထွက်စီးဆင်းလျက်ရှိသည်။ ရေချိုသယ်ဆောင်ရာ အဓိကရေချိုအရင်းအမြစ်ဖြစ်သော ဂုံညင်းတန်းမြစ်သည် ဘိုကလေးမြစ်အတွင်း စီး၀င်၍ ပင်လယ်အတွင်း စီးဆင်းလျက်ရှိသည်။

ဂုံညင်းတန်းမြစ်သည် ရေငန်လိုင်း (ရေငန်တက်ရောက်မှု)နှင့် လွတ်ကင်းလျက်ရှိခြင်းကြောင့် တစ်နှစ်ပတ်လုံး ရေချိုရရှိသော ဖျာပုံခရိုင်အတွက် ကြီးမားသော ရေချိုအရင်းအမြစ် တစ်ခုဖြစ်သည်။

ကြက်ဖမွေးဧောင်းကျွန်းပတ်တာ ရေချိုရေရှိရေး ဆောင်ရွက်ခြင်း

ကြက်ဖမွေးဧောင်းကျွန်းပတ်တာသည် ဖျာပုံမြို့နယ်အတွင်းတည်ရှိပြီး ရေငန်ဧရိယာအတွင်းတည်ရှိသော ကျွန်းပတ်တာတစ်ခုဖြစ်သည်။ ရေချိုရေငန်စပ်ဧရိယာများအတွင်း နွေသီးထပ်များတိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်လေးခုရှိပြီး **(က) ရေငန်တားခြင်း၊** **စာမျက်နှာ ၂၆ သို့ ▸▸**

⏭ စာမျက်နှာ ၂၅ မှအဆက်

(ခ) ရေချိုသွင်းယူခြင်း၊ (ဂ) ရေချိုပေးဝေခြင်းနှင့် (ဃ)ရေချိုထိန်းခြင်းတို့ဖြစ်သည်။ ပင်လယ်ရေမဝင်စေရန် ရေငန်တားတာများတည်ဆောက်ခြင်း၊ ရေချိုအရင်းအမြစ်မှ ရေချိုသွင်းမြောင်းများဆက်စပ်တူးဖော်၍ ရေချိုသွင်းယူခြင်း၊ ရေချိုသွင်းရေတံခါးများတည်ဆောက်၍ ရေချိုသွင်းယူခြင်း၊ ဝင်ရောက်လာသော ရေချိုများအား စိုက်ပျိုးသော လယ်ကွက်များဆီသို့ရောက်ရှိစေရန် ရေချိုသွင်းမြောင်းဆက်စပ်တူးဖော်ပေးခြင်း၊ ဝင်ရောက်လာသောရေချိုများ ပင်လယ်တွင်းသို့စီးထွက်၍ ရေချိုဆုံးရှုံးခြင်းများမရှိစေရန် ရေထုတ်ရေတံခါးများကို ရေထိန်းတံခါးများအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့်ရေထိန်းရေတံခါးများတည်ဆောက်ခြင်း စသည်တို့ပင်ဖြစ်သည်။

(က) ရေငန်တားခြင်း

ကြက်ဖမွေးဧောင်း ကျွန်းပတ်တာအတွင်းသို့ ရေငန်မဝင်ရောက်စေရန်အတွက် အလျား ၄၆ မိုင်ရှိသောကျွန်းပတ်တာကို ၁၉၇၆-၁၉၈၅ ခုနှစ် စပါး(၁) စီမံကိန်းအတွင်း တည်ဆောက်ခဲ့သည်။ တာပျမ်းမျှ အမြင့် ၅ ပေခန့်ရှိပြီး သတ်မှတ်တာအမြင့် ၈ ဒသမ ၅ ပေဖြင့်တည်ဆောက်ခဲ့သည်။ ပင်လယ်ရေငန်တက်ရောက်မှုမှာ အမြင့်ဆုံး ၆ ဒသမ ၀ ပေအထိဖြစ်ရာ လုံလောက်သောတာအမြင့်ဖြင့် ရေငန်ဝင်ရောက်မှုမှ အကျိုးပြုကာကွယ်ပေးလျက်ရှိသည်။

(ခ) ရေချိုသွင်းယူခြင်း

ကြက်ဖမွေးဧောင်းကျွန်းပတ်တာ ရေချိုရေရှိနိုင်စေရေးအတွက် အဓိကကျသော ဂုံညင်းတန်းမြစ်သည် ရေနည်းချိန်တွင်ပင် ၅၀၀၀၀ ကုဗပေ/စက္ကန့် ပမာဏကျော်ရှိခြင်းကြောင့် လိုအပ်သည်ထက်များစွာပိုလျှံသော ရေချိုအရင်းအမြစ်တစ်ခုပင်ဖြစ်သည်။ သို့ဖြစ်ရာ ကြက်ဖမွေးဧောင်းကျွန်းပတ်တာအတွင်း စိုက်ဧကများတိုးချဲ့နိုင်ရန် လိုအပ်သောရေချိုကို ဂုံညင်းတန်းမြစ်မှရယူလျက်ရှိသည်။ ဂုံညင်းတန်းမြစ်မှတစ်ဆင့် ကျုံကန်ချောင်းအတွင်းသို့ ရေချိုရယူနိုင်ရေးအတွက် ဆက်စပ်ချောင်းများတူးဖော်လျက်ရှိပြီး ကျုံကန်ချောင်းမှတစ်ဆင့် ကျွန်းပတ်တာအတွင်းသို့ ရေချိုသွင်းယူနိုင်စေရန်အတွက် (မမိုးသူ၊အောင်ချမ်းသာ)စသော ရေချိုသွင်းရေတံခါးများ တည်ဆောက်ပေးလျက်ရှိသည်။

(ဂ) ရေချိုပေးဝေခြင်း

ရေချိုသွင်းရေတံခါးများမှ ဝင်ရောက်လာသော ရေချိုများအား နွေစပါးစိုက်တောင်သူများ လွယ်ကူစွာစုပ်တင်သွင်းယူ၍ စိုက်ပျိုးနိုင်စေရန် ရေချိုသွင်းမြောင်းများ တူးဖော်ပေးလျက်ရှိသည်။ ရေချိုသွင်းမြောင်းများတူးဖော်ရာတွင် ရေချိုလိုအပ်သော စိုက်ပျိုးမြေများဆီသို့ လိုအပ်သောအချိန်တွင် လိုအပ်သောပမာဏအတိုင်း အပြည့်အဝရရှိနိုင်စေရန် စနစ်တကျသွင်းယူတူးဖော်ပေးလျက်ရှိသည်။

(ဃ) ရေချိုထိန်းခြင်း

ဝင်ရောက်လာသော ရေချိုများပင်လယ်အတွင်းသို့ပြန်လည်စီးထွက်ခြင်းမရှိစေရန် (ရေချိုလေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန်)ရေထုတ်ရေတံခါးများတွင် ယာယီရေချိုထိန်းခြင်း၊ စပါး(၁)စီမံကိန်းအတွင်း တည်ဆောက်ခဲ့သော ရေထုတ်ရေတံခါးများအား ရေချိုထိန်းရေတံခါးများအဖြစ် အဆင့်မြှင့်တင်ပြုပြင်ခြင်း၊ ရေထိန်းတံခါးများတည်ဆောက်ခြင်း စသောရေချိုထိန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ကြက်ဖမွေးဧောင်းကျွန်းပတ်တာအတွင်း တိုးတက်စိုက်ပျိုးလာသော အခြေအနေများ

ကြက်ဖမွေးဧောင်း ကျွန်းပတ်တာအတွင်း ၂၀၂၃-၂၀၂၄ ခုနှစ် မတိုင်မီတွင် နွေစပါးအနည်းငယ်သာ စိုက်ပျိုးလျက်ရှိပြီး ပျမ်းမျှနွေစပါးစိုက်ပျိုးဧက ၆၀၀၀ ဝန်းကျင်သာရှိသည်။ ရေချိုရေရရှိမှုမသေချာသော အခြေအနေများနှင့် ရေထုတ်ရေတံခါးများမှရေငန်ဝင်ရောက်သော အခြေအနေများကြောင့် အခက်အခဲများရှိခဲ့ပြီး အနည်းငယ်သာ စိုက်ပျိုးလျက်ရှိသည်ကို တွေ့ရသည်။ ၂၀၂၃-၂၀၂၄ ခုနှစ်မှစတင်ကာ ကြက်ဖမွေးဧောင်းကျွန်းပတ်တာရေချိုရေရရှိရေးလုပ်ငန်းများ စတင်လျာထားဆောင်ရွက်ခဲ့ပြီး တောင်သူများ အရှိန်အဟုန်ဖြင့် တိုးတက်စိုက်ပျိုးလာသည်ကိုလည်း တွေ့ရှိရသည်။ ကြက်ဖမွေးဧောင်းကျွန်းပတ်တာအတွင်း ပျမ်းမျှစိုက်ပျိုးမှုဧက ၆၀၀၀ ဝန်းကျင်ခန့်သာရှိရာမှ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် နွေသီးထပ်ဧရိယာ ဧက ၉၆၀၀ ကျော်အထိ တိုးတက်စိုက်ပျိုးခဲ့သည်။ ယခုလက်ရှိ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဧက ၁၄၀၀၀ ခန့်အထိ တိုးတက်စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်နေသည်ကိုတွေ့ရသည်။ ဖော်ပြပါတိုးတက်စိုက်ပျိုးမှုများအား Euro space agency မှ အခမဲ့ရယူနိုင်သော website တစ်ခုဖြစ်သည့် Copernicus browser (https://dataspace.copernicus.eu/analyse/data-workspace)တွင် NDVI စိုက်ပျိုးမှုမြေပုံများ (Normalized Difference Vegetation Index)နှင့် NDWI စိုက်ပျိုးသီးနှံရေရရှိမှုမြေပုံများ(Normalized Difference Water Index)တို့ကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်မည်ဖြစ်သည်။

ကြက်ဖမွေးဧောင်း ကျွန်းပတ်တာသည် မိုးစပါးစိုက်ပျိုးဧရိယာဧက ၂၉၀၀၀ ကျော်ရှိရာ ယခုဆောင်ရွက်နေသောရေချိုရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးပါက မိုးစပါးနည်းတူ နွေစပါးဧက ၂၉၀၀၀ ကျော်အထိ သီးထပ်စွမ်းအားတိုးတက်စိုက်ပျိုးလာနိုင်မည်ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးရေချိုရေငန်စပ်ဧရိယာများအတွင်း သီးထပ်စွမ်းအားတိုးတက်စေခြင်း

ဖျာပုံမြို့နယ် ကြက်ဖမွေးဧောင်းကျွန်းပတ်တာ ရေချိုရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့်နည်းတူ အခြားသော ရေချိုရေငန်စပ်ဧရိယာများတွင်လည်း ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဖျာပုံခရိုင်အတွင်း ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်နှင့်ဒေးဒရဲမြို့နယ်တို့တွင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် လပွတ္တာခရိုင်အတွင်း လပွတ္တာမြို့နယ်တွင်လည်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ရေငန်ဧရိယာများအတွင်း အထက်ဖော်ပြပါ ရေချိုရရှိစေမည့်လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ပေးခြင်းဖြင့် သီးထပ်စွမ်းအားများတိုးတက်ရရှိစေမည်ဖြစ်သည်။ ရေချိုရေငန်စပ်ဧရိယာများအတွင်း သီးထပ်စိုက်စွမ်းအားတိုးတက်စေရေး အထက်ဖော်ပြပါလုပ်ငန်းစဉ်များအား ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်သက်သာစွာဆောင်ရွက်နိုင်မည်ဖြစ်ပြီး တစ်ဧကကုန်ကျစရိတ် ခြောက်သိန်းကျော်ခန့်ဖြစ်သည်။ ကုန်ကျစရိတ်နှင့်အရင်းပြန်ပေါ်နိုင်မှုအချိုးမှာ ၁ ဒသမ ၇ ခန့်ဖြစ်ပြီး Internal Rate of Return အရင်းပြန်ပေါ်နိုင်မှုနှုန်းမှာ ၃၀ ရာခိုင်နှုန်းခန့်ဖြစ်ရာ သုံးနှစ်အတွင်း အရင်းကျေနိုင်သည်ကို တွေ့ရှိရမည်ဖြစ်သည်။

အချုပ်အားဖြင့် ဧရာဝတီတိုင်းဒေသကြီးသည် ဆန်ဖူလုံမှုအချိုးအရလိုအပ်သည်ထက် ပိုလျှံသောဒေသကြီးတစ်ခုအဖြစ် ရပ်တည်လျက်ရှိသော်လည်း နိုင်ငံတော်အတွက် ဆန်အိုးကြီးသဖွယ်တည်ရှိခြင်းကြောင့် ယခုထက်ပိုမိုသောဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု၊ အထွက်နှုန်းကောင်းမွန်မှု၊ အရည်အသွေးကောင်းမွန်မှု၊ သီးထပ်စိုက်စွမ်းအားတိုးတက်လာမှု (သီးနှံစိုက်ဧကများတိုးချဲ့နိုင်မှု) စသည်တို့သည် လိုအပ်လျက်ရှိဆဲပင်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော်၏စားနပ်ရိက္ခာဖူလုံရေးနှင့် နိုင်ငံ့အကျိုးစီးပွားအတွက် လွန်စွာအရေးကြီးသောသီးထပ်စွမ်းအားမြှင့်တင်နိုင်ရေးလုပ်ငန်းစဉ်များအား စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် ရေချိုရေငန်စပ်ဧရိယာများအတွင်း ရေချိုရေရရှိရေး အဓိကလုပ်ငန်းစဉ်များအား ဖော်ပြလိုက်ရပါသည်။ ။

မကွေးခရိုင်အတွင်းရှိ မြို့နယ်လေးခု၌ ရေပေးရေးလုပ်ငန်း ၁၀ ခု ရာနှုန်းပြည့်ပြီးစီး

မကွေး မတ် ၁၇

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်၊ တောင်တွင်းကြီးမြို့နယ်၊ မြို့သစ်မြို့နယ်နှင့် နတ်မောက်မြို့နယ်တို့၌ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျေးလက်ရေပေးရေးလုပ်ငန်း ၁၀ ခုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံးရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မကွေးမြို့နယ်၊ တောင်တွင်းကြီးမြို့နယ်၊ မြို့သစ်မြို့နယ်နှင့် နတ်မောက်မြို့နယ်တို့၌ တွင်းနက်တူးဖော်ခြင်းလုပ်ငန်းလေးခု၊ အိမ်တိုင်ရေသွယ်ယူခြင်းလုပ်ငန်းတစ်ခု၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းတစ်ခု၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းတစ်ခု၊ ဆိုလာစနစ်သုံးရေပန့်တပ်ဆင်ခြင်းလုပ်ငန်းနှစ်ခု၊ စက်ရေတွင်းပြုပြင်ခြင်းလုပ်ငန်းသုံးခု၊ အခြားရေပေးရေးလုပ်ငန်းလေးခုကို တိုင်းဒေသကြီးရန်ပုံငွေကျပ် ၆၄၁ ဒသမ ၀၁၃ သန်းအသုံးပြုပြီး ၂၀၂၄ ခုနှစ် ဇွန်လ ပထမပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးနှင့်ဝန်ထမ်းများက အဆိုပါရေပေးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကိုကွင်းဆင်းစစ်ဆေးပြီး ကျေးရွာမှတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ရေရှည်အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ကိုနိုင်(ကျေးလက်)

ဧမ္မူသီရိမြို့နယ်၌ မီးခိုးမြူငွေ့နှင့်လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၁၇

နေပြည်တော်ကောင်စီနယ်မြေ ဧမ္မူသီရိမြို့နယ် ဂုဏ်မင်းအင်းကျေးရွာ၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲကို မတ်လ ၁၆ ရက်တွင် အဆိုပါကျေးရွာရှိ(SMU) ဘက်စုံသုံးခန်းမ၌ ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ ဧမ္မူသီရိမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်တင်ရီမျိုးက သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု ဂေဟစနစ်များကောင်းမွန်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည့် မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးသိကောင်းစရာအကြောင်းအရာများကို လည်းကောင်း၊ ဧမ္မူသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကေဇင်လှိုင်းက သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်နှင့် ကောင်းမွန်သောလူနေမှုစနစ်များ မြင့်မားတိုးတက်စေရန် ကျေးရွာ



များ၌ အမှိုက်ကန်များဆောင်ရွက်ထားရှိပြီး အမှိုက်များစနစ်တကျစွန့်ပစ်ရေး၊ ကျေးရွာဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ရေး၊ သစ်တောသစ်ပင်များကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး စသည့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာသိကောင်းစရာများကိုလည်းကောင်း ဆွေးနွေးဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာရပ်မိရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက မီးခိုးမြူငွေ့နှင့်လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးပြီး အသိပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊
ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .



"ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ"

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၂၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

Myanmar MOBILE MONEY

အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘက်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း / ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း

Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊

Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊

လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ချာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၃

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ပဒုမ္မာဆပ်ပြာ

ရေမွှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'



ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မှီစက်ကြီးများဖြင့်
အညှော်အသွေးပြည့်မှီစွာ ထုတ်လုပ်ထားသော အထက်တွေ့ရှိဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃ ၂ ၆၁၆



မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်

- နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
- ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
- ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
- သာကေတ ကုန်သေတ္တာထားသိုစခန်း
- သာကေတ ဆိပ်ခံတံတားလုပ်ငန်း
- သာကေတ ကုန်လှောင်ရုံလုပ်ငန်း

ဆက်သွယ်ရန် မှုန်းနံပါတ်

ရုံးချုပ် - ၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀၃၉၃၄

သာကေတရုံး - ၀၉ - ၅၅၀ ၄၅၄၆၊ ၀၉ - ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ - ၅၁၅ ၉၆၉၇

ယခုဘောလုံးရာသီတွင် မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာလက်ထက် ပထမဆုံးအကြိမ်အဖြစ် ပေးဂိုး ၄၀ အထိရှိလာပြီး အဆိုးရွားဆုံးဘောလုံးရာသီနှင့်တွေ့ကြုံနေရ

မန်ချက်စတာ မတ် ၁၇

မန်စီးတီးအသင်းနှင့် ဘရိုက်တန်အသင်းတို့ ကစားသည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ပြီးနောက် မန်စီးတီးအသင်းကို နည်းပြဂွါဒီယိုလာတာဝန်ယူကိုင်တွယ်သည့် သက်တမ်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ပေးဂိုး ၄၀ အထိရှိလာပြီး အဆိုးရွားဆုံးဘောလုံးရာသီနှင့် တွေ့ကြုံနေရကြောင်း သိရသည်။

အသက် ၅၄ နှစ်အရွယ် နည်းပြဂွါဒီယိုလာသည် မန်စီးတီးအသင်းကို ၂၀၁၆ ဘောလုံးရာသီက စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် အသင်းကို ဥရောပထိပ်တန်းအသင်းတစ်သင်းဖြစ်အောင် တည်ဆောက်နိုင်ခဲ့သည့်အပြင် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပြီးခဲ့သည့် ဘောလုံးရာသီလေးရာသီဆက် ချန်ပီယံဆုဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။

သို့သော် မန်စီးတီးအသင်းအနေဖြင့် ယခုဘောလုံးရာသီတွင် နည်းပြဂွါဒီယိုလာလက်အောက်၌ အဓိကကစားသမားများ ဒဏ်ရာရရှိနေမှုနှင့်အတူ ရုန်းကန်နေရပြီး ရလဒ်များလည်း မတည်မငြိမ်ဖြစ်ခဲ့သည်။ ဘရိုက်တန်အသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုးပေးခဲ့ရပြီးနောက် ယခုဘောလုံးရာသီတွင် မန်စီးတီးအသင်း အနေဖြင့် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ပေးဂိုး ၄၀ အထိရှိလာပြီး မန်စီးတီးအသင်းနည်းပြဂွါဒီယိုလာ လက်ထက်တွင် ဘောလုံးရာသီမကုန်ဆုံးမီ ပေးဂိုး အများဆုံးဘောလုံးရာသီဖြစ်လာခြင်းဖြစ်သည်။

မန်စီးတီးအသင်းကို နည်းပြဂွါဒီယိုလာ တာဝန်ယူကိုင်တွယ်သည့်သက်တမ်းတစ်လျှောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် တစ်ရာသီအတွင်း သွင်းဂိုး ၄၀ အထိခွင့်ပြုရခြင်းမရှိခဲ့ဘဲ ပေးဂိုးအများဆုံးဘောလုံးရာသီအဖြစ် ပြီးခဲ့သည့်ဘောလုံးရာသီက ၃၄ ဂိုးသာပေးခဲ့ရပြီး ယခုအခါ ပေးဂိုး ၄၀ အထိရှိလာသည့်အတွက် မန်စီးတီးအသင်းအနေဖြင့် နည်းပြဂွါဒီယိုလာလက်အောက်၌ အဆိုးရွားဆုံးဘောလုံးရာသီနှင့် တွေ့ကြုံနေရပြီး ချန်ပီယံလိဂ်ဝင်ခွင့်အတွက်လည်း ရုန်းကန်ရဖွယ်ရှိကြောင်း သိရသည်။

Ref;Fotmob

ဖီအိုရင်တီးနားအသင်းကိုရှုံးနိမ့်သော်လည်း နည်းပြမော်တာအား ရာထူးမှထုတ်ပယ်ရန်အစီအစဉ်မရှိကြောင်း ဂျူဗင်တပ်စ်အသင်းအတည်ပြု

ရောမ မတ် ၁၇

ဂျူဗင်တပ်စ်အသင်းက ဖီအိုရင်တီးနားအသင်းကို ဂိုးပြတ်ရှုံးနိမ့်သော်လည်း နည်းပြမော်တာကို ရာထူးမှထုတ်ပယ်ရန်အစီအစဉ်မရှိကြောင်း အတည်ပြုခဲ့သည်။

နည်းပြမော်တာသည် အစောပိုင်းပွဲစဉ်များတွင် အသင်းကို အီတလီစီးရီးအေပြိုင်ပွဲ၌ ရလဒ်ကောင်းများဆက်တိုက်ရရှိအောင် စွမ်းဆောင်နိုင်ပြီးနောက် ချန်ပီယံလမ်းကြောင်းပေါ်ရောက်ရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ပြီးခဲ့သည့် အတ္တလန္တာအသင်းနှင့်ပွဲစဉ်တွင် ၄ ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သကဲ့သို့ ဖီအိုရင်တီးနားအသင်းကိုလည်း ၃ ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အရေးနိမ့်ပြီးနောက် ဖီအားများကျရောက်ခဲ့သော်လည်း နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် အစီအစဉ်မရှိကြောင်း အတည်ပြုခဲ့ခြင်းဖြစ်သည်။


ဂျူဗင်တပ်စ်အသင်းသည် ယခုဘောလုံးရာသီအစပိုင်းတွင် နည်းပြမော်တာလက်အောက်၌ ရုန်းကန်ခဲ့ရပြီးနောက် အနာဂတ်မရေမရာဖြစ်ခဲ့သော်လည်း ပြီးခဲ့သည့်ဧန်နဝါရီလ ၂၂ ရက်က ကစားခဲ့သည့် နာပိုလီအသင်းနှင့်ပွဲစဉ်တွင် ရှုံးနိမ့်ပြီး ငါးပွဲဆက်ပြန်လည်အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း နောက်ဆုံးနှစ်ပွဲတွင် ဂိုးပြတ်ရှုံးနိမ့်ခြင်းဖြစ်သည်။

ဖီအိုရင်တီးနားအသင်းကို ရှုံးနိမ့်သည့်ပွဲစဉ်အပြီးတွင် ဂျူဗင်တပ်စ်အသင်းအားကစားဒါရိုက်တာ ဂွမ်တိုလီက နည်းပြမော်တာ၏အနာဂတ်နှင့်ပတ်သက်ပြီး "နည်းပြမော်တာကိုထုတ်ပယ်ဖို့ အစီအစဉ်မရှိပါဘူး။ ကျွန်တော်တို့အားလုံး ရှေ့ဆက်သွားမှာပါ။ နည်းပြမော်တာအပေါ် ကျွန်တော်တို့ဘက်က အပြည့်အဝ ထောက်ခံထားပါတယ်"ဟု ပြောသည်။

Ref;Fabrizio Romano



ကာရာဘောင်းဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင် လီဗာပူးအသင်းကိုအနိုင်ရရှိပြီး နှစ်ပေါင်း ၇၀ အတွင်း နယူးကာဆယ်အသင်း ပထမဆုံးအကြိမ် ချန်ပီယံဆုဆွတ်ခူး



လန်ဒန် မတ် ၁၇

ကာရာဘောင်းဖလားပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် လီဗာပူးအသင်းနှင့် နယူးကာဆယ်အသင်းတို့ယှဉ်ပြိုင်ကစားရာ နယူးကာဆယ်အသင်းက ၂ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိပြီးနောက် အသင်းသမိုင်းတစ်လျှောက် နှစ်ပေါင်း ၇၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်၌ ပွဲချိန် ၄၅ မိနစ်တွင် ဘန်းနှင့် ပွဲချိန် ၅၂ မိနစ်တွင် အီဆက်တို့က နယူးကာဆယ်အသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၉၄ မိနစ်တွင် ချီယေဆာက လီဗာပူးအသင်းအတွက် ချေပဂိုးသွင်းယူနိုင်သောကြောင့် နယူးကာဆယ်အသင်းက ၂ ဂိုး-၁ ဂိုးဖြင့်အနိုင်ရရှိပြီး အသင်းသမိုင်းတစ်လျှောက် နှစ်ပေါင်းများစွာဝေးကွာနေသည့် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းသည် အသင်းသမိုင်းတစ်လျှောက် ၁၉၅၅ ခုနှစ်က အက်ဖ်အေဖလားပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးနိုင်ပြီးနောက်ပိုင်းတွင် အသင်းအနေဖြင့် ချန်ပီယံဆုဖလားတစ်ကြိမ်မျှ ဆွတ်ခူးနိုင်ခြင်းမရှိတော့ဘဲ နည်းပြအက်ဟိုဝီလက်ထက်မှသာ နှစ်ပေါင်း ၇၀ အတွင်း ပထမဆုံးအကြိမ် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းသည် နည်းပြအက်ဟိုဝီမတိုင်မီက နည်းပြနှင့် ယာယီနည်းပြ စုစုပေါင်း ၄၅ ဦးအထိ အပြောင်းအလဲများလုပ်ဆောင်ခဲ့သော်လည်း အသင်းအနေဖြင့် အောင်မြင်မှုများနှင့်ဝေးကွာခဲ့ရပြီး နည်းပြအက်ဟိုဝီလက်ထက်မှသာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းသည် နည်းပြအက်ဟိုဝီလက်ထက်တွင် ကာရာဘောင်းဖလားပြိုင်ပွဲ ဗိုလ်လုပွဲသို့ နှစ်ကြိမ်တက်ရောက်နိုင်ခဲ့ကာ ၂၀၂၃ ခုနှစ်က ဗိုလ်လုပွဲတွင် မန်ယူအသင်းကိုရှုံးနိမ့်ပြီး ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရကာ ယခုနှစ်မှသာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းကိုရှုံးနိမ့်ခဲ့သည့် လီဗာပူးအသင်းသည် ပြီးခဲ့သည့်ရက်သတ္တပတ်ကလည်း ပီအက်စ်ဂျီအသင်းကိုရှုံးနိမ့်ကာ ချန်ပီယံလိဂ်ပြိုင်ပွဲမှထွက်ခွာခဲ့ရပြီး ယခုအခါတွင်လည်း ချန်ပီယံဆုလက်လွှတ်ခဲ့ရသည့်အတွက် ဆုဖလားနှစ်လုံးကို လက်လွှတ်ခဲ့ရကြောင်း သိရသည်။

Ref;Fotmob

ဆာလက်ချ်ကိုခေါ်ယူရန် အယ်နာဆာအသင်းနှင့် အယ်ဟီလယ်အသင်းတို့ အပြိုင်ကြိုးပမ်းနေ

ရီယက် မတ် ၁၇

ယခုဘောလုံးရာသီအကုန်တွင် လီဗာပူးအသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးမည့် ဆာလက်ချ်ကို ခေါ်ယူရန် ဆော်ဒီထိပ်တန်းကလပ်အသင်းနှစ်သင်းဖြစ်သည့် အယ်နာဆာအသင်းနှင့် အယ်ဟီလယ်အသင်းတို့က အပြိုင်ကြိုးပမ်းနေကြောင်း သိရသည်။

တိုက်စစ်ကစားသမား ဆာလက်ချ်နှင့် လီဗာပူးအသင်းတို့၏စာချုပ်သက်တမ်းမှာ လာမည့်ဇွန်လ အကုန်တွင်ကုန်ဆုံးမည်ဖြစ်ကာ လက်ရှိအချိန်ထိ လီဗာပူးအသင်းအနေဖြင့် ဆာလက်ချ်ကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခြင်းမရှိသေးဘဲ ကြန့်ကြာနေပြီး လီဗာပူးအသင်းအနေဖြင့် အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရရန် နီးစပ်လျက်ရှိသည်။

ဆာလက်ချ်သည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလကတည်းက လီဗာပူးအသင်းမှထွက်ခွာမည်ဖြစ်ကြောင်း သတင်းများထွက်ပေါ်ခဲ့ပြီး ဆာလက်ချ်ကိုယ်တိုင်က ဆော်ဒီကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့လိုနေခြင်းဖြစ်သည်။

ဆာလက်ချ်ကိုယ်တိုင်က အသင်းမှထွက်ခွာလိုသည့်အတွက် အယ်နာဆာအသင်းနှင့်အယ်ဟီလယ်အသင်းတို့က ကမ္ဘာ့စံချိန်တင်လုပ်ခလစာပေးချေပြီး အပြိုင်ကမ်းလှမ်းရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref;One Football

အင်းစိန်GTI ၌ EV Maintenance သင်တန်း (၁/၂၀၂၅) ဖွင့်ပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တက်ရောက်



နေပြည်တော် မတ် ၁၇

လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာအောင်ဇေယျာသည် ယနေ့ နံနက်ပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)တွင်ကျင်းပသည့် EV Maintenance သင်တန်း (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက ပြောကြားရာတွင် နိုင်ငံတော်တွင် အခြားနိုင်ငံများနည်းတူ ဖန်လုံအိမ်ဓာတ်ငွေ့များထုတ်လွှတ်သည့် ယာဉ်များသုံးစွဲမှုအစား EV သုံးစွဲမှုမှ တစ်ဆင့် လေထုနှင့်အသံညစ်ညမ်းမှုများ လျော့ချနိုင်ကာ ကျန်းမာရေးကောင်းမွန်မှု အပါအဝင် အခြားအကျိုးကျေးဇူးများကို ပြည်သူများရရှိနိုင်စေရေးနှင့် Sustainable Society ကို တည်ထောင်နိုင်ရေးတို့အတွက် ဦးဆောင်ကော်မတီက EV ကဏ္ဍဖွံ့ဖြိုးရေး မူဝါဒများကို ၂၀၅၀ ပြည့်နှစ်အထိ ချမှတ်ကာ ဆက်စပ်ဌာနများ တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယနေ့ သင်တန်းသည်လည်း ပါဝင်ကြောင်း။

နိုင်ငံတော်တွင် EV သုံးစွဲမှု မြင့်တက်လာရာ ပြည်သူများ EV ဘေးအန္တရာယ် ကင်းရှင်းစွာ သက်တမ်းပြည့် သုံးစွဲနိုင်ရေးအတွက် သင်တန်းသားများသည် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ နည်းပညာများကို အမှန်တကယ် ကျွမ်းကျင်ပိုင်နိုင်သည်အထိ လေ့ကျင့်သင်ကြားကြရန်၊ ပြင်ပ EV လုပ်ငန်းများမှ တက်ရောက်သူများသည်လည်း မိမိတို့လုပ်ငန်းခွင်ရှိနည်းပညာလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး ကြိုးစားသင်ယူကြရန်၊ နိုင်ငံတော်တွင် EV ကဏ္ဍဖွံ့ဖြိုးရေး တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် သင်တန်းသားများသည် သင်တန်းချိန်များကို တန်ဖိုးထား၍ ကြိုးစားလေ့ကျင့်ကြရန်လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်) ကျောင်းအုပ်ကြီးထံ ဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ယင်းသင်တန်းသို့ ဌာနဆိုင်ရာများမှ သင်တန်းသား ၁၀ ဦးနှင့် ပြင်ပ EV လုပ်ငန်းများမှသင်တန်းသား ၁၆ ဦးတို့ တက်ရောက်ကြပြီး သင်တန်းတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ UNR 100 ဗို့အားမြင့်မောင်းနှင်ခြင်းစနစ်၊ ဘက်ထရီနည်းပညာ၊ ထိန်းချုပ်စနစ်၊ Special Hand Tools ကိုင်တွယ်အသုံးပြုပုံ၊ ပြစ်ချက်ပြဿနာရှာဖွေခြင်းနှင့် စမ်းသပ်ခြင်း၊ Traction Battery ဖြုတ်တပ်ခြင်းနှင့် စမ်းသပ်ခြင်း၊ Electrical Power Train စနစ်ဖြုတ်တပ်ခြင်းနှင့် စမ်းသပ်ခြင်းဆိုင်ရာ လက်တွေ့လုပ်ငန်းများကို အဆင့်မြင့်သင်ထောက်ကူမော်ကျူးများဖြင့် သင်တန်းချိန် နာရီ ၉၀ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ (၅၀၀)

“ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”**အစီအစဉ်မှ **“သံဃာတော်တွေကို တစ်ပြန်တစ်လှည့်သတ်ဖြတ်လာတဲ့ အကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် ၁၉-၃-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **“တားဆီးနှောင့်ယှက်မှုများကြားမှ ပွင့်လန်းလာတဲ့ပန်းကလေးများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ မနက် ၁၀ နာရီ အချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ကြို့ပင်ကောက် မတ် ၁၇


ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြို့ပင်ကောက်မြို့နယ် ဂုမ္ဘကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးညွန့်ဇော်၊ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီသီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ ဂုမ္ဘကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ထားမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ဂုမ္ဘကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သန်းလွင်(မကွေး)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၃-၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၀၈၀	၃၀၉၅	၃၀၆၀	၃၀၉၅	၃၂၀၀	၃၂၁၅	၃၂၃၅	၃၁၅၀	၄၅၀၅	၃၄၄၅	၃၁၇၀	၃၁၈၀	၃၂၄၀	၃၂၀၅	၃၂၂၅	၃၄၈၅
95 Ron	၃၁၃၅	၃၂၅၀	၃၂၁၅	၃၁၅၀	၃၂၅၅	၃၂၇၀	၃၂၀၅	၃၂၀၅	၄၅၆၀	၃၅၀၀	၃၂၂၀	၃၂၂၅	၃၂၆၅	၃၂၆၀	၃၂၈၀	၃၄၉၅
HSD (500 ppm)	၂၆၅၅	၂၇၇၀	၂၇၃၅	၂၆၇၀	၂၇၀၅	၂၇၆၀	၂၈၁၀	၂၇၂၅	-	၃၀၂၀	၂၇၄၅	၂၇၆၅	၂၈၁၀	၂၇၈၀	၂၈၀၅	၃၀၆၀
HSD (50 ppm)	၃၂၈၅	၃၄၀၀	၃၃၆၅	၃၃၀၀	၃၄၀၅	၃၄၂၀	၃၄၄၀	၃၃၅၅	၄၈၃၀	၃၆၅၀	၃၃၇၅	၃၃၇၅	၃၄၄၀	၃၄၁၀	၃၄၃၅	၃၆၉၀
HSD (10 ppm)	၃၂၈၅	၃၄၀၀	၃၃၆၅	၃၃၀၀	၃၄၀၅	၃၄၂၀	၃၄၄၀	၃၃၅၅	-	၃၆၅၀	၃၃၇၅	၃၃၇၅	၃၄၄၀	၃၄၁၀	၃၄၃၅	၃၆၉၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၂၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၉၀၉	၃၀၀၁
95 Ron	၃၀၆၁	၃၀၅၃
HSD (500 ppm)	၂၆၉၇	၂၇၇၇
HSD (50 ppm)	၃၁၀၈	၃၂၀၀
HSD (10 ppm)	၃၁၀၈	၃၂၀၀

တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ **မတ်လ ၁၄ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်၊ ဘားအံစက်မှုဇုန်အနီး၌ မော်တော်ယာဉ် (၂၂)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃၉)မျိုး၊ လူသုံးကုန်ပစ္စည်း (၂၉)မျိုး၊ စားသောက်ကုန်ပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၆၆၇၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck (၁)စီး၊ Hino Truck (၁)စီး၊ Mitsubishi Fuso Truck (၁)စီး၊ Star Light Truck (၁)စီး၊ Dong Feng Tractor Head (၅)စီး၊ Chenglong Tractor Head (၃)စီး၊ Nissan Diesel Tractor Head (၃)စီး၊ Hino Tractor Head (၂)စီး၊ Scania Tractor Head (၂)စီး၊ Mitsubishi Fuso Tractor Head (၁)စီး၊ Howo SinoTractor Head (၁)စီး၊ Volvo Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁၈)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၄၆၇၆၂၆၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မတ်လ ၁၅ ရက်**တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရပ်စောက်မြို့နယ်၊ ဗထူးတပ်နယ်၊ မင်းကြီးသုံးပါးပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် (၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၁၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck (၁)စီး၊ Mitsubishi Fuso Truck (၁)စီး၊ Hino Ranger Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၀၀၀၀၀၀)ကိုလည်းကောင်း၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့အထွက် (၄)မိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ မိုင်းရယ်မြို့သို့မောင်းနှင်လာသည့်မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော လက်ကောက်ကွင်းကြမ်း (ဆိုဒ်ခဲနုံ) (၈၀၉)ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၈၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Foton Mini Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၃၈၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၂)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၈၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Lwin Kyaw Bus (၁)စီးနှင့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၉၈၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ **မတ်လ ၁၆ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ်၊ ရွှေဟင်္သာရပ်ကွက်၊ အမှတ် (4A, 45-1)ရှိ ဂိုဒေါင် (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၅၅၁၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မတ်လ ၁၇ ရက်**တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံဖြူဇရပ်မြို့နယ်၊ ကဒါတ်ထောက်ကျေးရွာလေ့ဆိပ်အနီး၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ပီပါ (၃၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၅၀၀၀၀၀) ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ လည်းကောင်း၊ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ် (၄)စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၅၀၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၁၄ ရက်၊ ၁၅ ရက်၊ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၆၇)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၆၄၈၁၃၀၀၀)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။


(သတင်းစဉ်)

ဖလမ်းမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းတိုက်ခိုက်မှုကြောင့် ဘုရားကျောင်းနှင့် အဆောက်အအုံများပျက်စီးခဲ့ဟု မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်ချိ

နေပြည်တော် မတ် ၁၇

ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းတိုက်ခိုက်ခဲ့မှုကြောင့် ဘုရားကျောင်းနှင့် လူနေအဆောက်အအုံများ ပျက်စီးခဲ့ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်ချိမှုများ လုပ်ဆောင်လျက်ရှိနေကြောင်း သိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများ၏ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါမြို့နယ်အတွင်း ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်အတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ပုံမှန်ဆောင်ရွက်လျက်ရှိပြီး စစ်ရေးပစ်မှတ်မဟုတ်သည့် အဆောက်အအုံများအား အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများ စိုးရိမ်ထိတ်လန့်စေရန်နှင့် အကြောက်တရား လွှမ်းမိုးစေရန် လူနေအိမ်များကို အဝေးမှ နေ၍ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်လိုသည့်အတွက် သတင်းတု၊ သတင်းမှားများဖြင့် ယခုကဲ့သို့ မဟုတ်မမှန်



ဖြန့်ချိနေခြင်းသာဖြစ်ကြောင်း သိရသည်။

(၁၀၀)

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဇော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန		https://www.moi.gov.mm
	https://www.mod.gov.mm	၄။	Myawady Webportal
၂။	ဥပဒေရေးရာဝန်ကြီးဌာန		https://myawady.net.mm
	https://www.mlis.gov.mm	၅။	Myanmar National Portal
၃။	ပြန်ကြားရေးဝန်ကြီးဌာန		https://myanmar.gov.mm

နောင်ချိုမြို့နယ်၊ အုမ္မတီးကျေးရွာအနီး တိုက်ပွဲများတွင် တပ်မတော်မှ အဆိပ်ငွေ့ဗုံးများ အသုံးပြု တိုက်ခိုက်နေကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေ

နေပြည်တော် မတ် ၁၇

နောင်ချိုမြို့နယ်၊ အုမ္မတီးကျေးရွာနှင့် အနီးဝန်းကျင်များတွင် ဖြစ်ပွားနေသည့် တိုက်ပွဲများ၌ တပ်မတော်မှ အဆိပ်ငွေ့ဗုံးများ အသုံးပြုတိုက်ခိုက်နေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများဖြင့် အများပြည်သူ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေလျက်ရှိသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းကျေးရွာနှင့်အနီးဝန်းကျင်များတွင် ခိုအောင်းလှုပ်ရှားနေသည့် အကြမ်းဖက်သမားများကို လေကြောင်းမှ တိုက်ခိုက်ခြင်းနှင့် မြေပြင်မှလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှု များပြားလျက်ရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် ထိုသို့



ထိခိုက်သေဆုံးမှုများရှိပါက တရားမဝင်ပြည်ဖျက်မီဒီယာများမှတစ်ဆင့် ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများဖြင့် မဟုတ်မမှန်လှုံ့ဆော်ရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



ဒေါ်ကြူကြူ
အသက်(၉၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဌာနရပ်ကွက်၊ အမှတ်(၂၃)၊ နံ့သာလမ်းနေ ဦးမြင့်သိန်း၏ဇနီး၊ ဒေါ်အေးအေးကြူ၊ ဒေါက်တာမြင့်လွင်-ဒေါ်မြရီတို့၏ မွေးသမိခင်၊ မောင်ဖြိုးကိုကိုမြင့်လွင်၊ မအိချောဟန်နီမြင့်လွင်နှင့် မောင်မြတ် ညဏ်ထက်မြင့်လွင်တို့၏ ဘွားဘွားကြီး ဒေါ်ကြူကြူသည် ၁၀-၃-၂၀၂၅ ရက် (တနင်္လာနေ့)မွန်းလွဲ ၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၂၅ ရက် (တနင်္လာနေ့)ညနေ ၅း၃၀ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ်(၇၆၉)၊ ၆၇×၆၈ ကြားနေ ဒေါ်ယွန်းရွှင်ထက်သာ (စ/ခအဇ (နိုင်)၀၃၆၉၇၂)ကိုင်ဆောင်သူ၏ဖခင် ဦးခင်မောင်မြင့်နှင့်ဦးခင်အောင်မြင်မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးခင်မောင်မြင့်(ခ)ဦးခင်အောင်မြင့်

တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှု(၁)ရပ်ကွက်၊ 63 လမ်း 130-131 ကြား၊ အိမ်အမှတ်(၈၆၆/၇၇)နေ ဒေါ်စင်မိကျော် ၁၃/ကမန(နိုင်) ၁၆၂၉၇၈ ကိုင်ဆောင်သူ၏မိခင် ဒေါ်အဲလုရင်နှင့် ဒေါ်နန်စီတို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်အဲလုရင်(ခ)ဒေါ်နန်စီ

ပျောက်ဆုံးကြောင်း

သူရိန်စိုး(ဘ)ဦးဆောင်းတင် ၇/၀မန(နိုင်) ၁၃၂၅၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၀၅၃၂၂၇

ပျောက်ဆုံးကြောင်း

သက်နိုထူး(ဘ)ဦးမြသောင်း ၉/တသန(နိုင်) ၂၂၈၀၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MB 184829)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၀၇၇

ပျောက်ဆုံးကြောင်း

အောင်နိုင်(ဘ)ဦးစိုးမြင့် ၁၂/မဂတ(နိုင်) ၁၀၅၁၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MD 087667)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၆၇၈၇၈၆၆

ပျောက်ဆုံးကြောင်း

ဝင်းကိုနိုင်(ဘ)ဦးတိုးသောင် ၇/သနပ(နိုင်) ၀၆၄၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၁၈၅၀၇

ပျောက်ဆုံးကြောင်း

ရန်းကိပ်(ဘ)ဦးကပ်ခိုရှိ ၄/ဖလန(နိုင်) ၀၃၆၇၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(M 891949)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၄၅၃၃၀၀၈

ပျောက်ဆုံးကြောင်း

မိုးမောက်မြို့နေ ဦးလဒီး(ဘ) ဦးကရိန်ယောဟန် ၁/မမန(နိုင်) ၀၃၂၆၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 937681)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၂၀၉၃၃၃၀

ပျောက်ဆုံးကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တောင်ရပ်ကွက်၊ ပိန္နဲကုန်းလမ်း၊ အမှတ်(၇)နေ မောင်သန်းထွန်းကျော်(ဘ)ဦးမောင်ငွေ ၁၂/မဂတ(ပြု)၀၀၁၀၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အ ကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၅၈၇၃၇

ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၄) ရပ်ကွက်၊ ဆင်းသွယ်လမ်းနေ ကြည်ကြည်နိုင်(ဘ)ဦးစိန်၀င်း ၇/က၀နန (နိုင်)၁၆၂၈၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၂၀၉၈၈၆၆

ပျောက်ဆုံးကြောင်း

ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၂) ရပ်ကွက်နေ ကိုထွန်းထွန်းနိုင်(ဘ) ဦးတင်လှ ၉/ပဥလ(နိုင်)၀၇၉၆၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(M 253544)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၆၉၅၅၅၈

ပျောက်ဆုံးကြောင်း

အိမ်မြတ်အောင်(ဘ)ဦးစိုးမြင့်အောင် ၁၂/မဂတ(နိုင်)၁၁၂၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 946547)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၆၇၁၀၅

ပျောက်ဆုံးကြောင်း

ဝင်းဝင်းကြည်(ဘ)ဦးဘိုးစံ ၇/ပခန(နိုင်) ၁၃၁၃၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၀၅၃၂၂၇

ပျောက်ဆုံးကြောင်း

ထက်ထက်ဝေ(ဘ)ဦးကျော်မိုးသိန်း ၁၂/တတန(နိုင်)၂၅၇၁၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၉၄၆၄၂၉၅

ပျောက်ဆုံးကြောင်း

မွန်မွန်အောင်(ဘ)ဦးတင်အောင်၁၂/သဃက (နိုင်)၀၀၆၄၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(883928)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၂၁၁၅၀၆

ပျောက်ဆုံးကြောင်း

ငယ်ထွန်းကြည်(ဘ)ဦးမောင်ဘသိန်း ၁၁/မပတ(နိုင်)၀၃၅၅၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၀၁၁၆၅၆

ပျောက်ဆုံးကြောင်း

အောင်နိုင်(ဘ)ဦးစိုးမြင့် ၁၂/မဂတ(နိုင်) ၁၀၅၁၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MD 087667)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၆၇၈၇၈၆၆

ပျောက်ဆုံးကြောင်း

ဖေသင်းနွယ်(ဘ)ဦးခင်မောင်ရှိန် ၉/မလန (နိုင်)၀၀၄၄၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၆၇၁၀၀၀၃

ပျောက်ဆုံးကြောင်း

ချစ်စုစိုး(ဘ)ဦးတိုးကြွယ် ၁၂/ဒဂတ(နိုင်) ၀၆၃၈၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MA 161055)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၈၃၅၅၃၉၄

ပျောက်ဆုံးကြောင်း

ထက်ချစ်လင်း(ဘ)ဦးမြင့်ဇွေ ၈/ရစက(နိုင်) ၂၂၇၇၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(ME 801006)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၉၆၅၁၀၁၀၇

ပျောက်ဆုံးကြောင်း

ဖွေးအိလှိုင်(ဘ)ဦးအောင်ဝင်း ၁၃/ဆဆန (နိုင်)၁၃၄၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 685995)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၄၀၁၁၄၉၉၉၉

ပျောက်ဆုံးကြောင်း

ကျင်ထွန်(ဘ)ဦးဘရီ ၇/သဝတ(နိုင်) ၀၆၅၄၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၅၇၇၂၀

ပျောက်ဆုံးကြောင်း

ဝင်းကိုနိုင်(ဘ)ဦးတိုးသောင် ၇/သနပ(နိုင်) ၀၆၄၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၁၈၅၀၇

ပျောက်ဆုံးကြောင်း

အောကာမင်းထွဋ်(ဘ)ဦးနေမင်းလတ် ၁၂/မဂတ(နိုင်)၁၁၃၀၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 163277)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၂၁၁၁၀၉၄

ပျောက်ဆုံးကြောင်း

အီကီယာ(ဘ)ဦးဆရက်ဒိုစွန် ၁၀/ကမရ(နိုင်) ၂၀၃၃၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၉၆၆၀၀၂၅

ပျောက်ဆုံးကြောင်း

ရဲထွဋ်လှိုင်(ဘ)ဦး၀င်းလှိုင် ၁၂/ဒဂမ(နိုင်) ၀၀၆၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MG 205693)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၁၁၄၁၁၇၁

ပျောက်ဆုံးကြောင်း

ခင်မေလတ်(ဘ)ဦးသန်းစိုး ၁၃/နမတ(နိုင်) ၀၄၉၂၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(ME 075364)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၄၅၂၃၃၅

ပျောက်ဆုံးကြောင်း

ရန်းကိပ်(ဘ)ဦးကပ်ခိုရှိ ၄/ဖလန(နိုင်) ၀၃၆၇၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(M 891949)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၄၅၃၃၀၀၈

ပျောက်ဆုံးကြောင်း

ခင်မောင်ထင်(ဘ)ဦးမောင်ကျော် ၁၂/သဃက (နိုင်)၀၆၄၁၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၂၈၉၈၂၉၂

ပျောက်ဆုံးကြောင်း

ရဲဝင်းထွဋ်(ဘ)ဦးအုန်းဌေး ၁၄/မအန(နိုင်) ၂၇၂၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(ME 183381)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၈၂၇၉၀၃၂

ပျောက်ဆုံးကြောင်း

မောင်ကွမ်းကျိုး(ဘ)ဦးရှောက်၀မ် ၁၃/လရန(နိုင်)၂၆၉၂၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

ပျောက်ဆုံးကြောင်း

ပန်းတောင်းမြို့နယ်၊ ကျွန်းကလေး၊ ကျွန်းမီးအုပ်စုနေ အေးစည်သူ(ဘ) ဦးသိန်း၀၉း ၇/ပတန(နိုင်)၁၃၈၆၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

ပျောက်ဆုံးကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ သက်ရက်နှစ်ခွ ရွာနေ မဖြူဖြူအေး(ဘ)ဦးစိုးသောင်း ၆/သရခ(နိုင်)၁၁၄၂၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အ ကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၈၈၅၄၃၅

ပျောက်ဆုံးကြောင်း

မိုးမောက်မြို့နေ ဦးလဒီး(ဘ) ဦးကရိန်ယောဟန် ၁/မမန(နိုင်) ၀၃၂၆၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 937681)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၂၀၉၃၃၃၀

ပျောက်ဆုံးကြောင်း

တန့်ယန်းမြို့၊ ရပ်ကွက်(၁)နေ စိုင်းမောင်(ဘ)ဦးသန်းလူ ၁၃/တယန (နိုင်)၀၃၉၃၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 520700)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၂၀၅၅၈၄၁၀၇

ပျောက်ဆုံးကြောင်း

သနပ်ပင်မြို့နေ နိုင်မင်းဝေ(ဘ) ဦးတင်မင်းဆွေ ၇/သနပ(နိုင်) ၁၁၇၇၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

ပျောက်ဆုံးကြောင်း

မရမ်းကုန်းမြို့နယ်၊ မင်းရဲကျော်စွာ လမ်း၊ အမှတ်(၁၈၁)နေ စိုင်းစိုးသန်း(ဘ) ဦးအိုက်ထွန်း ၁၃/နဆန(နိုင်)၀၄၅၂၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

ပျောက်ဆုံးကြောင်း

ကျောက်တံခါးမြို့၊ ကုန်းလည်ရိုး ကျေးရွာနေ မခင်သွယ်(ဘ)ဦးထွန်းရင် ၇/ကတခ(နိုင်)၀၅၇၈၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၅၃၃၅၂၈၁

ပျောက်ဆုံးကြောင်း

နေပြည်တော်ပုဗ္ဗသီရိမြို့နယ်သပြေစမ်း အုပ်စု သပြေစမ်းကျေးရွာနေ အဘဦးတင်၀င်း၏သား မောင်စိုးသက်ဦး ၉/တကန (နိုင်)၀၆၆၇၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 376258)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၂၉၇၄၃၀၆

ပျောက်ဆုံးကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တောင်ရပ်ကွက်၊ ပိန္နဲကုန်းလမ်း၊ အမှတ်(၇)နေ မြိုးသန္တာအောင်(ဘ)ဦးမောင်ငွေ ၁၂/မဂတ (ပြု)၀၀၁၀၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအ ကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၅၈၇၃၇

ပျောက်ဆုံးကြောင်း

ဖေမျူသီရိမြို့၊ အောင်ဇမျူရပ်ကွက်၊ နယ်မြေ(၇/၂)နေ ယဉ်မောင်ထွန်း(ဘ) ဦးသန်းမြင့် ၅/ရဘန(နိုင်)၁၃၉၇၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၀၃၁၅၀၃

ပျောက်ဆုံးကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တောင်ရပ်ကွက်၊ ပိန္နဲကုန်းလမ်း၊ အမှတ်(၇)နေ မျိုးသန္တာအောင်(ဘ)ဦးမောင်ငွေ ၁၂/မဂတ (ပြု)၀၀၁၀၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအ ကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၅၈၇၃၇

ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၄) ရပ်ကွက်၊ ရွှေမြဝတီစျေးလမ်းနေ နန်းစုစုလှိုင်(ဘ)ဦးမောင်သောင်း ၃/မဝတ(နိုင်) ၀၂၂၃၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိကအ ကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၆၁၁၅၁၁၇

ပျောက်ဆုံးကြောင်း

ဌေးမြင့်(ဘ)ဦးဝမ်ရှောက်ပေါင် ၁၃/လရန (နိုင်)၂၄၈၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 428294)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

ပျောက်ဆုံးကြောင်း

ဝင်းမင်း(ဘ)ဦးတင်စိုး ၁၂/တမန(နိုင်) ၁၃၈၃၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

ပျောက်ဆုံးကြောင်း

ဟန်လင်းထွန်း(ဘ)ဦးသန်းထွန်း ၇/သနပ (နိုင်)၁၃၄၄၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

ပျောက်ဆုံးကြောင်း

တပ်ကုန်းမြို့၊ ဘုရင့်နောင်ရပ်ကွက်နေ မတင်တင်နိုင်(ဘ)ဦးတင်ဝင်း ၉/တကန (နိုင်)၁၀၁၁၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 819644)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၃၅၃၃၈၀၄၆

ပျောက်ဆုံးကြောင်း

ရန်မျိုးသိန်း(ဘ)ဦးမောင်မောင်ရိုင်း ၁၂/သက တ(နိုင်)၁၅၃၈၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၁၅၁၄၀၁၀

ပျောက်ဆုံးကြောင်း

ဝင်းမင်းဦး(ဘ)ဦးတင်စိုး ၁၂/တမန(နိုင်) ၁၃၈၃၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်၊ နယ်မြေ(၁၂)၊ သီရိလမ်းနေ၊ အရှေ့လားသော် ဦးကျော်ရှိန်နေအိမ်၊ အနောက်လားသော် လမ်း၊ တောင်လားသော် ဦးကြည်ရှိန် နေအိမ်၊ မြောက်လားသော် ဦးနီနေအိမ်၊ ၎င်းအလားလေးရပ်အတွင်းရှိ မြေကွက်တွင် ဦးထွန်းထွန်းဦး(၁၂/ဥကမ(နိုင်) ၀၃၈၇၂၃)ကိုင်ဆောင်သူမှ(အလျား ၃၅'-၀"x အနံ ၁၈'-၀") Steel Structure (၁)ထပ် အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင် တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့

စာပေမြင့်မှ
လူမျိုးတင့်မည်

အလိမ္မာစာမှာရှိ

❖ တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ တည်ငြိမ်အေးချမ်းမှုရှိပြီး ပြည်သူပြည်သားများအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက် နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လှုပ်ရှားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဃ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗဟုဝါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁)သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ကျင်းပပြုလုပ်



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

နေပြည်တော် မတ် ၁၇

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများပြောကြားကြသည်။

စာမျက်နှာ ၁၆ သို့ ❐

အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၄၀၀ ဦးနှင့် သီရိလင်္ကာနိုင်ငံသား ၁၄ ဦး၊ စုစုပေါင်း ၄၁၄ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၆၆ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

စာ - ၂၄ သို့

တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်း တင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

စာ - ၃၀ သို့

